www.burmeseclassic.com


BURMESE CLASSIC

# သောရတိ ဒေသနာ

ဓမ္မာစရိယဦးဌေးလှိုင်

www.burmeseclassic.com

www.burmeseclassic.com



# ထေရဝါဒ ဒဿန

ဓမ္မာစရိယဦးဌေးလှိုင်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စာမူခွင့်ပြုချက်အမှတ် (၆၀၀၁၉၈၀၃၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၆၀၀၂၀၀၀၄၁၁)

ပုံနှိပ်ခြင်း – ပထမအကြိမ်
၂၀၁၁ ခုနှစ်၊ မတ်လ
အုပ်ရေ – ၁၀၀၀
တန်ဖိုး –
ထုတ်ဝေသူ – ဒေါ်ကြင်မြင့် (မြ–၀၂၀၀၉)
ဗုဒ္ဓအသံစာပေ
၁၉ (စ)၊ မြစပါယ်လမ်း၊ ၈ ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ – တိုက်ဂါးအော့ဖ်စက်
ဦးလှချို (မြ ၀၂၄၈)
၁၆၁၊ နှင်းဆီဝါလမ်း၊ ၃၀ ရပ်ကွက်၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်
ဖုံး – ၅၆၀၈၉၂/၀၉၇၃၀၃၂၃၅၄
ဖြန့်ချိရေး – ဗုဒ္ဓအသံစာပေ
၁၉ (စ)၊ မြစပါယ်လမ်း၊ ၈ ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုံး – ၆၆၅၂၁၁

www.burmeseclassic.com

www.burmeseclassic.com

ဟောပြောသည့်နေရာ

မင်္ဂလာဗျူဟာအသင်း

ရှင်သာမဏေ ဓမ္မဗိမာန်

www.burmeseclassic.com

www.burmeseclassic.com

ထေရဝါဒကို

လက်ခံကျင့်သုံးနေသော

ပုဂ္ဂိုလ်တိုင်းသည်၊ (သို့) နိုင်ငံသည်

အကြွင်းမဲ့

စီးပွားဖြစ်ထွန်းတဲ့

နိုင်ငံဖြစ်ရမည်။

အကြွင်းမဲ့

ကိုယ်စိတ်နှလုံး ချမ်းမြေ့တဲ့

နိုင်ငံဖြစ်ရမည်။

အကြွင်းမဲ့

ကိုယ်စိတ်နှလုံး ချမ်းမြေ့တဲ့

နိုင်ငံသား ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | လွှယ်လွန်း၍ခက်ရသည်. . . | ၁၅ |
| | နှစ်ပေါင်း ၄၀-ကျော်က သမိုင်းသံယောဇဉ် | ၂၉ |
| | အကြွင်းမဲ့ ပေးစွမ်းနိုင်ပါ၏လော | ၃၅ |
| | တစ်ခုခု မှားများနေသလား | ၄၁ |
| | ပျားရည်စစ်လျှင် ခွေးမစား | ၄၄ |
| | တကယ့်လိုအပ်ချက် ဟုတ်ရဲ့လား | ၄၆ |
| | ပျားရည်ကတော့ အစစ်ပါ | ၄၇ |
| | ဆိုရိုးဆိုစဉ် ဘာသာဝင်တွေဖြစ်နေကြ | ၄၉ |
| | ဗုဒ္ဓဘာသာဆိုတာ နည်းပညာတဲ့ | ၅၁ |
| | ကမ္ဘာလှည့်ဘုရားဖူးတဲ့ ယောဂီထူး | ၅၅ |
| | သတင်းပေးတာပါ | ၅၉ |


www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ကန္တီနည်းအမွေရ ဖားအောက်တောရဆရာတော် | ၆၃ |
| နက်ရှိုင်းလွန်းအားကြီး | ၆၆ |
| နည်းမျိုးစုံ အားထုတ်ခဲ့ရ | ၆၈ |
| မခင်သိန်းကိုပေးတဲ့နည်း | ၇၀ |
| ကိုယ်တိုင်ဝန်ခံလာရလိမ့်မယ် | ၇၉ |
| အဟုတ်မယုံခဲ့လို့ | ၈၀ |
| ဟောပြောသူနှင့် နာယူသူတို့၏ | |
| အမေးအဖြေကဏ္ဍ ------ | ၈၃ |
| မေးခွန်းလွှာ နံပါတ်(၁) နှင့် အဖြေ | ၈၇ |
| မေးခွန်းလွှာ နံပါတ်(၂) နှင့် အဖြေ | ၉၃ |
| မေးခွန်းလွှာ နံပါတ်(၃) နှင့် အဖြေ | ၁၀၃ |
| မေးခွန်းလွှာ နံပါတ်(၄) နှင့် အဖြေ | ၁၀၉ |
| မေးခွန်းလွှာ နံပါတ်(၅) နှင့် အဖြေ | ၁၁၇ |
| မေးခွန်းလွှာ နံပါတ်(၆) နှင့် အဖြေ | ၁၃၇ |
| မေးခွန်းလွှာ နံပါတ်(၇) နှင့် အဖြေ | ၁၄၉ |
| မေးခွန်းလွှာ နံပါတ်(၈) နှင့် အဖြေ | ၁၅၃ |
| မေးခွန်းလွှာ နံပါတ်(၉) နှင့် အဖြေ | ၁၅၉ |


www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းလွှာ နံပါတ်(၁၀) နှင့် အဖြေ ၁၆၇
မေးခွန်းလွှာ နံပါတ်(၁၁) နှင့် အဖြေ ၁၇၃
မေးခွန်းလွှာ နံပါတ်(၁၂) နှင့် အဖြေ ၁၈၁
မေးခွန်းလွှာ နံပါတ်(၁၃) နှင့် အဖြေ ၁၈၅
မေးခွန်းလွှာ နံပါတ်(၁၄) နှင့် အဖြေ ၁၉၁
မေးခွန်းလွှာ နံပါတ်(၁၅) နှင့် အဖြေ ၁၉၇
မေးခွန်းလွှာ နံပါတ်(၁၆) နှင့် အဖြေ ၂၀၃
မေးခွန်းလွှာ နံပါတ်(၁၇) နှင့် အဖြေ ၂၁၃
မေးခွန်းလွှာ နံပါတ်(၁၈) နှင့် အဖြေ ၂၁၉
မေးခွန်းလွှာ နံပါတ်(၁၉) နှင့် အဖြေ ၂၂၅
မေးခွန်းလွှာ နံပါတ်(၂၀) နှင့် အဖြေ ၂၃၉
မေးခွန်းလွှာ နံပါတ်(၂၁) နှင့် အဖြေ ၂၄၉


မာတိကာ ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒ ဗုဒ္ဓသာသနာပြု
ဆရာကြီး ဓမ္မာစရိယဦးဒွေးလှိုင်

www.burmeseclassic.com

www.burmeseclassic.com



၃ - နှစ်သမီးအရွယ်မှစ၍ မျက်စိနှစ်ကွင်း
အလင်းမရသော်လည်း မွေးစကွရသူ
ယောဂီ ဒေါ်ခင်သိန်း (၄၂ - နှစ်)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့

ပြည့်ပြည့်ဝဝ

စီးပွား မပြစ်ထွန်းသေးဘူး ဆိုရင်

တစ်ခုခု လိုနေလို့ပဲ။

စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု

မရှိဘူးဆိုရင်

တစ်ခုခု လိုနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## လွယ်လွန်း၍ ခက်ရသည် . . .

ဆန်းကြယ်လျှင် အံ့ဖွယ်ဖြစ်သည်ဟု ဆိုကြသည်။ ထူးထူးဆန်းဆန်းမှ သတင်းထူးဆိုပြီး သူဦး ငါဦး အလုအယက် ဖတ်ရှုကြသည်။ ကြာလာတော့ သတင်းထူးသည်လည်း ဘာမျှမထူး၊ ဘာမျှမဆန်း ဖြစ်သွားပြန်သည်။ လောကလူသားတို့အဖို့ ဘဝရပ်တည် ရှင်သန်ရေးအတွက် လှုပ်ရှား ရုန်းကန်နေကြရသဖြင့် သတင်းထူးဟု ဆိုလျှင် နားစွင့်လေ့ရှိကြသည်မှာ ဓမ္မတာပင်။

ယနေ့ ကမ္ဘာတစ်လွှား ရေပန်းစားနေသော UFO ခေါ် ပန်းကန်ပြားပျံများ တွေ့စအချိန်က အလွန်တရာ ထူးခြားဆန်းကြယ်သော ကမ္ဘာ့အံ့ဖွယ် တစ်ခုအဖြစ် စိတ်ဝင်တစား ရှိခဲ့ကြသည်။ ကမ္ဘာ့နေရာ အနှံ့အပြား၌လည်း ထိုပန်းကန်ပြားပျံ သတင်းများ ပလူပျံနေခဲ့သည်။ ပန်းကန်ပြားပုံသဏ္ဍာန်နှင့် တူညီနေသည့် ယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုးဖြစ်၍ မြန်မာတို့က ပန်းကန်ပြားပျံဟု တင်စားခေါ်ဝေါ် ခဲ့ကြသည်။

## မြိတ်မြို့ပေါ်က

၁၉၅၂ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ နံနက် (၁၀ း ၀၀) နာရီ သာသာ အချိန်ခန့်တွင် မြန်မာနိုင်ငံ၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြိတ်မြို့တွင် ထူးဆန်းသော ယာဉ်ကြီးတစ်စင်း တောင်မှ မြောက်ဘက်သို့ အလွန်လျင်မြန်သောနှုန်းဖြင့် ဖြတ်သန်းသွား ပြီးနောက် အထက်သို့ ပျံတက် ပျောက်ကွယ်သွားသည်။ စက်သံများ လုံးဝ မကြားရ။ ကောင်းကင်ကြီးမှာလည်း အပြာရောင် တောက်ပ လျက် ကြည်လင် သန့်စင်လျက်ရှိသည်။ ဘဲဥပုံ လုံးလုံး ရှည် မျောမျော ဖြစ်သည်။ အဆိုပါ ယာဉ်သည် လေထုအတွင်း အဟုန် ပြင်းပြင်း လျင်မြန်စွာ ပျံသန်းသွားရာ အဖြူရောင် မီးခိုး တန်းကြီးကလည်း တိမ်ပြာရောင်နောက်ခံတွင် အထင်းသား ကျန်ရစ်နေခဲ့သည်။

ယင်းအဖြစ်အပျက်ကို တစ်ဦးတစ်ယောက်တည်းက မြင်တွေ့ ရခြင်းမျိုး မဟုတ်ဘဲ မြိတ်မြို့သူမြို့သား အများအပြား ကိုယ်တွေ့

www.burmeseclassic.com

www.burmeseclassic.com



မျက်မြင် ကြုံကြရခြင်း ဖြစ်သည်။ အချိန်ကောင်း အခြေအနေကောင်းဖြစ်၍ လမ်းသွားလမ်းလာ အတော်များများတို့ မြင်တွေ့ကြရသည်။ ဂျက်လေယာဉ်လည်း မဟုတ်၊ ဥက္ကာပျံလည်း မဟုတ်သဖြင့် ကမ္ဘာပေါ် ခေတ်စားနေသော ပန်းကန်ပြားပျံသာ ဖြစ်ရမည်ဟု ထင်ကြေးပေးခဲ့ကြသည်။ တချို့က အဟုန်ပြင်းပြင်း ပျံသန်းသွားသော ထိုယာဉ်ပျံအား အပြေးအလွှား ထွက်ကြည့်ကြသည်။ ဈေးသူဈေးသားတို့လည်း ကြောက်လန့်တကြား ထွက်ပြေးသူက ပြေးသည်။

ထူးထူးခြားခြား ထိုယာဉ်ဆန်းကြီးကို မြိတ်မြို့ပေါ်တွင် ပထမဦးဆုံးအကြိမ် မြင်ရခြင်းဖြစ်သော်လည်း၊ တုံးပျောရွာ လူတစ်စုကမူ ဇွန်လ ၂၇ ရက်နေ့ကတည်းကပင် မြင်တွေ့ရကြောင်း သတင်းဖြစ်ပေါ်ခဲ့ဖူးသည်။ (မြန်မာ့အလင်းသတင်းစာ၊ ၃- ၉- ၁၉၅၂ နေ့ ကောက်နုတ်ချက်။)

## ဆန်းသော်လည်း မဆန်း

နောက်ပိုင်းတွင်မူ ကမ္ဘာ့နိုင်ငံများတွင်သာမက မြန်မာနိုင်ငံဒေသအသီးသီးတို့၌လည်း ပန်းကန်ပြားပျံများ ကြိုးကြားကြိုးကြား တွေ့မြင်ကြရသည်။ ရာသီဥတု ကောင်းမွန်သာယာပြီး အချိန်ကောင်းတွင်သာ ကြည့်ရှုမိကြသဖြင့် တွေ့ကြခြင်းဖြစ်သော်လည်း ညည့်အချိန်

www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစော ရာသီဥတု ဆိုးဝါးသောအချိန် စသည်တို့တွင်လည်း ထိုအဖြစ်မျိုး ရှိနိုင်ပေသည်။ သို့သော် မည်သူမျှ သတိပြုမိကြလိမ့်မည် မဟုတ်ချေ။

ဥက္ကာပျံ၊ ကြယ်ပျံ၊ ဂြိုဟ်ပျံ၊ ပန်းကန်ပြားပျံ စသည့် အမည်အမျိုးမျိုးတို့ဖြင့် အာကာသအတွင်း အလင်းတန်းများ ဖြစ်ပေါ်ခဲ့သော်လည်း လောကလူသားတို့အတွက် ကောင်းကျိုး ဆိုးကျိုးကို မဖြစ်ပေါ်စေနိုင်ပါ။ သဘာဝ၏ ဆန်းကြယ်မှုတစ်ခုသာဖြစ်၍ ဆန်းသော်လည်း မဆန်း ဟူ၍သာ ဆိုရလိမ့်မည်။

ဗေဒင်နက္ခတ်ကျမ်းတို့၏ အဆိုအရ လူတို့၏ ကောင်းကျိုးဆိုးပြစ်များ ဖြစ်ပေါ်နိုင်သည်ဟု ဆိုသော်လည်း၊ ဘုရားရှင်ကမူ သတ္တဝါဟူသမျှ မိမိကုသိုလ် အကုသိုလ်ကံများကသာ အကျိုးပေးနိုင်ကြောင်း မိန့်ကြားတော်မူခဲ့သည် မဟုတ်ပါလော။ (ကမ္မံ သတ္တေ ဝိဘဇတိ = သတ္တဝါအများ ဆင်းရဲချမ်းသာ ဖြစ်ဖို့ ကံ (အလုပ်) တရားက ပိုင်းခြား ဝေဖန် ဆုံးဖြတ်ပေး၏။) (မ ၊ ၃ ၊ ၂၄၄)

## ပြည်ကြီးသားတို့ထံမှောက် ရောက်လာသော ပန်းကန်ပြားပျံကြီးများ

၂၀၁၀ ပြည့်နှစ် မတ်၊ ဧပြီ၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ လများတွင် တရုတ်နိုင်ငံ ပြည်နယ်အသီးသီးရှိ

www.burmeseclassic.com

www.burmeseclassic.com



မြို့များ၌ ပန်းကန်ပြားပျံများ မြင်တွေ့ကြရသည်။ လုံးဝန်းသည့် သဏ္ဌာန်ရှိပြီး အလင်းများ အတန်းလိုက် ထွက်ပေါ်နေသည်။ အဝါရောင် အလင်းတန်းကြီးကို ရှေ့ဖျားမှာ တွေ့ရပြီး၊ နောက်မြီး၌ အစိမ်းရောင် အလင်းတန်း ထွက်ပေါ်နေသည်။ ကောင်းကင်ယံ၌ အလွန်လင်းလက်တောက်ပသော အရာဝတ္ထု နှစ်ခုအဖြစ် မြင်တွေ့ကြရသည်။ အချို့မှာ ခပ်ပြားပြား ပုံသဏ္ဌာန်ရှိသည်။ အရှေ့အရပ်သို့ ဖြည်းညင်းစွာ ပျံသန်းသွားသည့် တောက်ပ လုံးဝန်းသည့် အရာဝတ္ထု တစ်ခု ပျံသွားရာ၊ အလင်းတန်းကြီးတစ်ခု အမြီးတန်းလျက် ကျန်ရစ်ခဲ့သည်။ လေကြောင်းခရီးစဉ်အချို့ ပိတ်လိုက်ရသည်လည်း ရှိသည်။

အဆိုပါဖြစ်ရပ်များအား အချို့က ဓါတ်ပုံ၊ ဗီဒီယိုပါ ရိုက်ကူးနိုင်ခဲ့ကြသည်။ အချို့က လျှပ်တစ်ပြက်သာ မြင်လိုက်ရပြီး ပျောက်ကွယ်သွားကြသည်။ တရုတ် သိပ္ပံအကယ်ဒမီဌာနမှ နက္ခတ္တဗေဒ ပညာရှင်များက နေရောင်ခြည်တန်းနှင့် လျှပ်စီးလက်ခြင်းများ၏ အလင်းယိုင်မှုကြောင့် ဖြစ်နိုင်ကြောင်း ပြောဆိုခဲ့ပြီး၊ အချို့မှာ ဉက္ကာခဲ ဖြစ်နိုင်ကြောင်းနှင့် ဒုံးကျည်တစ်စင်း ဖြစ်နိုင်ဖွယ်ရှိကြောင်း အဖြေပေးခဲ့သည်။

တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော ၂၀၁၀ ပြည့်နှစ် ထိပ်တန်းဖြစ်ရပ် ၁၀ ခုအဖြစ် Xinhur သတင်းဌာနက မှတ်တမ်းတင်ထားသည်။ (ပြည်မြန်မာဂျာနယ် ၂၉. ၁၂. ၂၀၁၀)

www.burmeseclassic.com

www.burmeseclassic.com



## ပျက်စီးရန် အသင့်ဖြစ်နေသော ကမ္ဘာကြီး

ဆန်းကြယ်သော ကမ္ဘာကြီး၊ ဖန်လုံအိမ်အာနိသင်တို့ကြောင့် တဖြည်းဖြည်း ယိုယွင်းလာသော ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီး၊ ရေကြီး၊ မီးလောင်၊ ဆူနာမီ၊ နာဂစ်၊ ဂိရိ မုန်တိုင်းများ၊ မြေပြို၊ မီးတောင်ပေါက်ကွဲ၊ ငလျင်လှုပ်၊ အနုမြူဓါတ်ပေါင်းဖိုထဲက ဓာတုပစ္စည်းများ ပျံ့လွင့်၊ လူနှင့် တိရစ္ဆာန်တို့၏ အစားအစာထဲ သဘာဝမဟုတ်သော ဓာတုပစ္စည်းများ ရောနှောပါဝင်၊ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လောင်စာဆီတွေ ယိုဖိတ်၊ တောတောင်ရေမြေများ သဘာဝသယံဇာတ ရှာဖွေ တူးဖော်မှုတို့ကြောင့် မရှုမလှ ပျက်စီး၊ အသက်အိုးအိမ် စည်းစိမ်တွေ ဆုံးရှုံး၊ ကမ္ဘာ့လူသတ်ပွဲကြီးများ တရားဝင် ပြုလုပ်၊ ကမ္ဘာဖျက် လက်နက်ဆန်းကြီးများ အပြိုင်အဆိုင် တီထွင် . . . စသော စသော လူသားတို့၏ လွန်လွန်ကဲကဲ အတ္တပိတ်ဖုံးမှုတို့ကြောင့် ပျက်စီးရန် အဆင်သင့်ဖြစ်နေသော ကမ္ဘာကြီး၊ မီးလောင်တိုက် အသွင်းခံရန် ငံ့လင့်နေသော ကမ္ဘာကြီး၊ စက္ကန့်ပိုင်းအတွင်း ပျက်စီး ကြေမွသွားနိုင်သော ကျွန်ုပ်တို့ကမ္ဘာကြီး။ သန်းပေါင်းများစွာသော လူသားအပါအဝင် သက်ရှိသတ္တဝါများစွာတို့ သေပျောက် ပျက်စီးမှု များပြားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးအမည် ဖော်ရခက်သော ရောဂါမျိုးစုံတို့နှင့်အတူ AIDS တိုက်ဖွိုက်၊ ကင်ဆာ၊ တီဘီ၊ ငှက်ဖျား၊ နှလုံးရောဂါ၊ စိတ်ကျရောဂါ၊ သွေးတိုးရောဂါ စသော ရောဂါ ဝေဒနာအဖုံဖုံ တို့ကလည်း အလဲထိုးဖို့ အသင့် နေရာယူနေကြပေပြီ။

## ကျေးဇူးအထူးတင်ရ

မတိုးတက်ရဟု မဆိုလိုပါ။ တိုးတက်ပါ၊ တီထွင်ပါ၊ ကြံဆပါ။ လူသားအကျိုးပြု ပတ်ဝန်းကျင် သာယာမှုနှင့် ကမ္ဘာကြီး ကျန်းမာဖို့ နည်းမျိုးစုံ တီထွင် စမ်းသပ် ကြံဆရပါမည်။ အသိအမြင်များအား ကမ္ဘာ့လူသားများနှင့် အတူ မျှဝေ ခံစားကြရပါမည်။ ထူးတိုင်း သတင်းမဟုတ်သလို၊ သတင်းတိုင်းလည်း ထူးကြသည် မဟုတ်ပါ။

ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်သည် ဉာဏ်ပညာနှင့် ဝီရိယ အလွန် အားကောင်းသော သာသနာပြု ပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်ကြောင်း စာဖတ်သူများ သိရှိကြပြီး ဖြစ်သည်။ မိတ်ဆက်ပေးရန် မလိုသော ထေရဝါဒ ဓမ္မစာရေးဆရာကြီး တစ်ဦးအဖြစ်သာမက၊ သာသနာရေးဆိုင်ရာ နိုင်ငံ့တာဝန်ကြီးများကို ကွယ်လွန်ချိန်ထိ မနားတမ်း စေတနာပါပါ ဇွဲရှိရှိ စွန့်လွှတ် အနစ်နာခံပြီး ဆောင်ရွက် ခဲ့သူ ဖြစ်သည်။ ဆရာကြီး ရေးသား ဟောပြောသမျှသော စာပေ

www.burmeseclassic.com

www.burmeseclassic.com



စကားတို့မှာလည်း အတိုအထွာမှစ၍ မှတ်သားစရာ ကောင်းသည်နှင့်အမျှ လွန်စွာ တန်ဖိုးရှိလှပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်ရိပ်အောက်၌ တည်ရှိသော မင်္ဂလာဗျူဟာအသင်းချုပ်ကြီးမှ သာသနာ့ဝန်ဆောင်လူကြီးမင်းများ ဦးဆောင်လျက် ရှင်သာမဏေ ဓမ္မဝိမှာန်ကြီး၌ ဓမ္မစာပေဟောပြောပွဲများ မကြာခဏ ကျင်းပ ပြုလုပ်ခဲ့ကြသည်။ နိုင်ငံတစ်ဝန်းရှိ ဩဇာတိက္ကမ ထင်ရှားကျော်ကြားသော ဆရာတော်ဘုရားကြီးများနှင့် ဓမ္မစာပေပညာရှင်များအား ပင့်ဆောင် ဖိတ်ကြားကာ ဟောပြော နာယူခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်၏ ဖိတ်ခေါ် ချက်အရ ဤအမှာစာရေးသူလည်း လိုက်ပါ နာယူခွင့် ရရှိခဲ့ပါသည်။ ဟောပြောပွဲ အစမှ အဆုံးတိုင် ကြည်နူးမှု ပီတိအဖုံဖုံဖြစ်ခဲ့ရသည်။ ကိုယ်တိုင်ပင် အသံ ဖမ်းယူခဲ့သည်။ တိတ်ခွေကုန်သွား၍ အဆုံး မတိုင်ခဲ့ပါ။ ကျန် အပိုင်းအချို့ကို မင်္ဂလာဗျူဟာအသင်းချုပ်ကြီးမှ ကူးယူထားသည့် တိတ်ခွေမှ ထပ်မံ ကူးယူခဲ့ရခြင်းဖြစ်၍ လွန်စွာပင် ကျေးဇူး အထူးတင်ရပါသည်။

## သတင်းပေးချင်လို့

ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်က အပိုအလိုမရှိ ဟောပြောသွားရာ ပရိသတ်များ စိတ်ပါဝင်စား နာယူကြသည်။ သံဃာတော်

www.burmeseclassic.com

www.burmeseclassic.com


အရှင်သူမြတ်များလည်း တက်ရောက် အားပေးကြသည်။ မင်္ဂလာဗျူဟာ အသင်းသူ အသင်းသားများလည်း တက်ရောက် နာယူကာ လိုအပ်သော ဝေယျာဝစ္စများ ကူညီ ဆောင်ရွက်ကြသည်ကို မျက်မြင် တွေ့ခဲ့ရသည်။ ထေရဝါဒနှင့်ပတ်သက်၍ ဆရာကြီး၏ ခံယူချက် သဘောထား အပြည့်အစုံကို နာကြားခွင့် ရကြသည်။

ဆရာကြီးက -

'သတင်းပေးချင်လို့ပါ' - ဟု ဓမ္မမိတ်ဆွေများအား ပြောကြားခဲ့သည်။ မြန်မာနိုင်ငံနှင့် ကမ္ဘာ့လူသားများ အတွက် ကောင်းကျိုး မင်္ဂလာ ဖြစ်စေမည့် လွယ်ကူသက်သာ ချမ်းသာရေးလမ်းစဉ်များကို ကိုယ်တွေ့ ဟောပြောရင်း၊ ဘဝအလင်းအတွက် ဓမ္မသတင်း ပေးခဲ့ခြင်းဖြစ်သည်။ တွက်လို့ မရဘူး၊ အဖြေရှာလို့ မရဘူး၊ သဲလွန်စပျောက်သွားပြီ . . စသော ကမ္ဘာ့ရေးရာ ပြဿနာ အဖုံဖုံတို့မှာ မြတ်ဗုဒ္ဓ၏ ဓမ္မဒဿနနည်းဖြင့်သာ အဖြေ ရှာတွေ့နိုင်မည်ဖြစ်သည်။ ရှင်သာရိပုတ္တရာ၏ ရှာကျသော မိုးရေပေါက်တို့ကို ရေတွက်နိုင်စွမ်း ရှိသော ပညာဉာဏ် ကြီးမားမှုနှင့် မိုးရေချိန်လက်မဖြင့် တိုင်းတာသော သိပ္ပံပညာ နိယာမ သဘောတရားတို့က ကမ္ဘာ့လူသားများအား ကောင်းကျိုးပြုနိုင်ခဲ့ပြီ။ ခုတော့လည်း လွယ်လွန်း၍ ခက်ခဲခဲ့ကြရသည် မဟုတ်လော။ အခက်ခဲဆုံးသည် အလွယ်ကူဆုံးအဖြေ ဖြစ်နေသည်ကို ထေရဝါဒဒဿနက ပြသနိုင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောပြောပွဲ အပြီးတွင်လည်း ရဟန်းတော်များနှင့် နာကြားသူ ပရိသတ်များက စိတ်ဝင်တစား မေးမြန်း ဆွေးနွေးကြသဖြင့် ဆရာကြီး၏ လျှပ်တစ်ပြက် ဟာသဉာဏ်ပါပါ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ဖြေကြားချက်တို့မှာလည်း ထေရဝါဒ သာသနာရေး ဆိုင်ရာ ဗဟုသုတ များစွာ ဖြစ်ကြမည်ဟု ယုံကြည်ပါသည်။

## နှစ်ပတ်လည်အမှီ ဆောင်ရွက်

ဟောပြောသည့်နေ့မှာ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ (၁) ရက်နေ့ ဖြစ်ပြီး၊ ဆရာကြီးသည် ၂၀၀၅ ၊ မတ်လတွင် ကွယ်လွန်ခဲ့ရာ၊ မကွယ်လွန်မီ လွန်ခဲ့သော ၃-နှစ်ခန့်က ဟောပြောခဲ့ခြင်း ဖြစ်ပါသည်။ ယခု ၂၀၁၁၊ မတ်လတွင် ၇-နှစ်ပြည့် နှစ်ပတ်လည် ကွယ်လွန်ခြင်း အထိမ်းအမှတ်အမီ ထုတ်ဝေရန် စီစဉ် ဆောင်ရွက်ရခြင်းဖြစ်၍ အနည်းငယ် ချွတ်ယွင်း တိမ်းပါး မှားယွင်းမှု တွေ့ရှိပါက နားလည်စိတ်ဖြင့် ခွင့်လွှတ်ကြပါရန် ပန်ကြားအပ်ပါသည်။

## ကျေးဇူးစကား

ဤဟောပြောချက်များကို နာကြားခွင့် ရရှိအောင် ဆောင်ရွက်ပေးခဲ့သော မင်္ဂလာဗျူဟာအသင်းချုပ် အမှုဆောင်ပုဂ္ဂိုလ်ကြီးများ၊ ရှင်သာမဏေ ဓမ္မဗိမ္မာန်၌ တာဝန်ယူ ဆောင်ရွက်ကြသော လူကြီးမင်းများ၊ ဝေယျာဝစ္စ အမှုဆောင်ပုဂ္ဂိုလ်များ၊ တိတ်ခွေမှ စာမူကူးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရေးကူးပေးကြသော ဓမ္မမိတ်ဆွေများ၊ လိုအပ်သည့် အကြံဉာဏ်များဖြင့် ကူညီ ပံ့ပိုး ဆောင်ရွက်ပေးကြသော သာသနာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာဦးထွန်းရွှေ (ဓမ္မာစရိယ-ဘီအေ)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ တွဲဖက်ပါမောက္ခ၊ ဇွန်ပွင့်စာပေမှ ကိုမင်းမင်းဇော် (နေမင်း)၊ ကွန်ပျူတာစာစီ မစုစု နှင့် Sanကွန်ပျူတာ၊ ဖလင်၊ ဒီဇိုင်း၊ ပုံနှိပ်သူ၊ စာအုပ်ချုပ်သူ တို့မှစ၍ ဤစာအုပ်နှင့်ပတ်သက်၍ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဗုဒ္ဓအသံစာပေ မိခင်ကြီး ဒေါ်ကြင်မြင့် အမှူးပြုသော သားသမီး ဆွေမျိုး မိတ်သင်္ဂဟများနှင့် တပည့်များက အထူးပင် ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

'ထေရဝါဒ ဒဿန ပြည့်ဝချမ်းသာကြပါစေ'

တပည့် -

စိတြာ

၂ - ၁ - ၂၀၁၁

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒကို

လက်ခံကျင့်သုံးနေသော

ပုဂ္ဂိုလ်တိုင်းသည်၊ (သို့) နိုင်ငံသည်

အကြွင်းမဲ့

စီးပွားဖြစ်ထွန်းတဲ့

နိုင်ငံဖြစ်ရမည်။

အကြွင်းမဲ့

ကိုယ်စိတ်နှလုံး ချမ်းမြေ့တဲ့

နိုင်ငံဖြစ်ရမည်။

အကြွင်းမဲ့

ကိုယ်စိတ်နှလုံး ချမ်းမြေ့တဲ့

နိုင်ငံသား ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နမော ဝိဘဒ္ဓဝါဒိနော။

နှစ်ပေါင်း ၄၀-ကျော်က

သမိုင်းသံယောဇဉ်

ဓမ္မမိတ်ဆွေများ ကောင်းခြင်းမင်္ဂလာနှင့် ပြည့်စုံကြပါစေ. .။

သမိုင်းသံယောဇဉ်ရှိတဲ့ သိင်္ဂုတ္တရကုန်းမြေ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်ရိပ်မှာ သာသနာ့ဝန်ကို ဆောင်နေကြတဲ့ ရှင်သာမဏေဓမ္မဗိမာန်မှာ လာရောက်ပြီး ဓမ္မမိတ်ဆွေများနဲ့ တွေ့ဆုံဟောပြော ဆွေးနွေးခွင့် ရတဲ့အတွက် အင်မတန် ဝမ်းသာဂုဏ်ယူပါတယ်။

ဒီ ရှင်သာမဏေ ဓမ္မဗိမာန်ဆိုတာလည်းပဲ ကျွန်တော်တို့နှင့် သံယောဇဉ်ရှိတဲ့ သမိုင်းနေရာဌာန ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ အနှစ် ၄၀ ဝန်းကျင်က အဘိဓမ္မဟာရဋ္ဌဂုရု ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး ( - )၊ ဆရာတော်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ အပါးတော်မြဲအဖြစ်နဲ့ (ကျွန်တော်က ဦးပဥ္စင်းဘဝနဲ့) အဲသလို ဝေယျာဝစ္စတွေ ဆောင်ရွက်ခဲ့ရတာပါ။ ဟောပြောဖို့လိုရင်လည်း ဟော ပြောခဲ့ရပါတယ်။

သုဓမ္မဝတီ၊ ဦးတင်ထူးအစရှိတဲ့မိတ်ဆွေများက ရှင်သာမဏေ ဓမ္မဗိမာန်ကြီး တည်ဆောက်မယ်ဆိုတော့ ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးကို ပင့်ပြီးတော့ ဒီမှာ ပန္နက်ချပါတယ်။

အဲဒီအုတ်မြစ် Foundation ချတဲ့ နေရာမှာလည်းပဲ ဆရာတော် ဘုရားကြီးက ဩဝါဒပေးပါတယ်။ အဲဒီဩဝါဒ ရေးတာ၊ ဟောတာ ဆရာတော်ဘုရားကြီးကိုယ်စား ကျွန်တော်ပဲ ဆောင်ရွက်ခဲ့ရပါတယ်။

အဲဒီမှာ ကျွန်တော် မှတ်မိပါသေးတယ်။ ကိုရင်လေးတစ်ပါးနဲ့ ကမ္ဘာကို သာသနာပြန့်ပွားနိုင်တယ် ဆိုတဲ့ နိဂြောဓသာမဏေနဲ့ အသောကမင်းကြီးရဲ့ အတ္ထုပ္ပတ္တိအကြောင်း ရေးခဲ့တာပါ။

အုတ်မြစ်ချတဲ့အခါမှာလည်း ဆရာတော်ဘုရားကြီးကိုယ်စား ကျွန်တော်ကိုယ်တိုင် ရေးပြီး ကိုယ်တိုင် ဖတ်ခဲ့ရပါတယ်။

အဲဒါကို ယနေ့တိုင် မြင်ယောင်နေတဲ့အတွက် သမိုင်းသံသော ဇဉ်ရှိတဲ့နေရာမှာ သာသနာ့ဝန်ဆောင် ဦးကြည်တွဲ အစရှိတဲ့ ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေများရဲ့ ဆောင်ရွက်ချက်အရ ဒီကနေ့ ဟောပြောပွဲမှာ တွေ့ကြုံ ဆုံဆည်းကြရတာ အင်မတန် ဝမ်းသာပါတယ်။

သမိုင်းသံယောဇဉ် ရှိရုံမျှမက မျက်စိ၊ နားရှိကြတဲ့ ဓမ္မမိတ်ဆွေ တွေ စားဝတ်နေရေး၊ သွားလာရေး ခက်ခဲနေကြတဲ့ အချိန်မှာ ကြိုးစားပြီးတော့ လာရောက် နာကြားကြတာ ကျေးဇူးတင်ပါတယ်။ အဲဒီလို မျက်စိ၊ နားရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆုံဆည်းပြီးတော့ တွေ့ဆုံ၊ ဟောပြော၊ ဆွေးနွေးခွင့် ရတာလည်းပဲ အင်မတန် ဂုဏ်ယူပါတယ်။ အင်မတန် ဝမ်းသာပါတယ်။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။

ဓမ္မောလောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ။

သံဃော လောကေ သမုပ္ပန္နော ပုညက္ခေတ္တံ အနုတ္တရံ။

တဋ္ဌ ဗုဒ္ဓံ၊ တဋ္ဌ ဓမ္မံ၊ တဋ္ဌ သံဃံ နမာမသေ။

ဒါ အားလုံးရတဲ့ ဂါထာလေးပါနော်။ ခု လာရောက်ဟောပြော တာကလည်း ရွှေတိဂုံစေတီတော်ကြီးရဲ့ ဆည်းလည်းသံလေးတွေကို နားစွင့် ကြည်ညိုခံစားရင်း၊ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး ဦးထိပ်ထား၊ ဦးတိုက်တဲ့သဘောလည်း သက်ရောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ထူးခြားတဲ့သဝဏ်လွှာ

ဒီဂါထာလေး ဘယ်လို ဖြစ်ပေါ်လာသလဲ။

ဓမ္မမိတ်ဆွေများအားလုံး သဘောထားမိချင်မှ ထားမိကြမှာပါ။ ဒါ သဝဏ်လွှာလေးပါနော်။ ဗာရာဏသီမင်းကနေပြီးတော့ ဟိမာလယ၊ ဟိမဝန္တာတောင်ခြေမှာရှိတဲ့ ကဌဝါဟန နေပြည်တော်က ကဌဝါဟန မင်းထံ သတင်းပို့တဲ့ သဝဏ်လွှာလေးပါ။

သုတ္တသင်္ဂဟ အဋ္ဌကထာမှာ ပါပါတယ်။

'ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။'

သမ္မ - အဆွေတော် ကဌဝါဟနမင်း။

လောကေ - လောက၌။

သဗ္ဗပါဏိနံ ဟိတာယ - လောကသားတို့၏ အကျိုးစီးပွားချမ်းသာ အလို့ငှာ။

သဗ္ဗပါဏိနံ ဟိတာယ- လောကသားတို့၏ အကျိုးစီးပွားကို အကြွင်းမဲ့ပေးစွမ်းနိုင်ရန် အလို့ငှာ။

ဗုဒ္ဓေါ - မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သည်။

www.burmeseclassic.com

www.burmeseclassic.com



သမုပ္ပန္နော - ထင်ရှားမသွေ ဖြစ်ထွန်း ပွင့်ပေါ်တော်မူခဲ့လေပြီ။

"အကြည်တော် ကဠ္ဌဝါဟနမင်း. . .။"

ကဿပဘုရား ပွင့်ပေါ်တော်မူတဲ့ အချိန်က ဗာရာဏသီမင်းက နေပြီးတော့ ကဠ္ဌဝါဟနမင်းထံ ပေးတဲ့ သဝဏ်လွှာပါ။

"သမ္မ - အဆွေတော် အကြည်တော် ကဠ္ဌဝါဟနမင်း။

ဓမ္မော - မဂ်လေးတန်၊ ဖိုလ်လေးတန်နှင့် နိဗ္ဗာန်၊ ပရိယတ်ဆိုတဲ့ ဆယ်ပါးသော တရားတော်မြတ်သည်လည်းပဲ။

ဓမ္မော - ဓမ္မရတနာသည်လည်းပဲ။

သဗ္ဗပါဏိနံ သုခါယ -လောကသားတို့၏ အကျိုးစီးပွား ချမ်းသာ အလို့ငှာ။

သဗ္ဗပါဏိနံ သုခါယ -လောကသားတို့၏ အကျိုးစီးပွား ချမ်းသာကို အကြွင်းမဲ့ ပေးစွမ်းနိုင်ရန် အလို့ငှာ။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မော - ဓမ္မရတနာသည်လည်းပဲ။

သမုပ္ပန္နော - ဖြစ်ထွန်းတော်မူခဲ့လေပြီ။

"အကြည်တော်. . . ဓမ္မရတနာလည်း ပေါ်ထွန်းလာပြီ။"

လောကေ - လောက၌။

အနုတ္တရံ - အတုမရှိသော။

ပုညက္ခေတ္တံ - လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော။

ပုညက္ခေတ္တံ - ကုသိုလ်စေ့မျိုး အနည်းငယ်ပျိုးက ကောင်းကျိုးအထွေထွေ ဖြစ်ထွန်းစေသဖြင့် တကယ့် လယ်မြေယာကောင်းသဖွယ် ဖြစ်တော်မူထသော။

သံဃော - သံဃာရတနာသည်လည်းပဲ။

သဗ္ဗပါဏိနံ - ခပ်သိမ်းများစွာ သတ္တဝါတို့၏။ (ဝါ) လောကသားတို့၏။

ဟိတာယ သုခါယ - အကျိုးစီးပွားချမ်းသာ အကြွင်းမဲ့ ပေးစွမ်းရန် အလို့ငှာ။

www.burmeseclassic.com

www.burmeseclassic.com



သမုပ္ပန္နော - စင်စစ်မသွေ ဖြစ်ထွန်းပွင့်ပေါ်တော်မူခဲ့လေပြီ အကြည်တော် ကဋ္ဌဝါဟန မင်း။"

အင်မတန် ကြည်ညိုစရာ ကောင်းပါတယ်နော်။

ဒါက ဒီအခမ်းအနားကို ဖွင့်တဲ့ အစဉ်အလာအရ ရတနာသုံးပါး ဦးတိုက်ပြီးတော့ ပလ္လင်ဖွင့်၊ အခမ်းအနားဖွင့်တဲ့ အဓိပ္ပာယ်လည်း သက်ရောက်စေဖို့ပါပဲ။ ရတနာသုံးပါးကိုလည်း ဦးတိုက်တဲ့ သဘော ပေါ်စေချင်လို့ပါ။

## အကြွင်းမဲ့ ပေးစွမ်းနိုင်ပါ၏လော

နောက်ပြီးတော့ ရှင်သာမဏေမွေ့ဗိမာန်က သာသနာ့ဝန်ဆောင် ဓမ္မမိတ်ဆွေများ၊ ဓမ္မသဘင်ကြီး ဖြစ်မြောက်အောင် ဆောင်ရွက်ကြတဲ့ နေရာမှာ ဘယ်သူကပဲ၊ ဘယ်ပုဂ္ဂိုလ်ကပဲဟောဟော၊ ဟောရမယ့် အကြောင်းအရာ Topic ကလေးတစ်ခု ချပေးထားတာ ရှိပါတယ်။

**"ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် လောကသားတို့၏ စီးပွားချမ်းသာကို အကြွင်းမဲ့ ပေးစွမ်းနိုင်သည်။"**

ဒီလိုမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



'ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် လောကသားတို့၏ အကျိုးစီးပွား ချမ်းသာကို အကြွင်းမဲ့ ပေးစွမ်းနိုင်သည်။'

အဲဒီ အဆိုပြုကိုလည်းပဲ အာဂမယုတ္တိအနေဖြင့် ထောက်ခံတဲ့သဘော သက်ရောက်အောင်-

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။

'ဗုဒ္ဓ ပွင့်ပေါ်လာတာ သတ္တဝါတွေ အကျိုးစီးပွားချမ်းသာ ပေးရအောင်' ဒီအဓိပ္ပာယ် ဆောင်ပါတယ်။

ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ။

လောကေ-လောက၌။

ဓမ္မော-ဓမ္မရတနာသည်၊ (ဝါ) မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ပရိယတ္တိ ဆိုတဲ့ ဆယ်ပါးသော တရားတော်မြတ်သည်။

သဗ္ဗပါဏိနံ - လောကသားတို့၏။ (ဝါ) လူရော၊ နတ်ပါ၊ ဗြဟ္မာ မကျန် ခပင်းဥဿုံ အလုံးစုံသော သတ္တဝါအပေါင်းတို့၏။

သုခါယ - ကိုယ်စိတ်နှလုံး ရွှင်ပြုံး ချမ်းမြေ့ကြပါစေခြင်း အကျိုးငှာ။

www.burmeseclassic.com

www.burmeseclassic.com



သမုပ္ပန္နော - ထင်ရှားမသွေ ဖြစ်ထွန်း ပွင့်ပေါ်တော်မူခဲ့လေပြီ။

ကွက်တိပါပဲနော်။ အင်မတန်လည်းပဲ ကြည်နူးစရာကောင်းပါတယ်။

မကာရလောပအကျော် မန်လည်ဆရာတော်ဘုရားကြီး (၁၂၀၃-၁၂၈၂)ကတော့ အမြဲတမ်း ရွတ်ဖတ်တော်မူတဲ့ ဂါထာတဲ့ဗျာ။ တပ္ပရာယန သရဏဂုံ ဂါထာတော်လို့ ခေါ်ပါတယ်။ တို့ ကိုးကွယ်ရမယ့်အရာက ဓမ္မ၊ တပ္ပရာယနရဲ့ အဓိပ္ပာယ်က ဒါပဲနော်။ ပရာယန-လည်းလျှောင်းရာ၊ ကိုးကွယ်၊ အားထားရာ ဒါမှဒါပဲ၊ ဒီပြင် မရှိဘူးဟေ့ . . .၊ အဲဒီလို ပြောတာပါ။

ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးများ အမြဲ ရွတ်ဖတ်တဲ့ဂါထာပါ။

ဒီကနေ့ ရှင်သာမဏေဓမ္မဗိမာန်က ဓမ္မမိတ်ဆွေများ၊ ဓမ္မလူကြီးမင်းများ၊ ရွေးချယ်ထားတဲ့ အဆိုပြုချက်ကလေးဟာ ဗုဒ္ဓစာပေနဲ့ရော၊ သာသနာ့ဝန်ဆောင် လူကြီးများရဲ့ နှလုံးသည်းပွတ်နဲ့ရော တစ်ထပ်တည်းကျတဲ့ အဆိုပြုချက်ကလေးပါ။ ဒါကို ထောက်ခံပြောဆိုချင်လို့ ဒီဂါထာလေးကို ရွတ်ဆိုခြင်းဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ရှေ့ကဟောပြောသွားတဲ့ပုဂ္ဂိုလ်တွေ တိပိဋကဓရ ယောဆရာတော်ဘုရား၊ နောက်တစ်ခါ ဦးမာနိတသိရီ ကထိက ရဟန်း၊ ဆရာကြီးဦးဌေးအောင်(မိုးလေဝသ)၊ နောက်ပြီးတော့ ဦးစိုးတင့်။ အကုန်လုံး ဟောပြောသွားတဲ့နေရာမှာ တိပိဋကဓရ-ယောဆရာတော် ဘုရားကြီးက ဒီအဆိုပြုချက်ကလေးကို ထေရ-ဆိုတာ ဘာ၊ ဝါဒ-ဆိုတာ ဘာ၊ ဗုဒ္ဓ-ဆိုတာ ဘာ၊ သာသနာ-ဆိုတာ ဘာ၊ အင်မတန်မြိန်စရာ ကောင်း ပါတယ် ဘုရား။

ဆရာတော် ရှင်းသွားလိုက်တာ တစ်ခါတည်း အင်မတန် အရသာ ရှိပါတယ်။ အင်မတန်လည်း ပြည့်စုံနေပါပြီ။ ဒါကို ကျွန်တော်တို့ ထပ်ဆင့်ပြီးတော့ ထောက်ခံဖို့ မလိုပါဘူးနော်။ ပြည့်စုံသွားပါပြီ။

အဲဒီတော့ 'ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် လောကသား တို့၏ အကျိုးစီးပွားချမ်းသာကို အကြွင်းမဲ့ ပေးစွမ်းနိုင်သည်'- ဆိုတဲ့ အဆိုကလေးဟာ ကန့်ကွက်မယ့်သူ ရှိပါသေးသလား ဘုရား။ အစည်း အဝေးမှာ မေးသလို မေးတယ်။

မရှိပါဘူး ဘုရား။ ဆရာတော်ကြီးများလည်း အကျော်အမော် ပုဂ္ဂိုလ်များလည်း ရှင်းသွားပြီဖြစ်ပါတယ်။ အင်မတန်လည်း ကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဆိုပြုချက်ကလေး တစ်ခု ဖြစ်ပါတယ်။ ဒီအဆိုပြုချက်ကလေး ဂုဏ်ပြုတဲ့ အနေနဲ့ ဒီဂါထာလေး ရွတ်ဖတ် ပူဇော်တာပါ။

တစ်ဖန် ဒီအဆိုပြုချက်ကလေးကို ဆက်ပြီးတော့ စဉ်းစားမယ် ဆိုရင်တော့ မေးခွန်းလေးတွေတော့ ရှိကောင်းရှိနိုင်တယ်နော်။

ထေရဝါဒ ဗုဒ္ဓသာသနာကသာ အကြွင်းမဲ့ ပေးစွမ်းနိုင်တာ။ အခြားက ဘာမှ မပေးနိုင်ဘူး ဆိုတဲ့ အဓိပ္ပာယ်လည်း ထွက်လာနိုင်ပါတယ်။ ဒီလိုမဟုတ်ဘူးလား မိတ်ဆွေတို့။ ဒီလိုကော အဓိပ္ပာယ် ထွက်မလာနိုင်ဘူးလား။

နောက်တစ်ခါ စဉ်းစားကြည့်တယ်။ စကားလုံးလေးတွေကို တီးခေါက်ကြည့်တာလေ။ ကောင်းပြီ။ ဒီအဆိုပြုချက်ကို လက်ခံတယ်။ ကန့်ကွက်စရာမရှိဘူး။ အပြည့်အဝ ထောက်ခံတယ်။ ဒါပေမယ့် တစ်နည်း ပြန်ပြောကြည့်ရအောင်။

'လူသားတို့အား အကျိုးစီးပွားကို အကြွင်းမဲ့ပေးစွမ်းနိုင်သော ထေရဝါဒသာသနာ။' ဒီလိုဆိုတာ မဟုတ်ဘူးလား။ လူသားတို့၏ အကျိုးစီးပွား ချမ်းသာကို အကြွင်းမဲ့ ပေးစွမ်းနိုင်တဲ့ ထေရဝါဒ ဗုဒ္ဓ သာသနာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ထေရဝါဒ ဗုဒ္ဓသာသနာကို လက်ခံ သိမ်းပိုက်ထားတဲ့ လူတွေဟာ၊ (သို့) တိုင်းပြည်ဟာ အကြွင်းမဲ့ အကျိုးစီးပွားတွေ၊ ချမ်းသာမှုတွေ ပြည့်စုံရမယ်။ ဒီ အဓိပ္ပာယ်ကော မသက်ရောက်ဘူးလား။ ထေရဝါဒကို လက်ခံကျင့်သုံးနေသော ပုဂ္ဂိုလ်တိုင်းသည်၊ (သို့) နိုင်ငံသည် အကြွင်းမဲ့ စီးပွားဖြစ်ထွန်းတဲ့ နိုင်ငံဖြစ်ရမည်။ အကြွင်းမဲ့ ကိုယ်စိတ်နှလုံး ချမ်းမြေ့တဲ့ နိုင်ငံဖြစ်ရမည်။ အကြွင်းမဲ့ ကိုယ်စိတ်နှလုံး ချမ်းမြေ့တဲ့ နိုင်ငံသား ဖြစ်ရမည်။ ဒီအဓိပ္ပာယ် မဟုတ်ဘူးလား။

ဒီအဆိုပြုချက်က တိုတိုလေးပြောရင်တော့ ထေရဝါဒ ဗုဒ္ဓသာသနာ လက်ခံကျင့်သုံးတဲ့ ပုဂ္ဂိုလ်တွေဟာ စီးပွားရေးအားဖြင့် ဆင်းရဲတဲ့သူ ရှိကိုမရှိဘူး။ စိတ်ပိုင်းဆိုင်ရာအားဖြင့် စိတ်ဆင်းရဲတဲ့သူ ရှိကိုမရှိဘူး။ အားလုံး . ချမ်းသာရမယ်။ ဒီအဓိပ္ပာယ် ထွက်တယ်လို့ ထင်ပါတယ်။

ထွက်ပါသလား။ ဒီလိုကော စဉ်းစားနိုင်ပါသလား။

ထေရဝါဒက လောကသားတို့ရဲ့ အကျိုးစီးပွားကို အကြွင်းမဲ့ ပေးနိုင်တယ်ဆိုလျှင် အဲဒီ အကြွင်းမဲ့ ပေးစွမ်းနိုင်တဲ့ ထေရဝါဒ ကျင့်သုံးနေတဲ့သူဟာလည်းပဲ အကြွင်းမဲ့ စီးပွားဖွံ့ဖြိုးတဲ့သူ ဖြစ်ရမယ်။ အကြွင်းမဲ့ စီးပွားဖွံ့ဖြိုးတဲ့ နိုင်ငံဖြစ်ရမယ်။ အကြွင်းမဲ့ ကိုယ်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတဲ့ လူဖြစ်ရမယ်။ ကိုယ်စိတ်နှစ်ပါး ချမ်းသာတဲ့ နိုင်ငံဖြစ်ရမယ်။ ဒီအဓိပ္ပာယ် မသက်ရောက်ဘူးလား ဘုရား။ ဒီလို အဆိုပြုရာကော မရောက်ဘူးလား။

ကျယ်ကျယ်လေး လိုက်ပြောကြပါ။ ဟုတ်မှလုပ်ပါ။

ဒီအဓိပ္ပာယ် မသက်ရောက်ဘူးလား။

(သက်ရောက်ပါတယ်။)

ဒါဖြင့် ဆင့်ပွား ဒီအဆိုပြုချက်ကို အားလုံး လက်ခံတယ် မဟုတ်လား။

(လက်ခံပါတယ်။)

ဒါဖြင့် ဆက်မေးမယ်။

## တစ်ခုခု

## မှားများနေသလား

မိတ်ဆွေတို့ . . . ချမ်းသာကြပါရဲ့လား။

မိတ်ဆွေတို့ . . စီးပွားဥစ္စာရတနာတွေ တိုးတက်ကြပါရဲ့လား။

မိတ်ဆွေတို့ နိုင်ငံကော စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ ဖြစ်ပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတို့ နိုင်ငံသူ နိုင်ငံသားတွေ ကိုယ်ရောစိတ်ပါ ချမ်းသာတဲ့သူတွေကော ဟုတ်ပါရဲ့လား။

အဲဒါဆိုရင် ခုနပြောတဲ့ အဆိုက မှားသလား။

Something Wrong (တစ်ခုခုတော့ မှားပြီ) နော်။ ခုနက အဆိုကိုတော့ လက်ခံတယ်မဟုတ်လား။?

ထပ်မေးမယ်။ အဲဒီတော့ အဲဒီအဆိုအတိုင်း ကျုပ်တို့တွေ ချမ်းသာကြရဲ့လား။ စီးပွားကော ဖြစ်ထွန်းကြရဲ့လား။ ဗုဒ္ဓသာသနာဆိုတာလည်း သူ့ရဲ့ဒီဂရီ Degree Limitကလေးတော့ ရှိတာပေါ့။

သီလကို ဆောက်တည်လျှင် သီလအဆင့်၊ သမာဓိကို ထိန်းသိမ်းလျှင် သမာဓိအဆင့်၊ ပညာရောက်မှ သူက နောက်ဆုံးအဆင့်ပြည့်စုံတာ မဟုတ်ဘူးလား။ အကြွင်းမဲ့ မဟုတ်ဘူးလား။

အဲဒီ ပညာမှာလည်း သောတာပတ္တိမဂ္ဂ၊ အရဟတ္တမဂ္ဂပညာဆိုတာ အကြွင်းမဲ့ ဒီလိုမဟုတ်ဘူးလား။ အကြွင်းမမဲ့ချင် နေပါစေ။ နည်းနည်းလေးဖြင့်တော့ စီးပွား တိုးတက်ရမယ်။

ဣဿတိ ဘိက္ခဝေ သီလဝတော . . ဆိုထားတယ် မဟုတ်လား။

မိတ်ဆွေတို့ အားလုံးသိတယ်နော်။ ပဒေသာပင် သွားဆွတ်တာကမှ ကိုယ်လိုချင်တဲ့ ပစ္စည်းလေးတစ်ခု လိုချင်လိုနေဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



သီလရှိတဲ့သူ ဖြစ်ချင်တာ အကုန်ဖြစ်တယ်။ ရချင်တာ အကုန်ရတယ်။ အဲဒီ တစ်ခုတည်းနဲ့ လိုချင်တာ အကုန်ဖြစ်တယ်။

ဒါ စာနဲ့ ပြောတာနော်။ ခုနကအဆိုလည်း မှန်ပါတယ်။ ဒီစာလည်း မှန်ပါတယ်။ သို့သော် ကျုပ်တို့မှာ မှန်ရဲ့လားနော်။

စာမှန်တယ်။ ဒီအဆိုပြုချက် မှန်တယ်။ သီလရှိလျှင် လိုချင်တာ အကုန် ပြည့်စုံတယ်။ သမာဓိတွေ၊ ပညာတွေထားဦး။

သီလဝတော ဝိသုဒ္ဓတ္တာ ပတ္ထိတံ - ဣဇ္ဈတိ။

ဘိက္ခဝေ - ချစ်သားတို့၊

သီလဝတော - သီလရှိတဲ့ပုဂ္ဂိုလ်က၊

ပတ္ထိတံ- တောင့်တလိုက်တယ်ဆိုရင်ဖြင့်၊

ဣဇ္ဈတိ - ဘာမျှ လိုလေသေးမရှိ ပြည့်စုံရ၏။

ဘာဖြစ်လို့လဲ။

ဝိသုဒ္ဓတ္တာ - ကာယကံတွေ၊ ဝစီကံတွေ အကုန်လုံး စင်းလုံးချောနေတဲ့အတွက် စင်ကြယ်နေလို့ ပါပဲ။

မကောင်းဘူးလား ဘုရား။ ဒါ မြတ်စွာဘုရားဟောတာ။ သီလရှိရင်ကို လိုတာတွေ အကုန်ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ကျုပ်တို့ ဒီအဆိုတွေနဲ့ ခုနက အဆိုပြုချက်ရော၊ ထေရဝါဒ ဒီစာပေ အဆိုအမိန့်နဲ့ရော ချိန်ထိုးကြည့်လို့ စီးပွားဥစ္စာရတနာတွေ မပြည့်စုံဘူးဆိုရင်တော့ . . .။

ပြည့်ကော ပြည့်စုံရဲ့လား။

ဒါလည်း ထပ်မေးဦးမယ်။ မပြည့်စုံတာလည်း သေချာတယ်နော်။ ခုနကအဆို မှန်တယ်ဆိုတာလည်း ကန့်ကွက်မယ့်သူ မရှိဘူးနော်။

ဒါဆို Something Wrong တစ်ခုခုတော့ မှားနေပြီ။

## ပျားရည်စစ်လျှင်

## ခွေးမစား

ပျားရည်ရောင်းတဲ့သူက ပြောတယ်။ ပျားရည်စစ်နည်းတွေ အမျိုးမျိုးရှိတယ်-ပေ့ါ။ လက်သဲပေါ် တင်စမ်းတာ။ စစ်, မစစ် စမ်းသပ်နည်းတွေ အမျိုးမျိုးရှိတယ်။ ပျားရည်သည်က ဘာပြောလဲဆိုတော့ 'စမ်းပါ' တဲ့။ 'ခင်ဗျားတို့ စမ်းချင်တဲ့နည်းနဲ့ စမ်းပါ' တဲ့။

"နောက် တစ် ခု ရှိ တယ်။ ကျွန် တော့် လက် တွေ့။ ပျားရည်စစ်လို့ရှိရင် ခွေးကျွေးကြည့်။ ခွေးမစားဘူး။"

သူ့ပျားရည် ဘယ်လောက် ကောင်းတဲ့အကြောင်းနော်။ ခွေးမစားဘူး-တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ ဟုတ်ရဲ့လား။"

"ဟုတ်ပါတယ်။ ကဲ မယုံရင် ကျွေးကြည့်ပါ။"

"ခင်ဗျားရှေ့ ကျွေးကြည့်မယ်။ ကျွေးမယ်ဗျာ" တဲ့၊

"အကယ်၍ ခွေးစားရင် ဘယ်နှယ့်လုပ်မလဲ" တဲ့။

ပျားရည်သည်ကို မေးတာ။

အဲဒီတော့ ပျားရည်သည်က နည်းနည်း တွေသွားတယ်။ သူက အဆိုတစ်ခု ပြုတယ်။

"ပျားရည်စစ်ရင် ခွေးမစားဘူး။"

သူပြုတဲ့ အဆိုက။

ဟိုဝယ်မယ့်သူကလည်း စမ်းချင်တာ။

"ကိုင်း ကျုပ်ကျွေးကြည့်မယ်ဗျာ။ အကယ်၍ ခွေးစားမယ် ဆိုရင် ကော။"

ပျားရည်သည်က လေလျှော့သွားတယ်။

"စားရင်တော့ အဲဒီခွေးဟာ ခွေးအစစ် မဟုတ်ဘူး . . . " တဲ့။

www.burmeseclassic.com

www.burmeseclassic.com


## တကယ့်လိုအပ်ချက်
## ဟုတ်ရဲ့လား

Something Wrong ခုနက အဆိုပြုချက်လည်း မှန်ပါတယ်။ ကျုပ်တို့ဖြစ်နေတာလည်း မှန်ပါတယ်နော်။ နှစ်ခုစလုံး မှန်တယ်ဆိုရင်တော့ အလယ်ကောင်မှာ မှားတာလေးတစ်ခု ရှိတယ်။ ဒီလို အဖြေမထွက်ဘူးလား။ ဘယ်နေရာမှာ မှားသလဲဆိုတာ သိချင်ရင် ဘယ်နေရာမှာ ခြေရာကောက်ဖို့ မခက်လောက်ပါဘူး။

ဒီကနေ့ ဘာသာရေးလုပ်တယ်၊ သာသနာ အားပေးတယ် ဆိုပြီးတော့ ဓမ္မာရုံကြီးတွေမှာ ရပ်ကွက်ဆွမ်းလောင်းဓမ္မာရုံလေးက စပြီးတော့ပေါ့။ သာသနာရေး၊ သာသနာမှုတွေ ခု သိတင်းကျွတ်၊ တန်ဆောင်မုန်း ဆိုရင် ပိုပြီးတော့ ပွဲလမ်းသဘင်တွေ ပြုတာပေါ့နော်။ ပွဲတွေ၊ ဝါဆိုဦး ဆိုရင်လည်း ပွဲတွေလုပ်လိုက်ကြတာ။ အဲဒီနေရာတွေ သွားကြည့်ရင်လည်း နည်းနည်းတော့ သိနိုင်ပါတယ်။

ဓမ္မာရုံတွေမှာ၊ ဘုရားကျောင်းကန်တွေမှာ (ဘုရားက နိုင်ငံပြီ)၂ နော်။ ဝတ်အသင်းတွေလေ၊ ဓမ္မဂီတသီချင်းဆိုကြတာ။ အဲဒီတော့ ဝတ်အသင်းတွေရဲ့အသံကလည်း ရှေးကနဲ့စာရင် အသံ ပိုမြည်လာတယ်နော်။ ဘုရားတိုင်း၊ ဓမ္မာရုံတိုင်းမှာ အဲဒီ မြည်လာတဲ့အသံတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒသာသနာ တိုးတက်တာလား။ ဟုတ်မှဟုတ်ရဲ့လား။ မစဉ်းစားသင့်ဘူးလား။

နောက် အသံမစဲ ဘာရွှတ်ပွဲ၊ ဘာရွှတ်ပွဲ၊ တောင်ကျောင်းက လုပ်တော့ မြောက်ကျောင်းကလည်း လုပ်။ အနောက်ကျောင်းက လုပ်တော့လည်း အရှေ့ကျောင်းက လုပ်။ အသံမစဲ ဘာရွှတ်ပွဲ၊ ဘာရွှတ်ပွဲ ဆိုတာတွေကော ထေရဝါဒသာသနာမှာ တစ်ကယ့်လိုအပ်ချက် အစစ် ဟုတ်မှဟုတ်ပါရဲ့လား။

ရွှတ်တာ ကုသိုလ်တော့ရတာပေါ့။ မဟုတ်ဘူးလား။ သို့သော် တချို့ကပြောတယ်။ 'အရွှတ်ဟာ အသားမဟုတ်ဘူး'တဲ့။ ဒီလိုလည်း ရွှတ်တာကို နှိမ်တဲ့သူကလည်း ရှိသေးတယ်နော်။ အရွှတ်က အသား မဟုတ်ဘူးတဲ့။ ထားပါလေ။

## ပျားရည်ကတော့ အစစ်ပါ

သို့သော် ထေရဝါဒသာသနာမှာလည်း ရွှတ်ရတာ ရှိပါတယ်။ သို့သော် မဟာယာနမှာလို အမြဲတစေကြီး အာခြောက်ရအောင် အရည် မရ အဖတ်မရ အထိန်းအကွပ်မရှိ ပရမ်းပတာ ရွှတ်ရတာမျိုး ထေရ ဝါဒမှာ မရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မဟာယာနမှာတော့ အမြဲတစေ ရွတ်ရအောင် လေတိုက်တိုင်း ဒီယပ်တောင်လေး လည်နေအောင် ရွတ်ရတာ။ ပါးစပ်က ရွတ်ဆိုလိုက်တဲ့ လေသံနဲ့ ယပ်တောင်လေး လည်သွားအောင် ရွတ်ဆိုရတာမျိုး တိဗက်တို့၊ အိန္ဒိယတို့မှာ ရှိတယ်လေ။

'ဦ မဏိပဒ္ဒမေဟုံ၊'

'ဦ ဣတိပိသော' ဘာညာပေါ့ဗျာ။

အဲဒါ လူက မရွတ်နိုင်လို့ ဒီယပ်တောင်လေး လေထဲမှာ သွားဆွဲထားရင် ယပ်ခတ်တိုင်း ဂါထာလေးက လည်တိုင်း လုပ်တဲ့သူမှာ ကုသိုလ်ရတယ်ဆိုလို့နော်။ အဲသလောက်ထိ ရွတ်ကြတာဗျာ။

ထေရဝါဒက အဲသလောက်ထိ ရွတ်သင့်သလား။ ဒါလည်း စဉ်းစားသင့်တာနော်။ စဉ်းစားသင့်ပါတယ်။ စဉ်းစားစရာကောင်းပါတယ်။ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက "မင်းတို့က သောက်ဆေးကို လိမ်းဆေးလုပ်နေတာကိုး" တဲ့။ မဟုတ်ဘူးလား။ ခုဟာက သောက်ဆေးက သောက်တဲ့ဆီကို မရောက်ဘူး။ လိမ်းတာတွေက များနေမလား မသိဘူးနော်။

အဲဒီတော့ 'ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် လောကသားတို့၏ အကျိုးစီးပွားချမ်းသာကို အကြွင်းမဲ့ပေးစွမ်းနိုင်သည်ကား မှန်၏။ သို့သော် . . . ' ဒီလို ပြောရမလို ဖြစ်နေပြီနော်။

www.burmeseclassic.com

www.burmeseclassic.com



သာသနာကတော့ အစစ်ပါပဲ။ မဟုတ်ဘူးလား။ ထေရဝါဒ သာသနာကော အစစ်မဟုတ်ဘူးလား။ ကျင့်သုံးတဲ့သူက ဘာဖြစ်နေတုန်း။ ပျားရည်ကတော့ အစစ်ပါပဲ။

ဒါဖြင့် နောက်တစ်နေရာ ကြည့်ကြဦးစို့လေ။

## ဆိုရိုးဆိုစဉ် ဘာသာဝင်တွေဖြစ်နေကြ

ဥပမာ - ကျုပ်က ကနေ့ သမီးတို့ သားတို့အိမ်က ဘုရားခန်းကို ကြည့်ချင်တယ်ဆိုပါတော့။ လိုက်ကြည့်လို့ ရပါသလား။ ရနိုင်ပါသလား။

အဲဒီတော့၊ ပြောရင်တော့ အများကြီး ရှည်ကုန်တော့မှာပဲနော်။ အဲဒီမှာကြည့်ရင်လည်း ကျုပ်တို့ ဗုဒ္ဓဘာသာ၊ ထေရဝါဒ-ထေရဝါဒ ဆိုပြီးတော့ ပါးစပ်ကပြောနေတဲ့ ကျုပ်တို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေရဲ့ ဗုဒ္ဓအပေါ် ချဉ်းကပ်ပုံ၊ ယုံကြည်ပုံ၊ ကိုးကွယ်ပုံလေးတွေ။

ဗုဒ္ဓကို ပြည့်ပြည့်ဝဝ ယုံကြရဲ့လား။ ယုံကြတာမှ ဟုတ်ရဲ့လား။ အနားမှာ 'အန်းကုံး' ဘိုးတော်ကြီးလည်း ရှိရဲ့။ သူရဿတီမယ်တော်၊ ကွမ်ရင်မယ်တော်လည်း ရှိရဲ့။ မ,စတတ်တယ်လို့ ဆိုကြတဲ့ အရာတွေ အကုန်လုံး သိမ်းကျုံးပြီးတော့ ဘုရားခန်းထဲမှာ ထည့်ထားကြတာနော်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးအောင်၊ အောင်မင်းခေါင် ရုပ်တုတွေ၊ ပုံတွေလည်း ရှိရဲ့။ အဲဒီတော့ ဘုရားအပေါ်မှာ -

'ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ'

ဆိုတာ တကယ် ယုံလို့လား။ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ . . .။ ဆိုရိုးဆိုစဉ်မို့ ဆိုတာလား။

ဘယ့်နှယ့်တုံး။

ဘုရားက ဗုဒ္ဓနဲ့တကွ ဓမ္မ၊ သံဃာ။ ဒီထေရဝါဒ ဗုဒ္ဓသာသနာက အကြွင်းမဲ့ အကျိုးစီးပွားချမ်းသာကို ပေးစွမ်းနိုင်တယ်ဆိုတာ တကယ် ယုံသလား ? မယုံဘူးလား။ ?

ယုံတော့ ယုံပါတယ်နော်။ သို့သော် ဒီလိုဖြစ်မနေဘူးလား။

အဲဒီတော့ ကျွန်တော်တို့ ပြည့်ပြည့်ဝဝ စီးပွား မဖြစ်ထွန်းသေးဘူး ဆိုရင် တစ်ခုခု လိုနေလို့ပဲ။ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု မရဘူးဆိုရင် တစ်ခုခု လိုနေပြီ။

ဒါလေးက ဒီကနေ့ ကျွန်တော်ဟောမယ့်တရားရဲ့ ခြေဆင်းပါ။ တရားရဲ့ ဩဝါဒအကြောင်း ပြောနေတာပါ။ ခြေဆင်းတာနဲ့ ဟိုဘက် ဆန့်လိုက်ရင် လေးနာရီများ ထိုးသွားမလား မသိဘူးနော်။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဘာသာဆိုတာ နည်းပညာတဲ့

မိတ်ဆွေတို့နဲ့ အဲဒီလို ဆုံဆည်းရတာလည်း အင်မတန် ဝမ်းသာပါတယ်နော်။ အင်မတန်ဂုဏ်ယူပါတယ်။ မဟာယာန ဘုန်းကြီးတစ်ပါး ရေးတဲ့ စာအုပ်လေးတစ်အုပ် သွားတွေ့တယ်။ လက်တစ်ဝါးလောက်ပါ။ ဒါ အလကားပေးတဲ့ဟာပါ။ အဲဒီမှာ သွားတွေ့တဲ့အခါရောက်တော့ ဪ-ငါတို့ ထေရဝါဒခေါင်းဆောင်လို့ဆိုတဲ့ ငါတို့သည်ပင် မစဉ်းစားမိတဲ့ဟာလေးကို ဒီ မဟာယာနဘုန်းကြီးက စဉ်းစားမိသနော်။ ကျေးဇူးတင်လို့။

မဟာယာနဆိုတာ အားလုံးသိတဲ့အတိုင်း အခမ်းအနားတွေ လုပ်ကြတာလေ။ အသံမစဲတွေ ရွတ်ကြတာလေ။ ဒီလိုမဟုတ်ဘူးလား။ Ceremony မဟုတ်ဘူးလား။ Religionism ဒါတွေလုပ်တာပဲ မဟုတ်ဘူးလား။ အဲဒီ ရိုးရာအခမ်းအနားတွေ လုပ်တယ်၊ ရွတ်တယ်၊ ဖတ်တယ်။ အဲသလို မဟာယာနလောက,က ခေါင်းဆောင်တစ်ယောက် ဒီစကားလေး ပြောတာ အံ့သြစရာပဲနော်။

Buddhism is an education.

ဗုဒ္ဓဘာသာဟာ ပညာရပ်တစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



Buddhism effectiently come to chance and 67 A.D

ဗုဒ္ဓဘာသာဟာ တရုတ်ပြည်ကြီးကို အေဒီ ၆၇-ခုနှစ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၄၀၀ ကျော်က ရောက်ပါတယ်။

The empire had a seen special emotion to India to iminet buddhism came to china.

တရုတ်ခေါင်းဆောင်ကြီးတွေက အထူးသံတမန်တွေ စေလွှတ်ပြီးတော့ အိန္ဒိယကရဟန်းတော်တွေ တရုတ်ပြည်ကို ပင့်ဖို့ စေလွှတ်ပါတယ်။

Too read buddhist.

Which on that prepare

အဲသလို အေဒီ ၆၇-ခုနှစ် အချိန်အခါဟာ-

We regarded as an educational system.

ဗုဒ္ဓဘာသာရယ်လို့ သူတို့မသိဘူး-တဲ့။ ပညာရေး အသိပညာနည်းစနစ်တစ်ခု၊ ပညာတစ်ခုအနေနဲ့ သူတို့ လက်ခံခဲ့ကြတာပါ။

Post was regarded as an educational system.

နည်းပညာတစ်ခုအနေနဲ့ပဲ သူတို့နားလည်ခဲ့ကြတာ။ နောက်-

Not as religious.

www.burmeseclassic.com

www.burmeseclassic.com



ဘာသာတရားတစ်ခုရယ်လို့ သူတို့ မထင်မှတ်ခဲ့ပါဘူး။ အံ့ဩစရာကောင်းတယ်နော်။

Regret fully poorly.

ဝမ်းနည်းစရာ ကောင်းတာကတော့-

about two hundred years ago.

တရုတ်ပြည်ကို မြတ်စွာဘုရားရှင်ရဲ့ နည်းပညာတွေ၊ ဓမ္မတွေ ရောက်ပြီး နှစ်-၂၀၀ အတွင်းမှာပဲ-

The practice of buddhism had taken on amony religious.

တကယ့် ဘာသာရေးပုံစံကြီးလုံးလုံး ပြောင်းပစ်လိုက်ကြတယ်။ အဲဒါ ဝမ်းနည်းစရာပါပဲနော်။ ဘာသာရေး အခမ်းအနားတွေကို အမြဲတစေ လုပ်နေကြတဲ့ မဟာယာန ဆရာတော်တစ်ပါးက ဗုဒ္ဓတရားတော်တွေဟာ ဗုဒ္ဓဘာသာ မဟုတ်ပါဘူး။ တကယ့် ဗုဒ္ဓရဲ့ နည်းပညာသာလျှင် ဖြစ်ပါတယ်။ education သာလျှင် ဖြစ်ပါတယ်။

အဲဒီ အေဒီ ၆၇-ခုနှစ် ဗုဒ္ဓတရားတော် ရောက်ပြီးတဲ့နောက် အနှစ်-၂၀၀ အတွင်းမှာပဲ အဲဒီဓမ္မတွေကို ဘာသာရေးလို့ ပြည်သူတွေက လုပ်ပစ်လိုက်ကြတယ်။

သူ ဒါပြောတာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဘာသာရေးဆိုတာကတော့-

ဒီလို အခမ်းအနားတွေ၊ ရွတ်တာဖတ်တာတွေ၊ Preyer လုပ်တာတွေ၊ ဆုတောင်းတာတွေ၊ အမျိုးမျိုး အမွှေးတိုင်ထွန်းတာ ဘာညာပေါ့လေ။ အဲဒါတွေကို ဘာသာရေးလို့ ခေါ်ပါတယ်။

တစ်နည်းအားဖြင့်ပြောရင်တော့ ဗုဒ္ဓရဲ့ ယဉ်ကျေးအောင် ဆုံးမတဲ့ တရားတော်တွေကို ကိုးကွယ်ရာ အဖြစ်နဲ့ ပြောင်းလဲပစ်လိုက်ကြတယ်-တဲ့။

ဒီကနေ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာကော။ ဗုဒ္ဓတရားတော်တွေဟာ ကိုးကွယ်ရာ၊ ကိုးကွယ်စရာအဖြစ်နဲ့ အသုံးပြုကြပါသလား။ ငါတို့ အသိဉာဏ်ရင့်ကျက်အောင် သွန်သင်ပေးမယ့် နည်းပညာ အနေနဲ့လည်း လက်ခံကြတာလား။ မစဉ်းစားသင့်ဘူးလား ဘုရား။

ကိုးကွယ်ရာလုပ်လိုက်ကြတာ နော်။ အဲဒီတော့ ပညာအဆင့် ရောက်အောင် ဆောင်ရွက်ဖို့ လိုအပ်ပါပြီ။ လိမ်းဆေးလည်း လိမ်းရမှာပါ။ သို့သော် သောက်ဆေးက အဓိကပါ။

လိမ်းဆေး မလိမ်းပါနဲ့လို့ မပြောပါဘူး။ သောက်ဆေးက အဓိကပါ ဘုရား။ ဒီလို မဆိုသင့်ဘူးလား ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဒါက ဦးကြည်တွဲတို့ ရှင်သာမဏေဓမ္မဗိမာန်က သာသနာ့ဝန်ဆောင် လူကြီးမင်းများ ဓမ္မမိတ်ဆွေများ အဆိုပြုချက် အပေါ်မှာ ကျွန်တော်တို့က ဆင့်ပွားပြီးတော့ သုံးသပ်တာပေါ့နော်။

ဒီမှာ ဆက်ပြီးတော့ မေးခွန်းများလည်း မေးဦးမယ်လို့ ဆိုပါတယ်။ ဒီဟောပြောချက်တွေအပေါ်မှာ မေးနိုင်ပါတယ်။ ပရိသတ်များနဲ့ ဓမ္မမိတ်ဆွေတို့ရဲ့ ထင်မြင်ယူဆချက်ကို အင်မတန် နားထောင်ချင်ပါတယ်။ သိချင် မေးမြန်းချင်တဲ့ စိတ်ဓာတ်ကိုလည်း အထူး လေးစားပါတယ်။

## ကမ္ဘာလှည့်ဘုရားဖူးတဲ့ ယောဂီထူး

ဒီကနေ့ အဓိကပြောရမယ့် ကိုယ်ပိုင် Topic ကလေးတစ်ခု ရှိပါတယ်။ ပရိသတ်များကို . . . အဓိက ကျွန်တော်ကိုယ်တိုင် ဟောပြောဖို့ သတင်းပေးတာပါနော်။ သတင်းပေးမယ့် အကြောင်းအရာကတော့ -

'မျက်စိနှစ်ကွင်း အလင်းမရသော်လည်းပဲ ထိုင်ရာမထ ကမ္ဘာလှည့် ဘုရားဖူးခဲ့တဲ့ ယောဂီမတစ်ဦးအကြောင်း။'

www.burmeseclassic.com

www.burmeseclassic.com



ကြားပါတယ်နော်၊ မျက်စိလည်းမမြင်ဘူး။ ထိုင်ရာကလည်း မထဘူး။ ကမ္မာလှည့်ပြီးတော့လည်း ဘုရားဖူးတယ် လို့ပြောတယ်။

ဦးဌေးလှိုင်က ယုံတမ်းစကားတွေ ပြောတာလား။ ဆန်းတော့ သိပ်ဆန်းနေပြီ။ အဲဒီအကြောင်းကို ဒုတိယပိုင်းအနေနဲ့ ဒီက ဓမ္မ မိတ်ဆွေ ညီတော်၊ နောင်တော်တွေ အကုန်လုံးကို သတင်းပေးတာပါ။

အဲဒီတော့ ဒီသတင်းပေးတဲ့နေရာမှာ ဓမ္မာစရိယဦးဌေးလှိုင် က အဆန်းတကြယ် အံ့ဖွယ်သရဲလုပ်တယ်။ ဒီလိုထင်လာမှာ ကျွန်တော် ကြိုတင် တွက်ပြီးသားပါနော်။ ယုံနိုင်စရာလည်း မရှိပါဘူး။ ဒါပေမယ့် တကယ့်လက်တွေ့ပါ။

နောက်တစ်ခု ဒီအကြောင်းအရာကို ပြောဖို့ နှုတ်တွန့်နေတာ၊ လက်တွန့်နေတာ တစ်ခုရှိပါတယ်။ တစ်နည်းအားဖြင့် လိပ်ပြာမသန့် တာ။ အဲဒီယောဂီက ကျွန်တော့်နောင်တော်ကြီး အရင်းခေါက်ခေါက် ဖြစ်တဲ့ မြေဇင်းတောရဆရာတော်ဘုရားကြီးရဲ့ တပည့်မပါ။

မြေဇင်းတောရဆိုသည်မှာ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင် မြို့နယ်၊ မောင်းထောင်မြေဇင်းတောရ ဖြစ်ပါတယ်။

အဲဒီတော့ လောကမှာ လုပ်တတ်ကြတယ်လေ။ ကိုယ်ချင်းစာ မှာ ကျွန်တော်ကြောက်တာပါ။ ဘုန်းကြီးချင်ကြတယ်။ ကျော်ကြား

www.burmeseclassic.com

www.burmeseclassic.com



ချင်ကြတယ်။ အဲဒီ ကိုယ်ချင်းစာမှာ ကျွန်တော်ကြောက်တာပါ။ ဒါက တော့ ကျွန်တော့်နောင်တော်ကြီး အရင်းခေါက်ခေါက် ဒီကနေ့ ဒီလို တရားကိုပြလို့ တပည့်ကောင်းတွေ ပေါ်ထွက်လာတယ်။ ဒီစကားကို ကျွန်တော်က တင်ပြလိုက်တဲ့အခါ၊ အဲသလို ကိုယ်ချင်းစာစိတ်နဲ့ မြင် လာမှာလည်း ကျွန်တော် စိုးရိမ်ပါတယ်။

တကယ့်အဖြစ်အပျက်ပါ။

ဒီအကြောင်းတွေ ကျွန်တော်တို့ သိတာ နှစ်ပေါင်း-၃၀ ရှိပါပြီ။ ကျွန်တော်တို့ ရေငုံနေခဲ့တာပါ။ ဘယ်သူ့မှ မပြောပါဘူး။

အဲဒီ မြေဇင်းတောရဆရာတော်၊ ကျွန်တော့်နောင်တော်ကြီးက မဟာကမ္မဋ္ဌာနာစရိယဘွဲ့ရ ဘဒ္ဒန္တသောဘိတမဟာထေရ် ၈၃-နှစ်ပါ။ မိသားစုထဲမှာ ဆရာတော်က အကြီးဆုံး၊ ကျွန်တော်က အငယ်ဆုံးပါ။ တောထဲမှာ တရားအားထုတ်တာ နှစ်ပေါင်း-၃၀ ကျော်ပါပြီ။ တရား ပြလာတာလည်း နှစ်ပေါင်း-၃၀ လောက် ရှိပါပြီ။ ကန္နီနည်းနဲ့ ပြပါတယ်။

ကန္နီဆိုတာ မုံရွာနယ်မှာရှိတဲ့ ကျေးရွာရှင် ကန္နီ ရွှေသိမ်တော် တောရ ဆရာတော်ဘုရားကြီး (၁၂၄၁-၁၃၂၈) ပါ။ အဲဒီ ကန္နီနည်းနဲ့ တရားပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိမမြင်တဲ့သူက ကမ္ဘာလှည့် ဘုရားဖူးတယ်ဆိုတော့ ဦးဌေးလှိုင်က အဆန်းထွင်တယ်လို့ ပြောရင်လည်း ကွန်တော် ခံရမှာပါ။ သူ့အစ်ကိုကို ကြော်ငြာတယ်လို့ ပြောရင်လည်း ခံရမှာပါ။ သို့သော် ဒီနည်းဟာ အောက်ပြည်အောက်ရွာမှာ အင်မတန် လူသိများသော်လည်းပဲ အညာမှာတော့ ဒါ ဘာမှ မဆန်းပါဘူး။ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို ဘာမျှမဆန်းဘူး ဘုရား။

သို့သော် အဲဒီနည်းကို ရိပ်သာထောင်ပြီးတော့ ယောဂီတွေ အများအပြားနဲ့ ပြသတဲ့နေရာက မရှိတဲ့အတွက် လူထုထဲကိုတော့ ကျယ်ကျယ်လောင်လောင် ရောက်မလာပါဘူး။ ဆန်းတော့ဆန်းတယ်။ သို့သော် သိပ်မထူးပါဘူး။ ဒါတွေဟာ အညာ၊ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုမှာ အားလုံးလောက်နီးနီး သိနေကြတဲ့ ဖြစ်ရပ်ပါပဲ။ ဒီ ကန္တိနည်းဟာ အင်မတန်လည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။

ဒီ ကန္တိနည်းနဲ့ပြတဲ့အတွက် အဲဒီယောဂီဟာ ဒေါ်ခင်သိန်းလို့ ခေါ်ပါတယ်။ ယခု အသက် ၄၂-နှစ် ရှိပါပြီ။ ဘုတလင်၊ ညောင်ကန် ကျေးရွာအုပ်စု၊ အလယ်စုကျေးရွာ ဦးကျော်ငြိမ်း-ဒေါ်တင်စုတို့ရဲ့ သမီးပါ။ အခု ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# သတင်းပေးတာပါ

'ပရိသတ်ကိုပြောလိုက်ရင် မယုံကြည်တဲ့သူတွေ ငရဲကြီးလိမ့်မယ်။ အဲဒါကြောင့် မင်းတို့ ဘယ်သူ့မှမပြောရဘူး' ဆိုတော့ ဆရာတော်ကြီးက အနှစ်-၃၀ လုံးလုံး ထိန်းထားပါတယ်။ မပြောဝံ့ကြပါဘူး။

ပြီးခဲ့တဲ့ နွေက ရန်ကုန်မှာ ဆရာ ဦးစောသာရင်တို့ တရားရုံးချုပ်ရှေ့နေကြီး ဦးထွန်းရွှေတို့၊ နောက်ပြီးတော့ ပကာသနမဖက် ဓမ္မသက်သက်ကိုသာ လှူဒါန်းလိုတဲ့ ရွှေသရဖူ ဦးသန်းအောင်တို့ သူတို့က ကန္တိနည်းနဲ့ အားထုတ်ထားတာဆိုတော့ 'ကန္တိနည်းနဲ့ပြတဲ့ ပုဂ္ဂိုလ်ဟာ အလွန်ရှားပါးနေပြီ။ ဓမ္မာစရိယဦးဌေးလှိုင်ရဲ့ နောင်တော်ကြီးက ဒီနည်းနဲ့ ပြတယ် ပြောတယ်။ ကျွန်တော်တို့ပင့်ပြီးတော့ လျှောက်ပေးစမ်းပါ' ဆိုလို့ လျှောက်တယ်။

တိုတိုပြောကြစို့။

ဆရာတော်ကြီးက ၃-ရက်လောက် ငြင်းပါတယ်။

နောက်မှ လျှောက်ထားချက်ကို လက်ခံပြီးတော့ တရား အားထုတ်ကြတယ်။ ပြီးခဲ့တဲ့ တန်ခူးလက ရဟန်းယောဂီ လူယောဂီပေါင်း ၆၄-ပါး တရား အားထုတ်ကြပါတယ်နော်။ ဒါနသူရဲကောင်း ပကာသနမဖက် ဓမ္မသက်သက်ကိုသာ စွန့်စွန့်စားစား ပေးလှူရဲတဲ့ အလှူရှင်ပေါ် လို့နော်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေသရဖူ ဦးသန်းအောင်၊ အဲဒီပုဂ္ဂိုလ်ပေါ် လို့ ကျွန်တော်တို့ ဒီတရားပွဲကို လုပ်ခဲ့နိုင်တာပါ။

ကျွန်တော်လည်းပဲ အသက် ၆၈ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် တွဲဖက်ပါမောက္ခလုပ်ရတယ်။ အသက်-၇၀မှာ သာသနာရေး ဝန်ကြီးဌာနမှာ အကြံပေးပုဂ္ဂိုလ် လုပ်ရတယ်။ ၇၀ လည်းပြည့်ရော ဒီတရားထိုင်ပွဲကိစ္စ ရန်ကုန်မှာ လုပ်ဖြစ်ရော။

ကျွန်တော်က ဥက္ကဋ္ဌအဖြစ်နဲ့ ဆောင်ရွက်ပါတယ်။ သူတို့ပြော လို့နော်။ ဥက္ကဋ္ဌလုပ်ပြီး ဒီနည်းမှ မသိဘူးဆိုရင်လည်း မဟုတ်သေးဘူး ဆိုပြီး ကိုယ်ကိုယ်တိုင် ဝင်အားထုတ်ရပါတယ်။

အသက် ၇၁ ရောက်မှ ဝင်အားထုတ်ရပါတယ်။ ၇၁ ရောက်မှ ရာထူးက နားရတယ်။ အလုပ်က နားလည်းနားရော၊ မျက်စိတွေ မမြင် ရတော့ဘူး။ အခု ကျွန်တော် မမြင် မကန်းပါ။ ဟန်လုပ်ပြောနေရတာ။ မိတ်ဆွေတို့ကို ဒီသတင်းပေးချင်လို့ပါ။

အဲဒီတော့ ၇၁ ရောက်တော့ မျက်စိက မမြင်တော့ဘူး။ မျက်စိ မမြင်ရုံမှ မျက်စိမှိတ်ရတဲ့စိတ်နဲ့ အံကိုက်ပါ။ ကံကလည်း စီမံလိုက်တာ။

မျက်စိမှိတ်ရုံနဲ့တင် မဟုတ်သေးဘူးဗျာ။ ဟောဒီမှာ ကန္တနည်းက ပဝါကိုလည်း စည်းရသေးတယ်။ ဒီနှစ် နှစ်ဦးပိုင်းက ကျွန်တော် နှစ်လ။ ယောဂီ ၆၀ နဲ့အတူ အားထုတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြားကာလမှာ တစ်လလောက် မျက်စိ၊ နား၊ သွား တစ်ခါတည်း အကုန်လုံး ဝပ်ရှော့ထိုးပြီးတော့ ဆရာတော်ကြီးရော၊ ကျွန်တော်ရော ပေါ့။ ကျန်းမာရေးစစ်ဆေးပြီးတော့ ဘုတလင်၊ မြေဇင်းတောရမှာ တစ်ဝါတွင်းလုံး ရက်ပေါင်း (၉၀) စခန်း။ ရန်ကုန်က ယောဂီတွေ လိုက်လာပါတယ်။ စားစရိတ်၊ နေစရိတ် အကုန်လုံး တာဝန်ယူပြီးတော့၊ ကျွန်တော်ပဲ ဦးဆောင်ပြီးတော့ ကျွန်တော်ပဲ ကမကထလုပ် ဆောင်ရွက်ပါတယ်။

အဲဒီလို ဆောင်ရွက်လိုက်တဲ့အခါကျတော့ ဆရာတော်ကြီးက-

"မင်းတို့ ဘယ်သူ့မှ မပြောကြနဲ့ဟေ့။"

ဆရာတော်ကြီးက ရုပ်သိမ်းလိုက်ပါတယ်။

အဲဒီတော့ ခြွင်းချက်ကလေးနဲ့ "သဒ္ဓါတရားရှိတဲ့သူကိုတော့ ပြောနိုင်တယ်" ဆိုလို့၊ ဒါ ကျွန်တော် သတင်းပေးတာပါ။

အဲသလိုပြောလိုက်လို့ စိတ်ဝင်စားလာပြီးတော့ ဆရာတော်ကြီး ဆီမှာ ကျောင်းတွေ၊ ကန်တွေ၊ ဆွမ်းတွေ ကျွန်တော်တို့ ဒါ လုံးဝ မျှော်လင့်ချက် မရှိပါဘူး။ ဆရာတော်ကြီးကလည်း အဲဒီကျောင်းတွေမှာ သီတင်းသုံးရမယ့်အရွယ် မဟုတ်တော့ဘူး။

သို့သော် ဖြစ်စေချင်တာကတော့ အဲဒီနည်းကလေး ရစေချင်တာပါပဲ။ ကျွန်တော်က ဒီလိုပြောလိုက်လို့ အားလုံး စိတ်ဝင်စားပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် (တရားအားထုတ်ချင်တယ်)၂ ဆိုလည်း ကျွန်တော်တို့ လုံးဝ လက်မခံနိုင်ပါ။

သတင်းပေးရုံသက်သက်သာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲ။

အဲဒီမှာ ကျောင်းက ၂၅-ယောက် နေနိုင်ရုံပဲရှိတယ်။ လူက ၃၅-ယောက်လောက် အမြဲတမ်း Stand by စောင့်နေတယ်။ (ဒီအသုတ်ထွက်သွားရင် နောက်အသုတ်ဝင်မယ်)၂ အဲလိုပါပဲ။ ဆရာတော်ဘုရားကြီးက နှစ်ပေါင်း-၃၀ ဆွမ်းခံပြီးတော့ ကျွေးတာပါ။ တော ထမင်း၊ တောဟင်းနဲ့။

အဲဒီတော့ ရန်ကုန်ကပုဂ္ဂိုလ် စုပ်မိလို့ပြောတဲ့အခါ-

"ပြောင်းထမင်းနဲ့ နှမ်းဖတ်ချဉ်စားနိုင်ရင် မင်းတို့ လာလိုက်ခဲ့ကြ။"

ဆရာတော်ကြီးက အဲဒီလိုပဲ အမိန့်ရှိပါတယ်။

အဲဒီတော့ စိတ်ဝင်စားလို့ အားထုတ်ချင်တယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ လောလောဆယ်အားဖြင့် နေရာ မပေးနိုင်သေးပါ။ အစားအသောက် မပေးနိုင်သေးပါ။

ပြီးခဲ့တဲ့ နွေရာသီက ရန်ကုန်မှာ ဦးသန်းအောင်တို့ရဲ့ စေတနာ သဒ္ဓါ ရဲရင့်မှုကြောင့် သိန်း-၄၀ကျော်/၅၀ ကုန်ပါတယ်။ လူ ၆၀-ကျော်လောက် အောင်အောင်မြင်မြင် ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော်တို့ လုံ့လ၊ ဝီရိယ နှိုးဆော်တိုက်တွန်းမှု ညီအစ်ကို မောင်နှမ တူ အရီးတွေရဲ့ ဆောင်ရွက်မှုကြောင့် သိန်း-၂၀ လောက် ကုန်ပါတယ်။ ကျောင်းမှာလည်း ၂၅-ယောက်ပဲ ရှိပါတယ်။

အဲဒီတော့ အသိတော့ပေးတာပဲ။ တစ်နည်းအားဖြင့်ပြောရင် ကြော်ငြာတော့ ကြော်ငြာတာပဲ။ ကြော်ငြာဆိုလို့ လာဝယ်မယ့်သူကို လက်မခံနိုင်ဘူးဆိုတဲ့ ကြော်ငြာ အတော်ဆန်းတယ်နော်။ ဒီလို မဟုတ်ဘူးလား။

## ကန္တီနည်းအမွေရ
## ဖားအောက်တောရဆရာတော်

ဒါ အမှန်ကို တင်ပြတာပါ။ ဓမ္မမိတ်ဆွေများ ဒီနည်းစနစ်တွေ ထွန်းကားတိုးတက်လာတာကိုလည်း ပရိသတ်များ သိစေချင်ပါတယ်။

တစ်ဖက်ကလည်း မနေ့က သိပ္ပံပညာနဲ့ ကနေ့ သိပ္ပံပညာ မတူတော့ဘူး။ မနေ့က အဓမ္မဝါဒနဲ့ ကနေ့ အဓမ္မဝါဒ မတူဘူး။ တစ်ရှိန်ထိုး တိုးတက်လာသလို၊ အဲဒီ အဓမ္မဝါဒတွေကို ကာကွယ်တဲ့ နေရာမှာ, ခုခံတဲ့နေရာမှာ, တွန်းလှန် ဖြိုဖျက်တဲ့နေရာမှာ, ရန်သူက ထုထည်လက်နက် အားကောင်းလာတဲ့အခါမှာ ကိုယ်က ဒီရိုင်ဖယ် ကလေး၊ လှံကလေး၊ မြားကလေးနဲ့ ရပ်မလား။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဘက်ကလည်း ပိုပြီးတော့ အားပါတဲ့ ဒီလိုလက်နက်တွေ အားကိုးတွေ မရှိသင့်ဘူးလားဘုရား။ ရှိသင့်တယ်ဗျ။ ရှိလည်းရှိနေပြီဗျ။ ကျွန်တော် အဲဒါပြောချင်တာ။ အကယ်၍ တစ်ယောက်ယောက်က မ,တည်ပြီး ဘယ်နေရာ၊ ဘယ်နေရာမှာ လုပ်ချင်ပါတယ်ဆိုရင် အကူအညီ ပေးဖို့ ဒီသတင်းကို ကျွန်တော်ပေးတာပါ။

ကျွန်တော်လည်းပဲ ရန်ကုန်မှာ ထပ်ပြီးတော့ တစ်ဌာန ဆောင်ရွက်ပေးဖို့ မစွမ်းဆောင်နိုင်ပါဘူး။ နေရာလည်း မရှိပါဘူး။ ငွေကြေးလည်း မရှိပါဘူး။ အဲဒီလို ကျေနပ်တဲ့ပုဂ္ဂိုလ်များ အချင်းချင်း ညှိနှိုင်း စုပေါင်းပြီးတော့ အကယ်၍ ဆောင်ရွက်နိုင်ကြတယ်ဆိုရင် လျှောက်ထားပေးပါ့မယ်။ ဖြစ်မြောက်အောင် အကြံဉာဏ်တွေ ဆောင်ရွက်ပေးပါမယ်။

ဒီနည်းက အရမ်း အံ့သြစရာကောင်းပါတယ်။ အရမ်းလည်း ဝမ်းသာစရာ ကောင်းပါတယ်နော်။ အဲဒီတော့ ဒီက ဆရာတော်ကြီးက ပြောရင် ပြောနိုင်တယ်လို့ ခွင့်ပြုလိုက်တာနဲ့ ကျွန်တော်က ယောဂီတွေနဲ့ ဘာပြောကောင်းမလဲ။ ဘုတလင်မြို့နယ် ညောင်ကန်ဆိုတဲ့ ရွာကြီးက စ, ဟောတယ်။

နောက် မောင်းထောင်ဆိုတဲ့ အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့ ရွာမှာ ဟောတယ်။ ဘုတလင်မြို့မှာ ဟောတယ်၊ မုံရွာ ဆုတောင်းပြည့် တစ်ည ဟောတယ်။ မန္တလေးမှာ ၃-ပွဲ ဟောတယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြန်မာနိုင်ငံမှာ သမထ၊ သမာဓိကို ထူထောင်ပြီးမှ သွားတဲ့နည်းက တိမ်ကောသလို ဖြစ်နေပြီ။ ကျွန်တော်တို့ကိုယ်တိုင် သည်ပင်လျှင် အသက်-၃၀ လောက်ကတည်းက ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ခြေတော်ရင်းမှာ အားထုတ်ခဲ့ရစဉ်က ဆရာတော် ဘုရားကြီးက အင်မတန် စောင့်ရှောက်ပါတယ်။ မျှော်လင့်လည်း မျှော်လင့်တော်မူတာပါ။ ကျွန်တော်တို့က အင်မတန် ထက်ထက် မြက်မြက်နဲ့ ဒီလိုရှိပါတယ်။ သောဝစဂုဏ်လည်း ရှိတဲ့အတွက် အင်မတန် မျှော်လင့်ပြီးတော့ ခိုင်းတာပါ။

ကျွန်တော်တို့ အဲဒီ မဟာစည်နည်းနဲ့ လုပ်ခဲ့ရပါပြီ။ ရပါတယ်။ ချမ်းသာမှုတွေရပါတယ်။

နောက် ဝေဘူဆရာတော်ဘုရားကြီးနည်း၊ ခန္တီးဆရာတော် ဘုရားကြီးနည်း၊ ကျွန်တော်တို့ ဒီနည်းတွေ လုပ်ခဲ့ကြတာ။

ကျန်တဲ့ ဒီက မိုးမိတ်ဆွေ၊ တူ၊ တူမတွေလည်း ဒီအတိုင်းပါပဲ။ ဒီလိုပဲ လုပ်ကြတာပဲ မဟုတ်ဘူးလား။

သမာဓိကို ရှေ့ကထူထောင်ပြီး လုပ်တဲ့နည်းက မြန်မာနိုင်ငံမှာ အတော်ရှားသွားပြီ။ အဲဒါကြောင့် သမထကို ဦးစားပေး လုပ်ပြီးတော့ ဝိပဿနာသွားတဲ့နည်းဟာ ကန္ဒီနည်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## မခင်သိန်းကိုပေးတဲ့နည်း

ခုနကပြောတဲ့ မခင်သိန်းဆိုတဲ့ ယောဂီမဟာ မျက်စိမမြင်ပါဘူး။ သုံးနှစ်သမီးအရွယ်က မျက်စိကွယ်ပါတယ်နော်။ ဆရာတော်ဘုရားကြီးရဲ့ တူမလည်းတော်တယ်။ အဲဒီတော့ ဦးကျော်ငြိမ်းဆိုတာ သူ့အဖေပါ။ ဆရာတော်ဘုရားကြီးရဲ့ နှစ်ဝမ်းကွဲ အစ်ကိုပေါ့နော်။

"မောင်ကျော်ငြိမ်း၊ မင့်သမီးလေး အိမ်မှာ ဘာမှလည်း အသုံးမကျဘဲနဲ့။ ငါ့ကျောင်းပို့ထားလိုက်။"

သို့သော် မျက်စိမမြင်တဲ့သူဆိုတော့ ဘေးက ပြုစုရမယ့်သူ တစ်ယောက်ရှိမှ တရားအားထုတ်လို့ ရမှာကိုး။ အဲဒါနဲ့ တော်တော်နဲ့ တရား အားမထုတ်ဖြစ်ဘူး။

"ပို့လိုက်လေကွာ။ အဖော်တစ်ယောက်ရှာပြီးတော့ ထည့်လိုက်။"

ထပ်မိန့်ပြန်ရော။ တောကျောင်းမှာနော်။ နောက်တော့ ရောက်လာရော ဆိုပါတော့။

ရောက်လာတဲ့အခါကျတော့ ဆရာတော်ကြီးက သုံးနှစ်သမီး အရွယ်က မျက်စိကွယ်တဲ့ မခင်သိန်းကို ပေးတဲ့နည်းကို ပြောပါ့မယ်။

ပထမဆုံး အရဟံ (၃)ရက် ခိုင်းပါတယ်။

နောက် မေတ္တာ (၁)ရက် ခိုင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက် မရဏာဿတိဆိုတဲ့ အသုဘကို (၁)ရက် ခိုင်းပါတယ်။

သမထပေးပုံလေးပါ။ နမူနာလေးသိရအောင်လို့။

အဲသလို သဗ္ဗတ္ထကကမ္မဋ္ဌာန်း ကနဦး (၅)ရက် ပေးတဲ့အချိန် အတွင်းမှာပဲ နိမိတ်တွေ ပေါ်လာတတ်ပါတယ်။

နိမိတ်ဆိုတာ ဒီက အလင်းရောင်လေးတွေ ပြောတာပါ။

နောက် မရဏာဿတိပွားတဲ့အခါ သေရချည်သေး . . . ဆိုတဲ့ တရားကလည်း အင်မတန်ရိုးတယ်ဗျာနော်။

ဆရာတော်ကြီး ၈၃-နှစ်။ ဘယ်မှလည်း မရောက်ဖူးဘူး။ မူးစေ့၊ ကျပ်စေ့လည်း ဘာမှမသိဘူး။ ကျွန်တော်နဲ့ ညီအစ်ကိုဆိုပြီးတော့ တခြားစီပါ။

အဲဒီတော့ မရဏာဿတိပေးတာ။

(သေရချည်သေး)၂ ဆိုပြီးတော့ ဘာမှ စာတွေလည်း မပါဘူး။ အဲဒီ (သေရချည်သေး)၂ကို ရွတ်လိုက်တာ တစ်နေကုန်၊ တစ်ညလုံး ကိုယ့်မှာသာကိုယ် ကြည့်နေရတာ။ အသုဘဆယ်မါးလုံး ဖြစ်ပါတယ်။ အရိုးတွေ ပုပ်ပွနေတာ ဘာညာပေါ့လေ။ အရိုးပဲကျန်တော့တယ်။ အဲဒီသုစရာကောင်းပါတယ်။ သမဆာရဲ့တန်ခိုးတွေပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ၅-ရက် ခိုင်းပြီးတဲ့နောက် ထွက်လေ၊ ဝင်လေကို မှတ်ရပါတယ်။ ဒါ ပရိသတ်များသိပြီးသားပါ။ မွေမိတ်ဆွေများ အားလုံးနားလည်ပြီးသားပါ။

နာရီသာချထားတာ မမြင်ရဘူး။ ထားတော့၊ ကုန်အောင်ပြောမယ်။ လိပ်ပတ်လည်အောင်တော့ ပြောမယ်။ အဲဒီ ထွက်ထိသည်၊ ဝင်ထိသည်ပါပဲ။ အတိုချုပ်ပြောရရင် ဒီဘက်က ထိသည်၊ တစ်ခါ ပြီးရင် (တစ်)လို့ မှတ်ရတယ်။ ထိသည့်နောက်တစ်ခါဆိုရင် (နှစ်) လို့မှတ်ရတယ်။

အဲဒါကို (ရှစ်)အထိ မှတ်ပါတယ်။

မှတ်ပြီးတော့ အဲဒီ (ရှစ်)ကို ဒီမှာထားပါတယ်။ နောက် (ရှစ်) ရောက်တော့ ဒီလက်ကောက်ဝတ်မှာ ထားပါတယ်။ နောက် (ရှစ်) ရောက်တော့ ဒီတတောင်ဆစ်မှာ ထားပါတယ်။ နောက် (ရှစ်)ခုပြည့်ရင် ပခုံး၊ နောက် (ရှစ်) ချိုစောင်း၊ အားလုံး (ငါးခု) ရှိပါတယ်နော်။

နောက် ဒီဘက်လှည့်ပြီးတော့ (ရှစ်)ခုထားပါတယ်။ တိုတို ပြောရင်တော့ ဖုသနာနည်း ဂဏနာနည်းကို ပေးတာပါ။ ဒီလိုပဲ လွယ်လွယ် မှတ်လိုက်ပါတော့နော်။ ဘယ်-ညာ နှစ်ခုပေါင်းရင် (၈၀) ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖုသနာနည်းနဲ့ ဂဏနာနည်း။

ဖုသန-ဆိုတာ ထိတာကိုသိတာ။ ဂဏန-ဆိုတာ (၁)၊ (၂)၊ (၃)၊ (၄)ရေတွက်တာ။ Counting လုပ်တာပေ့ါလေ။ ဒီနှစ်ခုကို ညှပ်ပြီးတော့ ကိုင်လိုက်တဲ့အခါရောက်တော့ ဝိတက်စိတ်လေးက မပြေးသာတော့ဘူး။

အဲဒီမှာ တစ်ခါတည်း လွှန့်လွှန့်နဲ့ ဝိတက်စိတ်လေး ငြိမ်ကျသွားတော့တယ်။

အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိတဿ စ။

အဘိဓမ္မာတတ်တဲ့ ပုဂ္ဂိုလ်တွေက ဝါရေ့ ဝါမှတ်လို့ ခေါ်ပါတယ်။ မှတ်တာရယ်၊ ထိတာ သိတာရယ်။

ဖုသနနဲ့ ဂဏနညှပ်ပြီး ထားလိုက်တဲ့ ဝိတက်လေးက ဘယ်မှ မပြေးနိုင်တော့ဘူး။ လည်စင်းပြီးတော့ခံရတယ်။ မောဟလည်း ဘယ်မှ မထွက်နိုင်တော့ဘူး။ အဲဒီမှာ အာရုံနိမိတ်တွေ၊ နှာသီးဖျားမှာ၊ နှာခေါင်းပေါက်မှာ၊ မျက်နှာမှာ၊ အလင်းလေးတွေ ပြိုးပြိုးပြက်ပြက် ပေါ်လာပါတယ်။

အဲဒီအလင်းလေးတွေကို စုထားတာပါ။ အဲဒီအလင်းလေးတွေ စုထားပြီးတော့ ကြီးစေ၊ ငယ်စေ၊ သေးစေ၊ လင်းစေဆိုတဲ့ အမျိုးမျိုး ကိုယ့်စိတ်ဆန္ဒ ရှိတဲ့အတိုင်း အဲဒီနိမိတ်ကို စေခိုင်းတဲ့နည်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအလင်းလေးတွေကို ပရိကမ္မနိမိတ်။

ပထမ ထိတာ သိတာလေး ကြည့်တာက ဦးစွာ အခြေချပြီး ကြည့်တာက ပရိကမ္မနိမိတ် ခေါ်ပါတယ်။

အဲဒီ ပရိကမ္မနိမိတ်က အလင်းရောင်တွေဖြစ်လာပြီးတော့ ခိုင်းသလို စေသလို လုပ်လို့ရတဲ့အဆင့်ရောက်တော့ ဥဂ္ဂဟနိမိတ် ခေါ်ပါတယ်။

နောက် အဲဒီ ဥဂ္ဂဟနိမိတ်က အလွန်မှ ကြည်လင်ပြတ်သား လာတဲ့အချိန်ရောက်တော့ ပဋိဘာဂနိမိတ် ခေါ်ပါတယ်။

အဲဒီ နိမိတ်ကို ယောဂီက ကိုယ့်ယောဂီကျောင်းက နေပြီးတော့ ရွှေတိဂုံဘုရားကြီးကို လှမ်းဖူးတယ်ဗျာ။ ယောဂီကိုယ်တိုင် ရင်ပြင်ပေါ် ရောက်ပါတယ်။

ငှက်မြတ်နားကို ဖူးချင်ရင် ငှက်မြတ်နားနဲ့ Level ယောဂီက ရောက်နေပါတယ်။ အဲဒီငှက်မြတ်နားကြီးမှာ ရွှေဒင်္ဂါးကြီးက စိန်တွေက ဘယ်နှစ်လုံး။ မြကဘယ်နှစ်လုံးဆိုတာ ဒီလို ရေလို့တောင်ရပါတယ်။ အင်မတန် ဆန်းကြယ်ပါတယ်။

ဝေ ပုဒ္ဓါ အစိန္တိယာ၊ ပုဒ္ဓဓမ္မာ အစိန္တိယာ။

ပုဒ္ဓါ - ဘုရားရှင်အဆူဆူတို့သည်။

www.burmeseclassic.com

www.burmeseclassic.com



အစိန္တိယာ - စိတ်ကူးကြံဆ၍ မရအောင် ဘုန်းတန်ခိုး ကြီးမြတ်တော်မူကြပါပေကုန်၏။

ဗုဒ္ဓဝိသယော အစိန္တိယာ။

ဗုဒ္ဓဝိသယော - မြတ်စွာဘုရား ဟောကြားညွှန်ပြတဲ့ ဓမ္မဆိုတဲ့ တရားတန်ခိုးအာနိသင်တို့သည်လည်းပဲ။

အစိန္တိယာ - ကြံစည်စိတ်ကူး၍ မရအောင် အလွန်တရာမှ ဆန်းကြယ် နက်နဲကြပါပေကုန်၏။

ဒါ လက်တွေ့ဖြစ်ပါတယ်။ အဲဒီတော့ ယောဂီ ဒေါ်ခင်သိန်းကို ပေးတဲ့နည်းပါ။ ဒီနည်းက ၁၅-ရက်ဆိုရင် ယောဂီတို့ ဖူးလို့ရပါပြီ။ ဘုရားဖူးလို့ရပါတယ်။

ဒါတွေမှာ ဒီမှာ ဘုရားဖူးတဲ့ပုဂ္ဂိုလ်တွေအတွက် အလွန်ဆန်းကြယ်ပေမယ့် စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုဒေသတို့မှာ ဒါတွေဟာ အဆန်း မဟုတ်တော့ပါဘူး။ အတော်များများ နိမိတ်နဲ့ ဘုရားအဆူဆူ အဲဒီက လူတွေ ဖူးပြီးနေကြပါပြီ။

အဲဒီတော့ မြန်မာနိုင်ငံအနှံ့ ဘုရားတွေဖူးလို့ရတယ်။

အိန္ဒိယက ဘုရား၊ ဗုဒ္ဓဂယာဘုရား ဖူးလို့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာဖူးခိုင်းတဲ့အခါ ရောက်တော့ သုံးနှစ်သမီးအရွယ်က မျက်စိမမြင်တဲ့ ကလေးမလေးဟာ ဘုရားဆိုတာ သူသိခဲ့ရင် ထုံးဖွေး ဖွေးနဲ့ သပိတ်မှောက်နဲ့ ဒီလိုပဲ သူသိခဲ့မယ်လေ။

"အဲဒီမှာ ညောင်ပင်ကြီး ဘယ်နှစ်ပင်တွေ့သလဲ။"

"နှစ်ပင်တွေ့တယ်ဘုရား။ မြောက်ဘက်ကညောင်ပင်က ပိုစည် တယ်။ တောင်ဘက်က ညောင်ပင်က မစည်ဘူးဘုရား။"

"အဲဒီမှာ ဘုရားမတွေ့ဘူးလား။ စေတီမတွေ့ဘူးလား။"

"စေတီ ရှာလို့မတွေ့ဘူး ဘုရား။"

အဲဒီ မျက်မမြင် 'ခင်သိန်း' သုံးနှစ်သမီးအရွယ်က မျက်စိကွယ် တာလေ။

"သေချာကြည့်စမ်း။ အဲဒီညောင်ပင်နားမှာ တွေ့လိမ့်မယ်။"

လှည့်ပတ်၊ အပေါ်တက်ကြည့်လိုက်။ အောက်ဆင်းကြည့်လိုက်။

"ဟိုလို လေးထောင့်ကြီးတစ်ခုတော့တွေ့တယ်။ လေးထောင့် ကြီးလေ။ အပေါ်ရောက်တော့ ရှူးသွားတယ်" တဲ့။

"အဲဒီ လေးထောင့်ကြီးက ဗုဒ္ဓဂယာ မဟာဗောဓိစေတီဆိုတာ အဲဒါပဲ။ အသောကမင်းကြီး တည်ထားခဲ့တဲ့ဘုရား။ ဘုရားရှင်အဆူဆူ ပွင့်တော်မူတာ ဒီနေရာပဲ ပွင့်တယ်။ အဲဒီမှာ မဟာဗောဓိစေတီဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါပဲ” ဆိုပြီးတော့ ဆရာတော်က အမိန့်ရှိရပါတယ်။ အဲဒီကမှ ၄လေးထောင့်။ အပေါ်ရောက်တော့ ရှူးသွားတယ်တဲ့။

ဩော် မြတ်စွာ ဘုရားပါလား ဆိုပြီးတော့ ‘ခင်သိန်း’ကနော်။

‘ဩော် . . . ဘုရားဆိုတာ ဒီလိုပုံလည်း ရှိသကိုး။’

သူ ကြည်ညိုရှာတာ ဘုရား။

ထို့အတူ သီဟိုဠ်မှာရှိတဲ့ဘုရားတွေ၊ တာဝတိံသာမှာရှိတဲ့ ဘုရားတွေ၊ မြတ်စွာဘုရားရှင်ရဲ့ ဆံတော်တွေ၊ ဓာတ်တော်တွေနဲ့မွေတော်တွေ၊ စွယ်တော်တွေနဲ့နော်။ အရင်းမွေဇာစ်အတိုင်း ဖူးရ ကြည့်ရတဲ့ ဒိဗ္ဗစက္ခုရဲ့ တစ်စိတ်တစ်ဒေသ။ ဓမ္မစက္ခု။

အဲဒါ ဒီ ၁၅-ရက်၊ ရက်-၂၀ နဲ့ သမထကို ထူထောင်တယ်။ လူတိုင်းလောက်နီးပါး ဖူးရ ကြည်ညိုရပါတယ်။ အဲဒီ သမထ တစ်လ လုပ်ရပါတယ်။ လှည့်ပတ်ပြီးတော့ ဘုရားတွေ ဖူးရပါတယ်။

## သဒ္ဓါတရားဖြစ်ပွား

နောက်တစ်လရောက်တော့ ရူပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟ တစ်ခါတည်း ဝိပဿနာကို သွားပါတယ်။ အဲဒီ ဝိပဿနာသွားတော့အခါ

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ခန္ဓာကိုယ်မှာ Blood Circulation သွေးတွေလည်ပတ်နေတယ်။ ဟဒယဝတ္ထု အလုပ်လုပ်နေပုံ။

အထဲမှာရှိတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေ တစ်ခုနဲ့တစ်ခု အပေးအယူ လုပ်နေပုံ၊ ဆက်သွယ်နေပုံတွေ၊ ပြောင်းလဲဖြစ်ပျက်နေပုံတွေ၊ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တ အစိုးမရတဲ့သဘောတွေ ရှင်းရှင်းလင်းလင်း မြင်ရပါတယ်ဘုရား။ အလွန် အံ့သြစရာကောင်းပါတယ်-တဲ့။

သမထကိုထူထောင်ထားတဲ့အတွက် ဝိပဿနာရောက်တော့ သမထဆိုတာ၊ ဟိုဟာဒီဟာ ထူးတယ်ဆိုတာ ဒါ ဘာမှ အရေးကြီးတဲ့ ကိစ္စ မဟုတ်ပါဘူး။ ဒါပေမယ့် သဒ္ဓါတရားတွေတော့ အရမ်းဖြစ်ကြရတယ်ဗျာ။ အလောင်းတော်မြတ်ရဲ့ ဆံတော်ဌာပနာထားတဲ့ စူဠာမဏိ စေတီမှာ ဆံတော် ဒီအတိုင်း ဖူးရတာပဲ။ မျက်စိအောက်မှာတင်။

အဲဒီတော့ ဒီသဒ္ဓါတရားတွေက ဒီမှာ မခံနိုင်တော့ဘူး။ တစ်ခါတည်း လျှံကျလာတာ။ ဒါတွေဟာ ဒိဗ္ဗစက္ခုရတဲ့ နတ်တွေ၊ ဗြဟ္မာတွေ တန်ခိုးဣဒ္ဓိပါဒ် ရှိသူတွေသာ ဖူးနိုင်တဲ့ဟာ။ ဒါတွေလည်း ဖူးရပါတယ်။

သို့သော် ဖူးရတာ လောကီပါ။ သမထတွေပါ။ ဒါတွေလည်း အရေးမကြီးပါဘူး။ ဟုတ်လည်းဟုတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ် ဝိပဿနာ အားထုတ်တဲ့အခါ အဲသလို သမထ၊ သမာဓိကို အားကောင်းအောင် ထူထောင်ထားတဲ့အခါရောက်တော့-

ယထာ သမာဓိ ဝိပါကပညာ မဟပ္ပလာ မဟာနိသံသာ. . .

အလွန်ကို တန်ဖိုးရှိတယ်ဘုရား။ TV ဖန်သားပြင်မှာ ခွဲစိတ်ခန်း ကြည့်နေရသလို ဒီလို သဘောပေါက်ပါတယ်။ ဒီလို ခံစားရပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော်က သတင်းပေးတာပါ။ ဒီက တူ၊ တူမတွေ၊ ညီတော်၊ နောင်တော်တွေ အားထုတ်စေချင်ပါတယ်။

## ကိုယ်တိုင်ဝန်ခံလာရလိမ့်မယ်

ဟိုး စစ်ကိုင်းက အနောက် ပရက္ကမဆရာတော်ကြီးဆိုတာ ဒီနည်းပါ။ အရှေ့ ပရက္ကမဆိုတာ ဒီနည်းပါပဲ။

အေးမြို့ချောင်ဆရာတော်ဘုရားကြီးဆိုတာလည်း ဒီနည်းပါပဲ။ အညာမှာတော့ အများကြီးပဲ သိကြပါတယ်။ သို့သော် ဆရာတော်ဘုရားကြီးတွေက ဒီနည်းကိုရပြီးတော့ တစ်ကိုယ်ရည်ပဲ များသောအားဖြင့် ချမ်းသာသုခ ခံစားတော်မူကြတယ်။ ပရိသတ်နဲ့ ရိပ်သာကြီး ထောင်ပြီးတော့ မပြတဲ့အတွက် နားထဲမှာ ဆန်းနေကြတာပါ။ အဲဒီတော့ နိဂုံးချုပ်ပါမယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီသမထကို ထူထောင်လိုက်တဲ့အတွက် ဝိပဿနာရောက်တဲ့အခါရောက်တော့ အင်မတန်မှ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားနဲ့ ဝိပဿနာရှုပွားတဲ့နေရာမှာ အချိန်တိုတိုနဲ့ ခရီးရောက်တယ်ဆိုတာကို 'ဘာဝနာပါရဂူကျမ်း' ဆိုပြီး စစ်ကိုင်းတောင် အနောက်ပရက္ကမဆရာတော်ဘုရားကြီးက ရေးသားပါတယ်။ ဒီစာအုပ်ကို သာသနာရေးဦးစီးဌာနမှာ ရိုက်ပါတယ်။

ဘာဝနာပါရဂူကျမ်းမှာ 'ဝိပဿနာသက်သက် ရှုပွားတာနဲ့ အခုဒီသမထကို ထူထောင်ပြီးတော့ ရှုပွားတာနဲ့ ဘယ်အတိုင်းအတာထိ ကွာခြားတယ်ဆိုတာ ကယကံရှင်ကိုယ်တိုင် ဝန်ခံလာရပါလိမ့်မယ်' တဲ့။

ဆရာတော်ဘုရားကြီးများကတော့ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နဲ့ အဲသလောက်ပဲ အသိ ပေးတော်မူကြတာပါ။

ဝိနည်းသိက္ခာပုဒ်တွေကလည်း ရှိသေးသကိုး။

## အဟုတ်မယုံခဲ့လို့

ကျွန်တော်ကတော့ဖြင့် အသက် ၇၁-နှစ်မှာ ဒီနည်းကို အားထုတ်ရတဲ့အတွက် ကျွန်တော်ကိုယ်တိုင်လည်း အင်မတန် အံ့ဩခြင်းဖြစ်ရပါတယ်။ သိသင့်သလောက် သိသော်လည်းပဲ ဆရာတော်ဘုရားကြီးအား

www.burmeseclassic.com

www.burmeseclassic.com



မဟောပြောနဲ့ဆိုလို့ ကျွန်တော် စာလည်းမရေးပါဘူး။ ဆရာတော်ဘုရားကြီးအကြောင်း၊ ဒီနည်းအကြောင်း ဟောလည်းမဟောပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း ပြည့်ပြည့်စုံစုံ မသိဘူး။ သာမန်ပဲသိတာ။

အသက် ၇၁-နှစ် မော်ဘီမှာစပြီး အားထုတ်ရတဲ့အချိန်က စပြီးတော့ စောစောက ၁၄၊ ၁၅-ရက်လောက် အားထုတ်ရုံနဲ့ ဒီလိုကြီးကျယ်မြင့်မြတ်တဲ့ သမထ ဝိပဿနာတရားတွေကို သိရတယ်ဆိုတာဟာ ဒါဟာ တကယ်ကို ယုံချင်စရာမကောင်းပါ။ အဲဒီတော့ ဒါကိုတော့ဖြင့် ငါ သိအောင်၊ လူတွေ သဘောပေါက်လာအောင် ငါ သတင်းပေးမှပဲ ဆိုပြီးတော့ ကျွန်တော် သတင်းပေးခြင်း ဖြစ်ပါတယ်။

ကျွန်တော်ကိုယ်တိုင်သည်ပင်လျှင် ကျွန်တော့်နောင်တော်ကြီး အနှစ်-၃၀ အားထုတ်နေပေမယ့် မလုပ်ဖြစ်ပါဘူး။ မောင်ထောင်မြေဇင်းတောရကို နှစ်တိုင်းလိုလို ရောက်တယ်။ ကျွန်တော် မလုပ်ဖြစ်ပါဘူး။ မလုပ်ဖြစ်တာဟာ တစ်နည်းအားဖြင့်ပြောရင် ယုံတယ်ဆိုပေမယ့် အဟုတ် မယုံလို့ပါ။ အခုလည်း မယုံကြပါနဲ့ဦး။

မာအနုဿဝေန ကာလာမ၊

ကာလာမ - ကာလာမသတို့သားတို့၊

မာ အနုဿဝေန - ဟုတ်လှပြီ၊ မှန်လှပြီဆိုပြီး တစ်ဆင့်ကြားနဲ့ မယုံကြည်ကြပါနဲ့ဦး . . . တဲ့ ဘုရားက။

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ စမ်းသပ်ဖြစ်အောင် စမ်းသပ်ကြပါ။

သို့သော် လောလောဆယ်တော့ ဟိုမှာ လက်ခံနိုင်တဲ့ အစီအစဉ်တော့ မရှိသေးပါဘူး။ စားမှု နေမှု အားလုံး စေတနာရှင်၊ ပါရမီရှင်၊ ပါရမီဖြည့်ဖက်များ ပေါ်ပေါက်လာမယ်ဆိုလျှင်တော့ တရားစခန်းတွေ ထပ်ပြီးဖြစ်ပေါ်အောင် ကျွန်တော် ပံ့ပိုး ကူညီနိုင်ပါတယ်ဆိုတာ သတင်းကောင်းပေးရင်းနဲ့ ကျွန်တော့်ပြောဟောချက်ကို ရပ်နားခွင့်ပြုပါ။

အားလုံး ကိုယ်စိတ်နှလုံး ချမ်းသာကြပါစေ။

(သာဓု . . . သာဓု . . . သာဓု . . .။)

* * *

www.burmeseclassic.com

www.burmeseclassic.com

ဟောပြောသူနှင့်

နာယူသူတို့၏

# အမေး-အဖြေ ကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အသိဉာဏ်ပညာ ကြီးအောင်ဆိုတာ

ပရိယတ္တိပါ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ် (၁) နှင့် အဖြေ

❖ သာသနာ့အာဇာနည်ပုဂ္ဂိုလ်များသည် အသိဉာဏ်ပညာ ကြီးမားအောင်၊ ကိလေသာငြိမ်းအောင်နှင့် အများအကျိုးအတွက် ဆောင်ရွက်ခြင်းတည်းဟူသော အချက် ၃-ချက်ကို အဓိကအားဖြင့် ဆောင်ရွက်ရမည်ဟု ထင်ပါသည်။ ထို့အတူပင် ဤအချက် ၃-ချက်ဖြင့် ပြည့်စုံသော တိုင်းပြည်သား များပြားသော တိုင်းပြည်သည် ပို၍ ငြိမ်းချမ်းသာယာမည်ဟု ထင်ပါသည်။ ဆရာကြီး၏အမြင်ကို သိပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



❖❖ မေးခွန်းက တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းပါ။ မေးထားတဲ့စကားလုံးထက် အဓိပ္ပာယ်တွေက ပိုပြီးတော့ လေးနက်နေပါတယ်။ ဆရာမ ဒေါ်အေးအေး မေးခွန်းလေး ဒီယူခဲ့ပါဦး။

သာသနာ့အာဇာနည်ပုဂ္ဂိုလ်များသည် အသိဉာဏ်ပညာ ကြီးမားအောင်၊ ကိလေသာငြိမ်းအောင်နှင့် အများအကျိုးအတွက် ဆောင်ရွက်ခြင်း၊ ဒီ ၃-ချက်ဖြင့် ဆောင်ရွက်ရမည်ဟု ထင်ပါသည်-တဲ့။ ဒါ အမှန်ပါပဲ။

နံပါတ် (၁)က အသိဉာဏ်ပညာ ကြီးအောင် လုပ်ရပါမယ်။ သို့သော် အသိဉာဏ်ပညာ ကြီးအောင်ဆိုတာ ပရိယတ္တိပါ။ ပရိယတ္တိနဲ့လည်း မလုံလောက်သေးဘူး။ ကိလေသာငြိမ်းအောင်လည်း လုပ်ရမယ်။ ဒါက အရေးကြီးဆုံး နံပါတ် -၂ အလုပ်ပါ။ အသိဉာဏ်လည်းရှိ၊ ပရိယတ္တိ လည်းရှိတယ်။ ပဋိပတ္တိလည်း ရှိတယ်ဆိုရင် အများအကျိုး ဆောင်ရွက်ဖို့ လိုပါတယ်။

အဲဒီတော့ ပရိယတ္တိ၊ ပဋိပတ္တိများရှိရင် အများအကျိုး ဆောင်ရွက်ဖို့ဆိုတာ စည်းကမ်းသတ်မှတ်ဖို့တောင် မလိုတော့

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ အလိုလိုကို သူက ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဆောင်ရွက်တော့မှာပါပဲ။

အဲသလိုဆောင်ရွက်မှသာလျှင် ၃-ချက်ပြည့်စုံသောတိုင်းပြည်သည် ပို၍ ငြိမ်းချမ်းသာယာမည်-ဟု ထင်ပါသည်။ ဆရာကြီးအမြင် သိပါရစေတဲ့။

ဒီ ၃-ချက်နဲ့ ပြည့်စုံနေရင်တော့ ဒီပုဂ္ဂိုလ်ရော၊ ဒီတိုင်းပြည်ရော ပြောစရာ မလိုပါဘူး ဘုရား။ သို့သော် နံပါတ် (၁)က အသိဉာဏ်ပညာ ရှိခြင်းဆိုတဲ့ဟာက အသိဉာဏ်ပညာ ဆိုတဲ့ဟာကလည်း အင်မတန် အရေးကြီးပါတယ်။ Education ပေါ့နော်။ ဒီအသိဉာဏ်ပညာက ပရိယတ္တိ၊ ကိလေသာ ငြိမ်းအေးတာက ပဋိပတ္တိ။

အဲဒီတော့ ပရိယတ်ရော ပဋိပတ်ရော ပြည့်စုံပြီးတော့ အများကောင်းကျိုးကို ဆောင်ရွက်နိုင်မှ၊ ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ရော၊ နိုင်ငံရော ငြိမ်းချမ်းမယ်ဆိုတာ အထူးပြောစရာ မရှိပါဘူး ခင်ဗျား။ မေးခွန်းကိုက အဖြေပါပြီးသား ဖြစ်နေတဲ့အတွက် အဲသလောက်ပဲ ကျေနပ်ပါ။

နောက်တစ်ခု ဆက်ဖတ်ဗျာ။

* * *

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အပိတ်အပင်

အတားအဆီးမရှိ

တိုးလျှိုပေါက်

အကုန်မြင်ရပါတယ်။

ဒီပွစက္ခုရဲ့

တစ်စိတ်တစ်ဒေသပါ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ်(၂) နှင့် အဖြေ

❖ ဘဝင်စိတ်သည် ဟဒယဝတ္ထုကို မှီပါသည်။ ထိုဟဒယဝတ္ထုသည် မည်သည့်ဟဒယ မည်သည့်အရာ ဖြစ်ပါသနည်း။ ၎င်းဟဒယဝတ္ထုသည် ရုပ်တရားလော၊ နာမ်တရားလော။ ရှင်းပြပေးပါခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



❖❖ မေးတာလေးက အလွန် Main Point ကျတဲ့မေးခွန်းလေးပါပဲ။ ဒါပေမယ့် နည်းနည်း ကမန်းကတန်း ရေးရလို့ထင်ပါတယ်။ ခေါင်းနဲ့ ရင်ချိုင့်နဲ့ ရောနေတယ်။

အဲဒီတော့ ကျွန်တော် သဘောပေါက်သလောက် ရှင်းပြပါရစေ။ နားလည်သလောက် ရှင်းပြပါရစေနော်။

ဘဝင်စိတ်သည် ဟဒယဝတ္ထုကို မှီပါသည်။ ထိုဟဒယဝတ္ထုသည် မည်သည့်အရာ ဖြစ်သနည်း။ ၎င်းဟဒယဝတ္ထုသည် ရုပ်တရားလား။ နာမ်တရား။

ရှင်းပါတယ်။ မေးခွန်းလေးကနော်။

ဟဒယဝတ္ထုကတော့ ရုပ် တရားပါပဲ။ နာမ်တရားမဟုတ်ပါဘူး။ နာမ်တရားဆိုတာဟာ အဲဒီ ဟဒယဝတ္ထုကို မှီတာပါ။ ဟဒယ ဆိုတာ ရင်ချိုင့်ပါပဲ။

ကျွန်တော်တို့ ဒီမြေဇရပ်တောရ ဆရာတော်ဘုရားကြီးနဲ့တကွ ကန္နီနည်းနဲ့ ပြသနေတဲ့ ကျင့်ကြံပွားများနေတဲ့ ပုဂ္ဂိုလ်တိုင်းဟာ နံပါတ် (၁) နှာခေါင်း၊ အာနာပါန၊ ရုပ်တရားပါ။ နှာခေါင်းဆိုတာ ကလည်း ရုပ်တရားပါ။ ထွက်လေဝင်လေ ရှူတာလည်း ရုပ်တရားပါ။

www.burmeseclassic.com

www.burmeseclassic.com


ထိတယ်ဆိုတာလည်း ကာယပသာဒနဲ့ ဝတ္ထုရုပ် ထိတာ ခေါ်တယ်။ နံပါတ် (၁) နှာခေါင်းမှာ ထိတာ သိတာကို Targetအနေနဲ့ ရှုပွားရပါတယ်။ အဲဒီတော့ ထွက်လေ ဝင်လေဟာ ခန္ဓာကိုယ်ရဲ့ Main ပါပဲ။

တစ်နည်းအားဖြင့် တစ်နွယ်ငင် တစင်ပါ ဆိုသလို အင်မတန် အချက်အချာကျတဲ့ ခန္ဓာကိုယ်ရဲ့ Main Point တစ်ခုပါပဲ။

အဲဒါ မယုံရင် နှာခေါင်းကို ၁၀-မိနစ်လောက် ပိတ်ကြည့်ပါ။ ရမလား။ ဟိုးလွန်ခဲ့တဲ့ အနှစ်-၃၀ကျော်က ဗီယက်နမ်မှာ အောက်ဆီဂျင်ဗုံး ချသွားတယ်။ အောက်ဆီဂျင်ဆိုတာ ကျွန်တော် တို့က ဒီမှာ ဒီလေတွေ ရှူနေရလို့ တန်ဖိုးမရှိဘူး၊ ဒီ ထွက်လေ ဝင်လေ တန်ဖိုးမရှိဘူးလို့ ထင်နေတယ်။ ဒီမှာ အောက်ဆီဂျင် တွေ ပျံ့နေတာ။ အဲဒီလို အောက်ဆီဂျင်တွေကို ရှူရလို့ ကျွန်တော်တို့ အသက်ရှင်တာပါ။

အဲဒီလေထဲမှာရှိတဲ့ အောက်ဆီဂျင်တွေကို အကုန်လုံး စုလိုက် ပြီး ချုပ်ပြီးတော့ ဆွဲယူသွားတဲ့ ဗုံးကို အောက်ဆီဂျင်ဗုံး ခေါ်ပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုယက်နမ်မှာ အဲဒီဖုံးကို ချတယ်။ ရှုစရာလေသန့်တွေ မရှိတော့ဘူး။ အဲဒီတော့ လူတွေဟာ ဒက်, ဒက် ဆိုပြီးတော့ မတ်တပ်ကလဲပြီးတော့ ကျတယ်။ အဲဒီတော့ ထွက်လေ ဝင်လေဟာ အဲသလောက်ထိ အညွှာကျပါတယ်။ ဒါ ရုပ်တရားပါ။

နောက် ဟဒယဝတ္ထု။ ဒီက မေးတဲ့ပုဂ္ဂိုလ်ကတော့ ကိုကျော်ကျော်။ မြောက်ဥက္ကလာက။ သုခိတာလမ်းလား၊ သုစိတ္တာလမ်းလား၊ ကိုမောင်ကျော်ကျော် မေးတာက ဟဒယဝတ္ထုပါ။ ဟဒယဝတ္ထုကလည်း ခန္ဓာကိုယ်မှာ ပိုပြီးတော့ အချက်အချာကျတဲ့ Centre ကျတဲ့ အင်မတန်သိမ်မွေ့တဲ့ သုခုမ ရုပ်တစ်ခုပါပဲ။ ဗမာလိုကတော့ 'ရင်ချိုင့်'၊ ဒီလို ခေါ်ပါတယ်။ ကျွန်တော်တို့ ထွက်လေဝင်လေနှင့် အာနာပါနကို သမထအဖြစ် ၁၅-ရက်လောက် သမာဓိထူထောင်ပြီးရင် တစ်လောကလုံး ကြည့်ချင်ရာကြည့် အပိတ်အပင် အတားအဆီး မရှိ၊ တိုးလျှိုပေါက် အကုန်မြင်ရပါတယ်။ ဒိဗ္ဗစက္ခုရဲ့ တစ်စိတ်တစ်ဒေသပါ။ အဲဒီ သမထပြီးသွားရင် ရင်ချိုင့်ကို ဆရာတော်ဘုရားကြီးက ရှုခိုင်းပါတယ်။ ရုပ်ရုပ် ရုပ်ရုပ်နဲ့ ရှုခိုင်းတယ်။ တရားကလည်း

www.burmeseclassic.com

www.burmeseclassic.com



ရိုးလိုက်တာဗျာ။ ဘာမှ အဆင်တန်ဆာ မပါဘူး။ ပါဠိပါဠ်သွား တွေနဲ့ ပရိသတ်အထင်ကြီးအောင် ရွှတ်တာ ဖတ်တာမျိုး ဘာမှ မပါဘူး။ ရင်ချိုင့်ကို ရုပ်ရုပ်၊ ရင်ချိုင့်ကို စိုက်ရှုတဲ့။ ကျွန်တော့်တို့ အဲဒီလိုပဲ ရှုခဲ့ရပါတယ်။ ရင်ချိုင့်ဆိုတာ ဟဒယဝတ္ထု ရှိတဲ့ နေရာပါ။

ဟဒယဝတ္ထုမှာပဲ စိတ်ဆိုတဲ့ဟာလေးက အဲဒီမှာပဲ နေပါတယ်။ ရာဂရှိတဲ့သူဟာ နီတယ်၊ ဒေါသရှိတဲ့သူက မည်းတယ်. . . အစရှိသဖြင့် အသွေးအရောင်တွေဟာ စိတ်ကို လိုက်ပြီးတော့ ပြောင်းလဲပါတယ်။ နှလုံးချိုင့်လေးမှာ ဟဒယဝတ္ထုခေါ်ပါတယ်။ စိတ်ကလေးကလည်း အဲဒီမှာပဲ တည်ပါတယ်။

ပဘဿရံ ဘိက္ခဝေ စိတ္တံ။

စိတ္တံ - အဲဒီရင်ချိုင့် ဟဒယဝတ္ထုမှာ မှီနေတဲ့ စိတ်ကလေးသည်။ ဘာမှ ဥပက္ကိလေသ အပြင်က အရောအနှောမပါတဲ့ နဂို စိတ်ကလေး၊ အပိုစိတ်မပါတဲ့ နဂိုစိတ်ကလေးဟာ။

ပဘဿရံ - ပြိုးပြိုးပြက်ပြက် တလက်လက်နဲ့ တောက်ပ၍ နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယောဂီမြင်နိုင်ပါတယ်။ အဲဒီစိတ်ကလေး ဖြစ်ပေါ်လာအောင် မနောဝိညာဉ်ရဲ့တည်ရာ နှလုံးသွေးအကြည်ဓာတ် ဖြစ်ပေါ်နေတာကိုလည်း မြင်နိုင်ပါတယ် ဘုရား။ အဲဒီစိတ်ကလေးနဲ့ သောတ-ဃာန-ဇိဝှာ-ကာယပသာဒနဲ့ ဒွါရနဲ့ Joined တာလည်း မြင်နိုင်ပါတယ်ဗျာ။ အလွန်ရှင်းပါတယ်ဗျာ။

ဟာဒယဝတ္ထုကလည်း အဲဒီလောက်ထိ Main ကျပါတယ်။ အဲဒီတော့ ခုန Main ကျတဲ့ အာနာပါန ထွက်လေဝင်လေ၊ နောက်တစ်ခု ပိုပြီးတော့ Main ကျတဲ့ ဟာဒယဝတ္ထု။ လူတစ်ယောက် စပြီး လူဖြစ်တာလည်း အဲဒီမှာပဲ။ သေတော့လည်း အဲဒီမှာပဲ။ တစ်သက်လုံးလည်း အဲဒီနေရာလေးမှာပဲ။ စုတိစိတ်၊ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ သူ့ရဲ့ Main ပါပဲ။

အဲဒီတော့ အဲဒီလောက် အချက်အချာကျတဲ့ ဟာဒယဝတ္ထုကို စိုက်ပြီးတော့ ရုပ်ရုပ်-လို့ ရှုရပါတယ်။

ဒါ ဆရာတော်ဘုရားကြီး ပေးတဲ့နည်းပါ။

ဒါလေးက ပိုပြီးတော့လည်း အညာကျတဲ့အတွက် ဆက်ပြီးတော့ နည်းနည်း ရှင်းပါရစေဦး။ အဘိဓမ္မာတတ်တဲ့ ပုဂ္ဂိုလ်များအားလုံး သဘောပေါက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ၁၉၉၈ ခုနှစ်က The Natural Heart ဆိုတဲ့ မဂ္ဂဇင်းမှာ နှလုံးအစားထိုးကုတဲ့ ပရော်ဖက်ဆာ ဒေါက်တာ ပေါ့ပါးရှဲလ်၊ နှလုံးအစားထိုးကုတဲ့ ဒေါက်တာ၊ တစ်ကမ္ဘာလုံးက တစ်လောကလုံးက အစောပိုင်းက ၁၉၊ ၂၀-ရာစုမှာ ပညာရှင်တိုင်းက ဦးနှောက်က သိတယ်။ ဦးနှောက်က အသိဉာဏ်ရဲ့ သိုလှောင်ရာဖြစ်တယ် ဆိုပြီးတော့ (ဦးနှောက်)၂ နဲ့ တစစ ပြောလာခဲ့ကြတာ။

၁၉၉၈ ခုနှစ် The Natural Heart ဆိုတဲ့ မဂ္ဂဇင်းမှာ The Heart Remember ဆိုတဲ့ artical တစ်ခု ရေးပါတယ်။ ဒေါက်တာ ပေါ့ပါးရှဲလ်။ ကျွန်တော်ဟာ အများနဲ့တော့ ဆန့်ကျင်ချင် ဆန့်ကျင်လိမ့်မယ်တဲ့။ ကျွန်တော် လက်တွေ့ နှလုံးအစားထိုး ကုသခဲ့တဲ့ နှစ်ပေါင်း ဘယ်လောက်ပေါ့။ အဲဒီ အတွေ့အကြုံအရ ဒီ Heart ဟာတဲ့ သွေးတွေကိုလည်ပတ်အောင် ပန့်သဘော၊ ပန့်တာဝန်တင် မဟုတ်ဘူး။ လူတစ်ယောက်ရဲ့ အသိဉာဏ်ကိုပါ ထိန်းသိမ်းသိုမှီးရာ၊ ဖြန့်ဖြူးရာ Main အချက်အချာပဲ ဆိုတာ ကျွန်တော် တွေ့ပါတယ်။ ဒါ သိပ္ပံပညာအရ စိတ်ဝင်စားစရာပါ။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီတော့ ဒီကနေ့ ဦးနှောက်က သိသလား၊ နှလုံးသားက သိသလား ဆိုတဲ့ဟာနဲ့ ပတ်သက်လို့လည်း ဒီ ရုပ်ရုပ်လို့ ရင်ချိုင့်ကို စိုက်ရှုပြီးတော့ ယောဂီကိုယ်တိုင်လည်း အဖြေတွေ့နိုင်တယ်ဆိုတာကို ပြောရင်း ကိုကျော်ကျော်ရဲ့ မေးခွန်းကို ဒီလောက်နဲ့ ခွင့်ပြုပါ။ ကျေနပ်ကြပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

အိမ်တွင်းမှာတော့

အဆောင်အယောင်

တခမ်းတနားကြီးနဲ့

မထားသင့်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ်(၃) နှင့် အဖြေ

❖ ကျွန်မတို့အိမ်တွင် အစဉ်အဆက် အိမ်တွင်းနတ်နှင့် ပဲခူး မယ်တော်နတ်ကို ကိုးကွယ် ပူဇော်ထားပါသည်။ ယခု အကြား အမြင် ဗဟုသုတများအရ မကိုးကွယ်လိုပါသဖြင့် မည်သို့ ဆက်လက် ဆောင်ရွက်ရမည်ကို အကြံဉာဏ် ရယူလိုပါသည်။ ကိုးကွယ်ပြီးနောက်, မကိုးကွယ်သည့်နောက် ဖြစ်ပေါ်လာနိုင် သော အကျိုးဆက်ကိုလည်း သိလိုပါသည်ရှင့်။

www.burmeseclassic.com

www.burmeseclassic.com



❖❖ ဒါကတော့ ဒီနေရာမျိုးမှာ အဲဒီလိုမေးခွန်းမျိုး မေးတာကိုလည်း ပိုပြီးတော့ ကြိုဆိုထိုက်ပါတယ်နော်။

ဒါက မိရိုးဖလာနတ်တွေပဲ။ ကျွန်တော်တို့အိမ်တိုင်းမှာလည်း အနည်းနဲ့အများ အထူးသဖြင့် ကိုးကွယ်ကြရတယ်။ ထိုင်းမှာဆိုရင် အိမ်ရှေ့မှာ စင်ကလေးတွေနဲ့ အိမ်တိုင်းမှာရှိတယ်။ ရိုးရာနတ်တွေ ဒီလိုပဲ ကိုးကွယ်ကြရတာ။ ကိုးကွယ်တယ်ဆိုပေမယ်လို့ ရိုးရာနတ်တွေကို အရပ်ပြောအားဖြင့် ကိုးကွယ်တယ်ပေါ့နော်။ မိတ်ဆွေအဖြစ်နဲ့ သဘောထားပြီးတော့ တစ်နေ့တစ်ခါ စားစရာရှိရင်လည်း သက်သက်လွတ် ကျွေးတာပေါ့။ ကျွေးကောင်းပါတယ်။ မဟုတ်ဘူးလား။

သတ္တလောကကြီးမှာ မမြင်ရတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။ ကိုယ်တင်နေတာ မဟုတ်ပါဘူး။ အားလုံးနဲ့နေကြရတာပါ။ အဲဒီ အားလုံးသော ပုဂ္ဂိုလ်တွေဟာလည်း ကျွန်တော်တို့၏ မိတ်ဆွေ ဟုတ်ချင်မှ ဟုတ်မယ်။ ရန်သူတွေလည်း ဖြစ်နေတတ်ပါတယ်။အာဋာနာဋိယသုတ်

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ဒါကြောင့် ဟောတာပါနော်။ အဲဒီတော့ အားလုံးနဲ့သင့်မြတ်အောင် ကျွန်တော်တို့ နေကြရပါတယ်။ နေတဲ့အခါမှာ မေတ္တာတရားပေါ့နော်။ ဒါန တရားပေါ့။ တတ်နိုင်သလောက် သူသတ်မှတ်တဲ့အချိန်မှာ (မုန့်တွေ)၂ ဘာညာ ကျွန်တော်တို့လည်း လုပ်ရပါတယ်။ တစ်ဆင့်ခံ အနေအထားနဲ့ လုပ်ရတာကိုး။ ဝတ္တရားပေါ့။

မျိုးရိုး၊ ဘိုးဘေး အစဉ်အဆက် ဆင်းသက်လာခဲ့တဲ့အရာ ဒါ ကျွန်တော်တို့က ဘုရားလို ကိုးကွယ်တာမှမဟုတ်ဘဲ။ မိတ်ဆွေအဖြစ်နဲ့ တစ်နှစ်တစ်ခါ လုပ်တာ။ လုပ်ကောင်းပါတယ်။ အိမ်တွင်းမှာတော့ အဆောင်အယောင် တခမ်းတနားကြီးနဲ့ မထားသင့်ပါဘူး။ မေတ္တာရပ်ပါ။ တောင်းပန်ပါ။ အမျှအတန်း ပေးဝေပါ။

အဓိကအချက်ကတော့ ဒါဆိုရင် လုံလောက်ပါပြီ။

ဒါ ကိုးကွယ် တယ်လို့ ဒီလိုပြောမယ့်အစား၊ မိတ်ဖြစ်ဆွေဖြစ် ဒီလိုပဲ နေကြတယ်လို့ ပြောတာ ပိုကောင်းပါတယ်။ ကိုးကွယ်တာ မဟုတ်ပါဘူး။

သူ့ကိစ္စရှိရင်လည်း ကူညီလိုက်ပေါ့။ ကိုယ့်ကိစ္စရှိရင်လည်း သူ ကူညီလိုက်ပေါ့။ တစ်ယောက်နဲ့တစ်ယောက် ဒီလို မဟုတ်ဘူးလား။ မိတ်ဆွေလို သဘောထားပြီးတော့ အမျှအတန်း ပေးဝေပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွေးစရာ စားစရာရှိရင်၊ သတ်မှတ်တဲ့ရက် ရှိရင်လည်း ပေးကောင်း ပါတယ်။ ပေးပါ။

အဲဒီလို ရိုးရာနတ်တွေကိုလည်း မိတ်ဆွေအဖြစ်နဲ့ လက်ခံကောင်း ပါတယ်။

သို့သော် ကိုးကွယ်တော့ မကိုးကွယ်ပါနဲ့။ ဘုရားလို မကိုးကွယ် ပါနဲ့။ မိတ်ဆွေလို ပသကောင်းပါတယ်။ ပေးကောင်းပါတယ်။ ဒီလိုမဟုတ်ဘူးလား။

အဲဒါ ဒီမေးခွန်းက ဒီလောက်ဆိုရင် လုံလောက်ပြီလို့ ထင် ပါတယ်။

မကိုးကွယ်လည်း ဘာမှ အနှောင့်အယှက် မပေးပါဘူး။ အနှောင့် အယှက် ပေးလိမ့်မယ်လို့လည်း စိတ်ထဲမှာ မထားပါနဲ့။ မေတ္တာနာနာပို့ပါ။ အမျှအတန်း ပေးဝေပါ။ ဒါဆိုရင် လုံလောက်ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ပစ္စုပ္ပန်ကာပဲ
ကျွန်တော်တို့
လုပ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ်(၄) နှင့် အဖြေ

❖ ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို ကျင့်ကြံပွားများ အားထုတ်လျှင် လက်ရှိ ပစ္စုပ္ပန်တည့်တည့်မှာ လောကီချမ်းသာ၊ လောကုတ္တရာ ခန္ဓာခပ်သိမ်း အစွမ်းကုန် အကျိုးပေးပါသလား။ အတိတ်ကံ၊ ပစ္စုပ္ပန်ကံနှင့် ပါရမီတို့သည် လောကုတ္တရာနယ်ပယ်အတွင်းမှာ အဓိက သက်ဆိုင်ပါသလား ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



❖❖ ကမ္မဿကတဉာဏ်ရှိရုံနဲ့ ဘဝ ရောင့်ရဲလို့ရပါသလား။ မေးခွန်းရှင်ကိုယ်နှိုက်က မရဘူးလို့ ဖြေပြီးသား၊ ယူဆပြီးသား ဖြစ်ပါတယ်။ ဆရာကြီးကလည်း အဲဒီအတိုင်းပဲ ဖြေပါတယ်။

ဗုဒ္ဓဘာသာမှာ အဆင့် ငါးဆင့်ရှိပါတယ်။ ပထမအဆင့်(၁)က ကမ္မဿကတဉာဏ်၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ ဒါ ကမ္မဿကတဉာဏ် ခေါ်ပါတယ်။ ဒါကို ယုံကြည်မှုလည်း ဗုဒ္ဓဘာသာဖြစ်ပါတယ်။

နောက် ဝိပဿနာမှာ ဝိပဿနာဉာဏ်၊ ဖြစ်ပျက်ကို သိအောင်သွားတဲ့ဉာဏ်။

နောက်တစ်ခါ ဖားအောက်တောရဆရာတော်များ ပြတဲ့ ဈာန်တွေထိသွားရတဲ့၊ ဉာဏ်တွေထိ သွားရတဲ့ အဲဒီ ဗုဒ္ဓဘာသာမှ ဒီ နံပါတ် (၃) မြင့်လာတဲ့ ဗုဒ္ဓဘာသာပါ။

နံပါတ်(၂)က ဝိပဿနာဗုဒ္ဓဘာသာပါ။

နံပါတ် (၃)က ဈာနဗုဒ္ဓဘာသာပါ။

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(၄)က မဂ္ဂဗုဒ္ဓဘာသာပါ။

နံပါတ်(၅)က ဖလဗုဒ္ဓဘာသာပါ။

အဲဒီတော့ အဆင့်ငါးဆင့်ရှိတာလောက်နဲ့တော့၊ ကံ ကံ၏ အကျိုးကို ယုံကြည်တာလောက်နဲ့တော့ ဘဝလွတ်မြောက်ရေး အတွက်လည်း မလုံလောက်သေးပါဘူး။ ပစ္စုပ္ပန် ရပ်တည် မှုလောက်လည်း မလုံလောက်သေးပါဘူး။ နောက်ဆက်ပြီး တော့ ဝိပဿနာတွေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေပေါက်အောင် ဒါ ဆောင်ရွက်ရမှာပါ။ သို့သော် ကံကံ၏အကျိုးလောက်ကို တောင်မယုံတဲ့ ဗုဒ္ဓဘာသာတွေ ဒီကနေ့ ဘယ်လောက်များ နေပြီလဲလို့ စာရင်းကောက်ရင် ဘယ်နှယ့်နေပါမတုံး။ သန်း ခေါင်စာရင်းတောင် ဆန့်မှာမဟုတ်ဘူးနော်။

ကမ္မဿကတဉာဏ်လည်း အရေးကြီးပါတယ်။ အတိတ်ကံ၊ ပစ္စုပ္ပန်ကံနှင့် ပါရမီတို့သည် လောကုတ္တရာနယ်ပယ်အတွင်းမှာ အဓိက သက်ဆိုင်ပါသလား။ ဒီလိုမျိုး မေးချင်တာ ထင်ပါ တယ်နော်။

အတိတ်ကံတွေ၊ ပစ္စုပ္ပန်ကံတွေ၊ ပါရမီတွေဆိုတာဟာ လော ကုတ္တရာလုပ်ငန်းမှာ ဘယ်အတိုင်းအတာထိ စကားပြောသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါ မေးချင်တာနဲ့ တူပါတယ်နော်။

အဲဒီတော့ အတိတ်ကံရှိလို့ ကျွန်တော်တို့ ဒီနေရာကိုရောက်လာတာပါ။ အလွန်ပျင်းစရာ ကောင်းပါတယ်။ ဒီစကားတွေနားထောင်နေရတာ ဒါတွေပြောနေရတာ။ သာမန်လူဆိုလို့ ရှိရင်အဲဒီတော့ အတိတ်ကံတွေက ကျွန်တော်တို့ကို ပို့ပါတယ်။ ကောင်းတဲ့ကံတွေ၊ ကောင်းတဲ့ပစ္စုပ္ပန်ကံတွေ ကျွန်တော်တို့လုပ်နေပါတယ်။

ဒီ လုပ်နေတဲ့ကံတွေဟာ ဒီလောကုတ္တရာ၊ ဒီပါရမီ ရှိလို့လည်း ကျွန်တော်တို့ ဒီနေရာ ရောက်တာပါ။ ပါရမီမရှိရင် ဒီစကားတွေနားမထောင်နိုင်ပါဘူးခင်ဗျာ။ ဒီနေရာရောက်အောင်လည်းမလာနိုင်ပါဘူးခင်ဗျား။

အဲဒီတော့ အားလုံး အတိတ်ကံတွေလည်း ကောင်းပါတယ်။ ပစ္စုပ္ပန်ကံတွေလည်း ကောင်းပါတယ်။ ပါရမီထူး၊ ပါရမီမြတ်တွေလည်း ရှိကြပါတယ်။ အဲဒီဟာတွေဟာ အကုန်လုံး အရေးကြီးတာပါပဲ။

အတိတ်ကံ မရှိရင်လည်း ပစ္စုပ္ပန်ကံ မကောင်းနိုင်ပါဘူး။ ရှေ့ကကောင်းမှ ခုကောင်းမယ်။ ခုကောင်းမှ နောင်ကောင်းမယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးကဆိုးလို့ ခုဆိုးတယ်။ နောင် ပိုဆိုးဦးမယ်။ အတိတ်ကံကလည်း စကားပြောပါတယ်။ သို့သော် ကျွန်တော်တို့ ပြင်လို့ မရတော့ဘူး။ အခု ပစ္စုပ္ပန်ကံပဲ ကျွန်တော်တို့ လုပ်ရမယ်။ ပါရမီဆိုတာကတော့ ကျွန်တော်တို့ အထူး ထည့်ပြော စရာ မလိုပါဘူး။ ဒီနေ့ ဒီအသိဉာဏ်၊ ဒီမေးခွန်းတွေကို မေးနိုင် တာဟာ ပါရမီရှိလို့ မေးနိုင်တာပါ။ ဒီပုဂ္ဂိုလ်မျိုး ဆက်ပြီးတော့ လောကုတ္တရာ လုပ်သွားမယ်ဆိုရင် သေချာပေါက် ရပါတယ်။ ကျွန်တော်တို့ စာတွေမှာ ဒီအတိုင်းပဲ ဆိုပါတယ်နော်။

နောက်တစ်ခုက ကမ္မဿကတဉာဏ် ရှိရုံနဲ့ ရောင့်ရဲလို့ရပါရဲ့ လား . . .၊ ခုနက ဖြေပြီးပါပြီ။

ဒီမေးခွန်းအတွက် ဒီလောက်နဲ့ ကျေနပ်ပါခင်ဗျား။

အဲဒါက ကိုဇော်ဝင်းမိုး။ သုဝဏ္ဏမြို့က မေးတာပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဘဘတော့

မကြည့်ရဲလို့

မကြည့်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ် (၅) နှင့် အဖြေ

❖ ဆရာကြီးခင်ဗျား။

တရားနာပရိသတ်များ ကြည်ညိုသဒ္ဓါပွားနိုင်ရန် တာဝတိံသာ စူဠာမဏိစေတီတော်ကြီးကို ဆရာကြီး ဖူးတွေ့မြင်ခဲ့ရစဉ်က အတွေ့အကြုံ မြင်ကွင်းအစုံစုံကို ဟောကြားပေးပါရန် ပန်ကြား အပ်ပါသည်။

(၁) စေတီပုံစံ၊

(၂) နတ်သား၊ နတ်သမီးများ၏ ပုံသဏ္ဌာန် အဝတ် အစား၊

(၃) တာဝတိံသာနတ်ပြည်။

www.burmeseclassic.com

www.burmeseclassic.com



❖❖ အဲဒီမေးခွန်း ဖတ်သွားတော့လည်း မကြားတာ မမြင်တာ တစ်လုံးမှ မရှိဘူး။ အကုန်ဝင်လာတယ်။ တော်တော်ဒုက္ခပေးတဲ့ မေးခွန်းပဲ။ ကျေးဇူးတင်ပါတယ်။ အဲဒီလို စိတ်ဝင်စားမေးမြန်းတာ။

အဲဒီတော့ ဒါတွေက အလွန်ပဲ စိတ်ဝင်စားစရာကောင်းပါတယ်။ ဟို ဆန်းလည်းဆန်းကြယ်တယ်ပေါ့နော်။ ဆရာကြီးမြင်တယ်ဆိုတာထက် ယောဂီတွေမြင်တာ ပြောရအောင်ပါ။

ယောဂီတွေမြင်တာပဲ ပြောရအောင်ပါ။

ကျွန်တော်တို့ ၁၅-ရက်လောက် ထိတယ်၊ သိတယ်၊ ပေါင်းပြီးတော့ အာနာပါနကမ္မဋ္ဌာန်း၊ ဒီလို လုပ်လိုက်တဲ့အခါရောက်တော့ အလင်းရောင်လေးတွေ ရလာတယ်။ အဲဒီအလင်းရောင်လေးတွေကို ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်လို့ ခေါ်ပါတယ်။ ခိုင်ခိုင်မာမာ နိမိတ်ရလာပြီး ကြီးစေ၊ ငယ်စေ၊ သွားစေ၊ လာစေ ယောဂီရဲ့ဆန္ဒအတိုင်း ခိုင်းစေလို့ရလာပြီဆိုရင်ပေါ့။ ဒီလို ခိုင်းလို့ ရတဲ့ဟာကိုတော့ ဥဂ္ဂဟနိမိတ်လို့ ခေါ်ပါတယ်။ အဲဒီ ဥဂ္ဂဟ

www.burmeseclassic.com

www.burmeseclassic.com



နိမိတ်က ပိုပြီးတော့ ကြည်လင်လာပြီးတော့ ပဋိဘာဂနိမိတ်လို့ ခေါ်ပါတယ်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး အိန္ဒိယ ဗုဒ္ဓဂယာက ပြန်ကြွလာတော့ မုံရွာလယ်တီကို မကြွသေးဘူး။

တစ်ခါတည်း ဒလတောတန်းကြီး ဆပဂံတောရ (ကွမ်းခြံကုန်း မြို့နယ်)မှာ သံဝေဂတွေ အကြီးအကျယ် ဖြစ်ခဲ့တယ်နဲ့တူပါတယ်။ သာသနာ ကွယ်ပျောက်ခဲ့ပြီလေ။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေ ဆည်းပူးခဲ့ရတာနဲ့အမျှ မတန်အောင် နှစ်ပေါင်း (၃၀၀) ဇာတိမြေ အိန္ဒိယမှာ သာသနာ ကွယ်သွားပြီတဲ့။ ဆရာတော်ဘုရားကြီးက အလွန် အင်မတန် စိတ်မချမ်းမြေ့ ဖြစ်ပြီးတော့ တရားနဲ့ ကောင်းကင်ကနေပြီးတော့ သာသနာပြုရရင် ကောင်းမလားလို့ စိတ်ကူးတွေပေါ်ပြီးတော့ ဟိုး ဒလ တောတန်းကြီး တန်းသွားပြီးတော့ ပထမ ကသိုဏ်းလုပ်ပါ တယ်။ နောက် အာနာပါနလုပ်ပါတယ်။ အဲဒီနိမိတ်တွေ ထင် လာပါတယ်။ တစ်လောကလုံး လင်းလာပါတယ်။ ဟာ ဆရာ တော်ကြီးက အဲဒါကို မယုံတော့ဘူး။ စာထဲမှာတော့ 'ပဋိဘာဂ နိမိတ်ဆိုတာ မလှုပ်ရှားရဘူး တည်ငြိမ်ရမယ်။ ပိုပြီးတော့ တောက်ပရမယ်' လို့ ဆိုထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု ငါရနေတဲ့ နိမိတ်ကြီးဟာ နည်းနည်းလှုပ်တယ်။ လင်းလည်း သိပ်မလင်းတော့ဘူး။ အတုကြီးနဲ့တူတယ် ဆိုပြီးတော့ အဲဒါကို ဖယောင်းတိုင်တွေ ထွန်း၊ ဆီမီးခွက်တွေ ထွန်းပြီးတော့ ဖျစ်ညှစ်ပြီးတော့ ဒီနိမိတ်ကြီးကို ဖျက်ပစ်ရတယ်။

နောက်တော့ လယ်တီပဏ္ဍိတတို့၊ ဆရာကြီး ဦးလှတင်တို့ ပေါ့လေ။ သဲတော သိမ်တော်ဆရာတော်တို့ပေါ့လေ။ ပြန်ပြောတယ်။ "ငါ့ အဲဒီတုန်းက အထင်မှားသွားတာကွာ။ အဲဒီ ပဋိဘာဂ နိမိတ်ကြီးကို အတုကြီးထင်ပြီးတော့ ငါ့ ဖျက်လိုက်ရတာ။ မှိတ်လေထင်လေ၊ မျက်စိမှတ်လေ ထင်လေ။ မီးခွက်တွေထွန်းပြီးတော့ ဖျက်ရတယ်။ တကယ်တော့ အဲဒါ အလွန်တန်ဖိုးရှိတဲ့ နိမိတ်ကြီးပါပဲ။ ဒါကြီးကိုသာ စေစားလိုက်ပြီးတော့ ကမ္ဘာတစ်ခွင်၊ စကြဝဠာတစ်ခွင်လုံးသာ စေစားနိုင်ရင် လောကကြီးမှာ တို့ လွှမ်းမိုးလို့ ရပြီ။ အလွန်တန်ဖိုးရှိတဲ့ဟာကြီးပါပဲ။"

ဆရာတော်ကြီးကိုယ်တိုင်လည်းပဲ ပထမ ဆရာမရှိတော့ မသိပါဘူး။

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗာ။

ယထာဘူတံ - ဟုတ်တိုင်းမှန်စွာ၊

www.burmeseclassic.com

www.burmeseclassic.com


ဉာဏာယ = သိရအောင်၊

သတ္ထာ = တကယ်ပြသတတ်တဲ့ ဆရာကို။

ပရိယေသိတဗ္ဗာ = ရှာရမယ်။

လယ်တီဆရာတော်ဘုရားကြီးသည်ပင် ဆရာ မရဘူး ဗျာ။ ရမ်းလုပ်ရတာ။ ဘုရားအလောင်းတော်လည်း ရမ်းလုပ် ရတာ မဟုတ်ဘူးလား။ ဆရာမရှိဘူး။

တိုတိုပြောကြပါစို့နော်။ နောက်တော့ လယ်တီဆရာတော် ဘုရားကြီး။ သူသိတယ်လေ။ သူသိတဲ့အခါရောက်တော့

'သာသနာနောက်ဖျား ပေါက်ဖွားကြ အဆူဆူ၊

ယောကျ်ားပ ငါလိုလူ ဇမ္ဗူမှာရှာစမ်း. . . ။'

အဲဒီနေရာမှာ ကြုံးဝါးတာ။ အဲဒီမှာ ရေးတာ။ နောက်မှ လယ်တီဆရာတော်ဘုရားကြီး သဘောပေါက်သွားပါတယ်။ အဲဒီတော့ ဒီကန္တနည်းဟာ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး အားထုတ်ခဲ့တယ်ဆိုတာ သမိုင်းတွေ ကျွန်တော်တို့ တွေ့ရပါပြီ။ နောက် တန်ဆူးလကတည်းက စာလည်းမကြည့်နိုင်ဘူး။ စာလည်း မဖတ်နိုင်ဘူး။ တစ်ယောက်ယောက်တော့ အဖတ်ခိုင်းရတယ်။ နည်းနည်းချင်းလေး လေ့လာ ဖတ်ခိုင်းရသမျှ ဝေဘူဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီး ဒီနည်းကို အားထုတ်သွားတယ်။ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားသည်ပင်လျှင် ဒီနည်းကို ရသွားတယ်။

ဒီကန္တီနည်းရဲ့ စတင်ရာက လက်ပံတောရ၊ ဘုတလင်မြို့ရဲ့ မြောက်ဘက် ၈-မိုင် ဦးတည်လျက် လက်ပံတောရ ရှိတယ်နော်။ လက်ပံတောရ၊ အဲဒီကမှ ဒီနည်းကို စတာ။ အဲဒီကမှ ကန္တီကို ရောက်ပါတယ်။

အဲဒီ လက်ပံတောရဆိုတာ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးရဲ့ စိုင်ပြင်ရွာနဲ့ ၂-မိုင်ပဲ ဝေးပါတယ်။ လယ်တီဆရာ တော်ဘုရားကြီးနဲ့ လက်ပံဆရာတော်ကြီး တွေ့ဆုံရာမှာ အုတ် တိုက်ကလေး ဆောက်ထားတယ်တဲ့။ ကျွန်တော် အဲဒါလည်း ကြည်ညိုချင်ပါတယ်။ ကန်တော့ချင်ပါတယ်။ အဲသလို လက်စ လေးတွေ ရလာတာ။

အဲသလို သတင်း မရခင်ကတည်းက ကျွန်တော် တစ်ဝ အား ထုတ်လိုက်ကတည်းက တာဝတိံသာ ဘယ်မှန်းမသိသေးဘူး နော်။ ကိုရင် ခဏသည်းခံဦး။

အဲဒီမှာ စ, အားထုတ်လိုက်ကတည်းက -

www.burmeseclassic.com

www.burmeseclassic.com



သတိမြဲရာ ပထမ၊ ဒုမှာ ရှည်-တိုသိ၊ အာနာပါန ကျွန်တော်တို့ လုပ်ခဲ့ရတာ ကန္တီနည်းပါပဲ။ အဲဒီလို လုပ်ခဲ့ရတာ။

လယ်တီဆရာတော်ဘုရားကြီး နည်းပါပဲ။ အာနာပါနတွေမှ လာတဲ့ နည်းပါပဲ။ ပထမ သတိမြဲအောင် လုပ်ရပါတယ်။

သော သတော၀ အဿသတိ၊ သတော၀ ပဿသတိ။

သတိမြဲရာ ပထမာ၊ (ဒု)မှာ ရှည်-တို သိ။ လုံးစုံလင်းရာ၊ (တ)၌ သာ၊ (စ)မှာ ငြိမ်းစေဘိ။

အဲဒီတော့ ထွက်ဝေ၊ ဝင်လေ အစ၊ အလယ်၊ အဆုံးကို သိရမယ်။ သိအောင်လုပ်ပြီးမှ ရှုရမယ်။ ရှုကရမယ်ဆိုတဲ့ဟာကို ဒီလောက်ပဲ ဘာသာပြန်လို့ရတဲ့ ပါဠိကို ကျေးဇူးရှင်လယ်တီ ဆရာတော်ဘုရားကြီးက 'လုံးစုံလင်းရာ' တဲ့။ ဟောဒီ ကန္တီနည်းနဲ့ အဆက်အသွယ် ရှိရမယ်။ စပြီး တရားထိုင်ကတည်းက ကျွန်တော် သဘောပေါက်တယ်။

နောက် လေ့လာလိုက်တဲ့အခါရောက်တော့ ဆရာတော်ရွာနဲ့ ဒီ ကန္တီနည်းစတင်တဲ့ရွာ နှစ်မိုင်ပဲဝေးတယ်။ ဆရာတော်အချင်းချင်း အဲဒီမှာ တွေ့ဆုံကြတယ်ဆိုတာ သတင်းရသွားတယ်။

ကိုင်း တာဝတိံသာတက်မယ်နော်။

www.burmeseclassic.com

www.burmeseclassic.com


အဲသလို နိမိတ်မျိုးစုံအောင် မရရှိဘဲနဲ့ လုပ်လို့မရဘူး။ ဒါ ပြောချင်တာပါ။ ကောက်ချက်ဆွဲမယ်၊ မဟုတ်ဘူးလား။

ဒါလောက် အသိဉာဏ်အရာမှာ လုံ့လဝီရိယအရာမှာ ဒေါက် ဒေါက်မြည် တိန်တိန်မြည် အဲဒီလောက် သတ္တိရှိတဲ့ ဆရာ တော်ကြီးတွေတောင်မှ နည်းက အဆက်ပြတ်နေတဲ့အခါ ငါးပိဖုတ်တာတောင် ဆရာမပြရင် မတတ်ဘူး။ အခုတော့ လမ်းဖွင့်ပေးပါပြီ။

ကိုယ့်ဟာကိုယ်တော့ မလုပ်ပါနဲ့။

ဟောဒီနိမိတ်ကလေးကို မှတ်ထားပါ။ ဟို ကမ္မဋ္ဌာန်းကျောင်း ထဲက နေပြီးတော့ ခုန တစ်တောင့်ထွာလောက် လွှတ်ပါတယ်။ ပြန်ပြီးတော့ ယူပါတယ်။ (လွှတ်တယ် ယူတယ်။)၂ အဲလို လုပ်ပြီးတော့ (တဖြည်းဖြည်း)၂ ကိုက်တစ်ရာ၊ ကိုက်နှစ်ရာ၊ အသွားအပြန် အဲဒီလို လေ့ကျင့်ပါတယ်။ နောက် တစ်ဖာလုံ၊ နှစ်ဖာလုံ၊ ၁-မိုင်၊ ၂- မိုင်၊ မိုင်-၁၀၀၊ မိုင်-၂၀၀၊ နောက်ဆုံး အနန္တစကြဝဠာထိ။

အဲဒီတော့ တာဝတိံသာကို လွှတ်တဲ့အခါရောက်တော့ အဲဒါ လည်းပဲ ကန္တီဆရာတော်များက အဲဒီထိအောင် ကြည့်တယ်လို့

www.burmeseclassic.com



ကျွန်တော် မကြားဖူးပါဘူး။ ဆရာတော်ဘုရားကြီးများက ရန်ကုန် ရွှေတိဂုံ ဝင်ဖူးတယ်လေ။ ရန်ကုန်မှာ မြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော် မွေတော်များ ကိန်းအောင်းရာ လူပြည်မှာ ပထမဆုံးသော ရွှေတိဂုံစေတီ။ "မင်းတို့ ရန်ကုန်သားတွေ အင်မတန်ကံကောင်းတယ်ကွာ" တဲ့၊ မြေဇင်းတောရဆရာတော်ဘုရားကြီးက။

နေ့တိုင်း ယောဂီတွေ ဝတ်ချရတယ်ဘုရား။ ရွှေတိဂုံကိုနော်။ ကမ္ဘာ့သမိုင်းမှာ သမိုင်းဦးစေတီပဲ။ လူပြည်မှာ၊ နတ်ပြည်မှာ ဟိုဥစ္စာ သမိုင်းဦးပဲ၊ ဒီသာသနာ ဒီကာလမှာ အဦးဆုံး မဟုတ်ဘူးလား။ မြတ်စွာဘုရား အနော်မာသောင်ကမ်း၊ ကဏ္ဍက မြင်းနဲ့ ဆန္နအမတ်နဲ့ အနော်မာသောင်ကမ်းကိုလည်း ဖြတ်ပြီးရော ဆံတော်ကို ဖြတ်ပယ်တယ်။ အားလုံးသိတဲ့အတိုင်း တစ်ခါတည်း အဓိဋ္ဌာန်ပြီးတော့ ဆံတော်ကို မြှင့်တင်(မြှောက်)လိုက်တယ်။ 'ငါ ဘုရားစင်စစ် ဧကန်ဖြစ်ပါလျှင်ဖြင့် ဤဆံတော်သည် ကောင်းကင်၌ တည်စေသတည်း။' အဲဒီလို ပစ်လိုက်တဲ့အခါ ကောင်းကင်မှာ ဘာမှ အငြိအတွယ်၊ အချိတ်အဆွဲ မရှိဘဲနဲ့ လေထဲမှာ တည်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ သိကြားမင်းက ရွှေပန်းတောင်းနဲ့ ရွှေကလပ်နဲ့ ခံယူပြီးတော့ စူဠာမဏိစေတီ တည်တာပဲ။

အဲဒီ စူဠာမဏိစေတီက ဘယ်လိုလဲဆိုတော့ ယောဂီတွေကတော့ အမျိုးမျိုး ပြောကြတာပေါ့လေ။ ဒီက အလင်းရောင်နဲ့ ဟိုက ဖန်မှန်၊ စိန်၊ ကျောက်၊ အလင်းရောင်တွေကြောင့် သဲသဲကွဲကွဲ တစ်ခါတလေ မမြင်ရဘူး။ Reflection ဖြစ်နေတယ်။ Focus လုပ်တဲ့အခါကျတော့ သူ့အရောင်က လျှော့လို့မရဘူး။ ကိုယ့်အရောင်က ပြန်လျှော့ယူရတယ်။

ကိုယ့်အရောင်ကို ပြန်လျှော့လိုက်တဲ့အခါကျတော့ မြင်ရတယ်ဗျာ။ သေချာမြင်ရတယ်။ အလွန်မြင်ရပါတယ်။ ကြည်ကြည်လင်လင် အနေအထားနဲ့ကို မြင်ရပါတယ်။ ဦးကြည်တွဲပြောတဲ့ အာမေဋိတ်သံနဲ့ ဩ ဩနဲ့ အရမ်း နေရာကျပါတယ်။ ဒီဇိုင်းတွေကလည်း အရမ်းကို အံ့ဩစရာကောင်းတယ်။ မုခ်ဦးတွေ၊ ဒီအကွေးတွေ၊ ဒီဆင်းသွားတဲ့ဟာလေးမှာ မျက်တွင်းခေါ်လား၊ သရက်ကင်းခေါ်လား- အဲဒီ သရက်ကင်းလေးတွေ တို့ဆီမှာ ဟို ရုပ်သေးထဲမှာလုပ်တဲ့ တကယ့်နန်းတော်လို တို့ လုပ်ကြရတာ။ ဟိုမှာ တကယ့် Original design တွေပဲ။ အရမ်းအံ့ဩစရာကောင်းတယ်။ ဒါက အဲဒီပညာပိုင်းက ပြောတာပါ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကြည်ညိုရတာကတော့ အဲဒီထဲမှာ စွယ်တော်ရှိတယ်။ စွယ်တော်အရင်းက ဘယ်ဘက်မှာထားတယ်။ အဖျားက ဘယ်ဘက်လှည့်တယ်။ စွယ်တော်က ဘယ်လောက်ရှိတယ်။ ဘာနဲ့ထည့်ထားတယ်။ အဲဒီဘက်က အလောင်းတော်မြတ်ရဲ့ ခုနက ကောင်းကင်ပစ်တင်လိုက်တဲ့ ဆံတော်ဟာ ဟောဒီမှာ ရှိတယ်။ မြကလပ်နဲ့ ထည့်ထားတယ်။ ဘယ်လောက် အတိုင်းအတာ ရှိတယ်။ ဒီလို အနီးကပ်မြင်သလို မြင်ရတာပါ။ အဲဒီကို လူကိုင်တိုင် ရောက်သွားတာပါ။ အရမ်းအံ့ဩဖို့ ကောင်းတယ် ဘုရား။

ဝေံ ဗုဒ္ဓါ အစိန္တိယာ ဗုဒ္ဓဓမ္မာ အစိန္တေယျာ - ပေ့ါနော်။ အဲဒါတွေပြောလို့။ ဟို . . . သိပ်မပြောချင်ဘူး။ ပြောလိုက်လို့ ဟိုသွားရင် လက်မခံနိုင်ဘူး ဘုရား။ အဲဒါ ခက်တယ်။ အဲသလို မြတ်စွာဘုရားရှင် လွန်ခဲ့သော ၂၅၀၀က ပေါ် ပေါက်ခဲ့တယ်ဆိုတာ ဘာနဲ့ သက်သေပေးမှာလဲတဲ့။ ဘာ အထောက်အထားတွေ ရှိသလဲ . . . တဲ့။

ဒီဓာတ်တော်၊ မွေတော်တွေပဲ ကျွန်တော်တို့က ပြစရာရှိတော့ တယ်။ အဲဒီ ဓာတ်တော် မွေတော်တွေ ဆိုတာကလည်း ရှေးက

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘုရင်တွေ၊ ဘုရင့်နောင်မင်းတရားကြီးတို့၊ အနော်ရထာ မင်းတရားကြီး မြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော် မွေတော်တွေ ပူဇော်ချင်တော့ ဟိုး သီဟိုဠ်ကျွန်းကိုသွားပြီးတော့ ခခယယနဲ့ တောင်း၊ မေတ္တာရပ်ပြီးတော့ ပူဇော်ကြတယ်။ စွယ်တော်ပွား လည်းပဲ ရတယ်။ အခု ရွှေစည်းခုံတို့၊ ဒီက မဟာစေတီတို့၊ ကောင်းမှုတော်တို့၊ လောကနန္ဒာတို့ ကျွန်တော်က အကုန် ဖောက်ကြည့်တာ။ အဲဒါတွေ တွေ့ရခဲ့တယ်နော်။

သို့သော် အဲသလောက် စွယ်တော်ပွားသည်ပင် မြတ်မြတ်နိုးနိုးနဲ့ မြန်မာရှင်ဘုရင် အဆက်ဆက်က ဦးတိုက်ပြီးတော့ ဒီလို ပူဇော် ခဲ့ကြတာ။ အဲဒီလို ပင်ရင်းမွေဓာတ်များ ဖူးတွေ့ရတယ်ဆိုလျှင် ဖူးတွေ့ရတဲ့ပုဂ္ဂိုလ်ဆိုရင် ဘယ်လိုနေမလဲဗျာ။

ဟောဒီဘက်က မြတ်စွာဘုရား တစ်ဝါတွင်းလုံး သီတင်းသုံးတဲ့ ပဏ္ဏုကမ္ဗလာ မြကျောက်ဖျာ၊ ဒီဘက်က ပင်လယ်ကသစ်ပင်၊ ဟောဒီဘက်က ကိုရင့်နတ်သမီးလေးတွေ၊ လှတာချောတာ နောက်မှ ပြောမယ်။ ဒီဘက်က သုမ္မောဇရပ်၊ ဧရိယာကို သူ့ရဲ့ မဟာသုဒဿန နန်းမြို့တော်ပေါ့နော်။ ဒီဘက်က နန်းဦးဘုရား စူဠာမဏိစေတီ၊ ဒီဘက်က ဝေဇယန္တာပြာသာဒ်၊ ဒီဘက်က

www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာနဲ့ ပင်လယ်ကသစ်ပင်။ အဲဒီ ပင်လယ်ကသစ်ပင်ရဲ့ ဒီဘက်က သုမဓမ္မာဇရပ်။

အမယ်လေး သုဓမ္မာဇရပ်လည်း အလွန်ကြည်ညိုစရာ ကောင်းတာပါလား။ ယောဂီတွေ ပြောတာနော်။

အဲဒီ သုဓမ္မာ တစ်ခုတစ်ခုကို ကြည့်ရင် အနည်းဆုံး ဆယ်ရက်လောက်ကြည့်မှ လုံလောက်မှာ။ ပြန်ပြောရင်လည်း ပြောလို့မကုန်တော့ဘူး။ ဒါပေမယ့် အဲဒါကြည့်တာ တစ်နေ့လောက်ပဲ။ ၂-နာရီ ၃-နာရီလောက်ပဲ တစ်ခုတစ်ခုကို ကြည့်ရမယ်နော်။ ဒါပေမယ့် ယေဘုယျ general experience အဲဒါတော့ တွေ့ရပါတယ်။ အထဲမှာ Decoration လုပ်ထားတာ တွေ့ရပါတယ်။ ညီလာခံလုပ်နေတာလည်း တွေ့ရပါတယ်။ ညီလာခံလုပ်တဲ့နေ့မှာ လဆန်း၊ လဆုတ် ၈-ရက်၊ လပြည့် လကွယ်နော်။ အဲဒီနတ်မင်းတွေ၊ ဗြဟ္မာမင်းတွေ၊ သိကြားမင်းတွေ ဟောကြပြောကြ၊ တရားနာကြ၊ ပုရပိုဒ်တွေနဲ့ လူပြည် ကုသိုလ်ကောင်းမှုတွေ စာရင်းတင်တဲ့အခါ အခမ်းအနားတွေဟာ အရမ်း ကြည်နူးစရာ ကောင်းတာပဲ။

အဲဒီ သုဓမ္မာဇရပ်ဟာ တကယ်တော့ ဒီစကြဝဠာကြီးတစ်ခုလုံးမှာ ဒုစရိုက်တရားတွေ ဖယ်ရှားပြီးတော့၊ သုစရိုက်တရား

www.burmeseclassic.com

www.burmeseclassic.com



တွေ ပြန့်ပွားအောင် တကယ်ကို သာသနာပြုနေတဲ့ ဒီစကြဝဠာ ဗဟို (Main) သာသနာပြုဌာနကြီး တစ်ခုပါလား။

အဲဒီပုဂ္ဂိုလ်လည်း အဲဒီလို ကျေးဇူးတင်သွားတယ်။ မေတ္တာပို့ လို့ သိပ်အရသာရှိတယ်တဲ့။ တရားဟောတဲ့ပုဂ္ဂိုလ်က ဟော နေတယ်။ နာတဲ့သူက နာနေတယ်။ အဲဒီအချိန် သွားမှနော်။ ဒို့ပြင်အချိန် တက်သွားလို့ရှိရင် အဲဒါတွေ မတွေ့ရဘူး။ နေရာပဲ တွေ့ရတယ်။

ဒါ သုဓမ္မာဇရပ်ရဲ့ အခြေအနေပါ။

ဒီဘက်က ဝေဇယန္တာပြာသာဒ်။

ဆရာတော်ကြီးက ဒါ သာသနာနဲ့စပ်လို့ ခိုင်းတာပါ။ ဟိုဘက် က ရေကန်တို့ ဘာတို့ မကြည့်ရဘူး။ ဥယျာဉ်တို့ မကြည့်ရဘူး။ ကုသိုလ်စိတ် ဖြစ်မယ့်ဟာကိုပဲ ကြည့်ရတယ်။ ဟိုဘက်တစ်နေရာ သွားကြည့်တယ်။

ကိုရင် ခုနကပြောတဲ့ ဘယ်လိုနေလဲဆိုတာ ဘာမှလည်း မသိခဲ့ရ ဘူးဗျာ။

သိကြားမင်းလည်း တွေ့ပါတယ်။ အမျှဝေပါတယ်။ ယောဂီတွေက အဲဒီနတ်သမီးတွေလည်း တွေ့တဲ့ပုဂ္ဂိုလ်တွေလည်း တွေ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်နော်။ ဘဘတော့ မကြည့်ရဲလို့ မကြည့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ ပျော်နေမှာစိုးလို့ပါ။ ဘဘလည်း ပုထုဇဉ်ပဲဟာကိုး နော်။

အင်မတန် ချောမောတဲ့ ဒီ နတ်သမီးလေးတွေဟာ ၁၅-နှစ်၊ ၁၆-နှစ်၊ ၁၈-နှစ်၊ ၂၀- ဒီဝန်းကျင် အရွယ်ကလေးတွေပါ။ သိကြားမင်းကြီးဆိုလို့ နှုတ်ခမ်းမွှေးကြီး ကားကားနဲ့ မဟုတ်ပါဘူး။ ဝဝတုတ်တုတ်ကြီးလည်း မဟုတ်ပါဘူး။ အင်မတန်လှပါတယ်။ ပြောစရာမရှိပါဘူး။ လူ့ပြည်မှာ နမူနာပေးစရာ မရှိပါဘူး။

ဒီလိုပုဂ္ဂိုလ်တွေကို ဒီလို မျက်ဝါးထင်ထင်မြင်ရအောင် ခုနက ဓာတ်တော် မွေတော်တွေမြင်ရသလို ဒီလိုပုဂ္ဂိုလ်တွေကို မြင်ရတဲ့အခါရောက်တော့လည်း စိတ်ထဲမှာ ပြောမပြတတ်အောင်၊ နောက် ညီလာခံမှာ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ၊ ဒီဘက်က သားတော်၊ သမီးတော်၊ ဒီဘက်က သုဇာတာ၊ သုဇိတာ ဘာညာဆိုတဲ့ဟာတွေ ဒါတွေ တွေ့ရတယ်။

တွေ့ရတဲ့အခါရောက်တော့ သူတို့ပဲဆိုပြီးတော့ မေတ္တာပို့လို့ အင်မတန်ကောင်းတယ်ဗျာ။ ပရိတ်ရွတ်လို့ အင်မတန် ကောင်းတယ်ဗျာ နော်။ အဲသလောက်ပဲ ကျေနပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးတွေ ချော့တာလှတာတော့ ဘာဘလည်း မတွေ့ဖူးလို့ မပြောပါရစေနဲ့။

အဲဒါ ၁၅-ရက်လောက် သမာဓိလုပ်ပြီးရင် ရပါတယ်၊ ကိုယ့်ဟာကိုယ် လုပ်လို့ မရပါဘူး။ ဆရာနဲ့ လုပ်ပါ။ ဒါကို ပြောချင်ပါတယ်။

ဒါကြောင့် ရက်ပိုင်းကလေးနဲ့ ဒါလောက် ကြီးကျယ်မြင့်မြတ်တာတွေကို တစ်နည်းအားဖြင့်ပြောရင် ဒီ ဘာခေါ်မလဲ။ ဒိဗ္ဗစက္ခုရဲ့ တစ်စိတ်တစ်ပိုင်း ရတယ်ဆိုတာ အလွန်အံ့ဩစရာ ကောင်းတာ။

အဲဒါကြောင့် ဒါလေးတွေတော့ အသိပေးမှာပဲ။ ဘဝတစ်သက်တာမှာ ကိုယ်လေ့လာခဲ့တာ၊ အသက်-၃၀လောက်ကတည်းက တရားလည်း အားထုတ်ပါတယ်။ စားကောင်း သောက်ကောင်း အားထုတ်ခဲ့ပါတယ်။

အဲဒီတော့ ကိုယ့်ရဲ့အပြစ်လည်း ပါတယ်ပေါ့နော်။ နည်းစနစ်အားလုံးဟာ အကောင်းချည်းထဲပါ။ အဲဒီတော့ ဒီနေ့ ဒီအချိန် ကျရောက်တယ်လို့ ဆိုရမှာပေါ့။

အဲဒါကြောင့် ဒီနည်းကို စောစောက သာသနာနဲ့ပတ်သက်လို့ တိုင်းပြည်ကို မျှဝေခံစားခဲ့သလို ဒီနေ့၊ ဒီအချိန်မှာ ငါမသေ

www.burmeseclassic.com

www.burmeseclassic.com



သေးလို့ ကံကောင်းလို့ တွေ့ရတယ်။ နောက်ဆုံးလက်ဆောင် အင်မတန်မြတ်နိုးတဲ့ တန်ဖိုးထားတဲ့ လက်ဆောင်တွေကို တိုင်းသူပြည်သူ ငါ့တူ ငါ့တူမတွေ အကုန်လုံး မျှဝေသွားမယ်၊ အသိပေးသွားမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အသိပေးတာပါ။

ကျေးဇူးတင်ပါတယ်။

နောက်တစ်ခု ဖတ်ပါဦး။

* * *

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာမှ
ထမင်းစားရမယ်လို့
ဘယ်ဟုတ်မလဲ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းလွှာ နံပါတ်(၆) နှင့် အဖြေ

❖ ထေရဝါဒ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည် လိုက်နာကျင့်သုံးခြင်း မရှိကြသည့် ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသမှ သူတို့သည် လောကအကျိုးစီးပွား ချမ်းသာကို ရရှိနေသည်မှာ အဘယ်ကြောင့် ရရှိနေကြရပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



❖❖ စီးပွားဥစ္စာ၊ ရာထူးဂုဏ်သိမ် စည်းစိမ်များ ရတယ်ဆိုတာ အလုပ်လုပ်လို့ ရတာလား။ မလုပ်လို့ ရတာလား။

ဗုဒ္ဓဘာသာမှ ရမှာလား။ ခရစ်ယာန်မှ ရမှာလား။ မွတ်စလင်မှ ရမှာလား။ အလုပ်လုပ်လျှင် ရတယ်မဟုတ်လား။

အဲဒါဆို ပြီးရောပေ့။

ဒီအဖြေအတွက် လုံလောက်ပါတယ်နော်။

(၁) ဥဋ္ဌာနသမ္ပဒါ . . .

ထထကြွကြွ နင်လားငါလား ရှာရမယ်။ စောင့်လည်း စောင့်ရှောက်ရမယ်။

(၂) အာရက္ခသမ္ပဒါ . . .

ရရှိတဲ့ဥစ္စာကို သိုမှီး သိမ်းဆည်းတတ်ရမယ်။ စာရင်းအင်းနဲ့ စနစ်တကျ ထိန်းသိမ်းတတ်ရမယ်။

(၃) ကလျာဏမိတ္တတာ. . .

မိတ်ဆွေလည်းရှိရမယ်။ အရှေ့ဘက်အိမ်နဲ့ အနောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်နဲ့၊ အရှေ့ဘက်နိုင်ငံနဲ့ အနောက်ဘက်နိုင်ငံ မတည့်တာ မရှိရဘူး။ ကလျာဏမိတ္တပါ။

(၄) သမ္မာဇီဝိတာ. . .

ဝင်ငွေနဲ့ ထွက်ငွေ မျှအောင် သုံးမယ်၊ ဗုဒ္ဓဘာသာမဟုတ်လည်း သူ ဒီစည်းကမ်းကို လိုက်နာလျှင် သူ မကြီးပွားပေဘူးလား။ ကြီးပွားမှာပဲ။ ဗုဒ္ဓဘာသာမှ ကြီးပွားရမယ်လို့ ဘယ်ဟုတ်ပါ့မလဲ။ ဗုဒ္ဓဘာသာမှ ထမင်းစားရမယ်လို့ ဘယ်ဟုတ်မလဲ။ မွတ်စလင်လည်း ထမင်းစားရတာပဲ။ ခရစ်ယာန်လည်း ထမင်းစားရတာပဲ။ သို့သော် အေးအေးလေး စားရမယ်၊ လွယ်လွယ်လေးနဲ့ စားရမယ်၊ ဘုရားက ဒီနည်းကို ပေးတာ။

ဒီလို မဟုတ်ဘူးလား။

အေးဗျာ။ ကျုပ်ကလည်း ထပ်မေးချင်သေးတယ်ဗျာ။

အခု ဘာသာလေ့လာကြတဲ့ ပုဂ္ဂိုလ်တွေနော်။ ကျွန်တော် အရမ်းစိတ်ဝင်စားကြတဲ့ ဟိုး ၂၀၀၀-ပြည့်နှစ်အကြိုက ကုလသမဂ္ဂမှာ ဘာသာရေးညီလာခံကြီး လုပ်တယ်မဟုတ်လား။

ကဲ ဒီကမိတ်ဆွေတွေ၊ တူ၊ တူမတွေ ဘယ်လောက် စိတ်ဝင်စားကြတုံး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီညီလာခံကြီးတွေအပြီး ဘာဘဖြင့် အိပ်လို့မပျော်ဘူး။ ကိုယ်ကလည်း အင်္ဂလိပ်စာ မတတ်တော့ ကိုယ်ကလည်း တက်ပြောနိုင်တာ မဟုတ်ဘူး။ ဖိတ်လည်း သွားနိုင်တာမဟုတ်ဘူး။ ဒါပေမယ့် စိတ်ဝင်စားလိုက်တာ။

ဘာဖြစ်လို့လဲ။

ဗုဒ္ဓဘာသာဟာ တကယ့် အမြင့်ဆုံး ကမ္ဘာ့ State ပေါ်မှာ တက်ပြီးတော့ ဗုဒ္ဓဘာသာအကြောင်း ပြောခွင့်ရမှာလေ။ ဒါမျိုး ကြုံဖူးသလား။ မကြုံဖူးဘူး။

အဲဒီတော့ အရမ်းစိတ်ဝင်စားတယ်။ အဲဒီ ညီလာခံလုပ်တဲ့ဟာတွေ။

ညီလာခံပြီးတော့လည်းပဲ ကုလသမဂ္ဂဌာနေရုံးကို ၂-ခေါက်၊ ၃-ခေါက် လူလွှတ်ပြီးတော့ အထောက်အထား အကိုးအကား အဖြစ် စာတွေ ဘာရသလဲလို့ သွားမေးတယ်။ မရပါဘူး။ နောက် ဟို အမေရိကန်သံရုံးသွားပြီးတော့ လွှတ်ပြီးတော့ စာတွေ တောင်းပေးစမ်းကွ။ ဘာရ၊ ဘာမှမရဘူး။

အဲဒီတော့ လောကကြီး ထေရဝါဒဗုဒ္ဓ လုပ်တဲ့သူတွေက လုပ်နေပြီး ကျန်တဲ့သူတွေက စိတ်ဝင်စားကြတယ်နဲ့ တူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ထားပါတော့။ အဲဒီ ကုလသမဂ္ဂညီလာခံကြီးမှာ ထောင်စုနှစ်သစ်အကြို ဩဂုတ်လမှာ -

The religious and sprictual leader

ကမ္ဘာ့ငြိမ်းချမ်းရေး summit Confarence ညီလာခံကြီး လုပ်တယ်။ ဗုဒ္ဓဘာသာဆရာတော်တွေလည်း တက်ကြတယ်လေ။ နောက် မဟာယာနတွေ၊ ဆရာကြီး ဂိုအင်ကာတို့ပေါ့နော်၊ တက်ရောက်ကြတာ။ ကျွန်တော် ဘာသာပြန်ထားတာ ရှိပါတယ်။ စိတ်ဝင်စားတယ်။

ဒီမှာ မရနိုင်တော့ အမေရိကားကို ၂-ခေါက် ၃-ခေါက် လှမ်းမှာတယ်။ မှာပြီးတော့ အဲဒါတွေကို ဘာသာပြန်ခိုင်းသင့်တာတွေကို ပြန်တယ်။ စိတ်ဝင်စားလို့ပေါ့။ ပရိယတ်၊ ပဋိပတ် ဒါတွေ အားထုတ်ကြရလို့ မောင်တို့လူငယ်တွေရော။

- ကမ္ဘာမှာ အခြားဘာသာတွေက ဘာလုပ်နေသလဲ။
- ကမ္ဘာ့နိုင်ငံရေး ဘာဖြစ်နေသလဲ။
- အခြားဘာသာတွေ ဘယ်လို ဆောင်ရွက်နေသလဲ။
- ငါတို့ ဘယ်လို ဆောင်ရွက်သင့်သလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ အကုန် လေ့လာရမှာပါ။ ဘဘ အဲဒီလောက် လေ့လာတာပါ။ အခု မျက်စိကန်းသွားမှပဲ မဖတ်ရတော့ဘူး။ နို့မို့ အဲဒါတွေ ဖတ်နေမှာ။

အဲဒီတော့ အဲဒီညီလာခံကြီးကို ကမ္ဘာ့နိုင်ငံရေး State ကြီးပေါ်မှာ ဘာသာရေးစကားတွေ ပြောလာတဲ့ အခွင့်အရေးတွေ နည်းသလား။

ဘဘ သိပ်စိတ်ဝင်စားတာ။ စိတ်ဝင်စားလွန်းလို့ စာတစ်တန် ပေတစ်တန် ရှာတယ်၊ ဖတ်တယ်။

အဲဒီမှာ ဝမ်းသာစရာ ကောင်းတာက ဒီညီလာခံကြီး ဘာ့ကြောင့် ဖြစ်ပေါ်လာရတာလဲဆိုတဲ့ဟာ ကျွန်တော်တို့ ဒီဘာသာရေး ညီလာခံကြီးလုပ်ဖို့ ဘာကြောင့် လုပ်ရသလဲဆိုတော့ လောကကြီး ငြိမ်းချမ်းအောင်၊ သာယာအောင် ပိုက်ဆံပေးတဲ့နည်း၊ လက်နက်နဲ့ အနိုင်ဖိတဲ့နည်း၊ မီးလောင်တိုက်သွင်းတဲ့နည်းနဲ့ လုပ်ခဲ့ကြပြီ၊ မရဘူး။ "လောကကြီးကို တကယ့်ငြိမ်းချမ်းအောင် လုပ်ချင်ရင် ဘာသာရေးမပါဘဲနဲ့ မရတော့ဘူး"တဲ့။

အဲဒါကြောင့် နိုင်ငံရေးစင်မြင့်မှာ ဘာသာပေါင်းစုံ ခေါင်းဆောင်ကြီးတွေ ပင့်ပြီး ဆွေးနွေးခိုင်းတယ်။ ဒီအခွင့်အရေးဟာ အလွန် ဝမ်းသာစရာကောင်းတဲ့ အခွင့်အရေးပါလား။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီမှာ အတွင်းရေးမှူးလုပ်တဲ့သူက ပြောတယ်။

ဟို တက်တာနာခါဆိုတဲ့ သူဌေးကြီးက ဒေါ်လာ သန်းတစ်ထောင် လှူတယ်။ နောက် ဘဝဂိုမ်းစ်ဆိုတဲ့ ဂိုန်းစ်ဘာသာဝင် တစ်ယောက် အတွင်းရေးမှူး လုပ်တယ်။

သူက ဘာပြော သလဲဆိုတော့ "ကျွန်တော်တို့ ဒီ ကုလသမဂ္ဂ ညီလာခံကြီးမှာ ဒီလို ဘာသာရေးခေါင်းဆောင်ကြီးတွေ စုပေါင်း ပြီးတော့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ဖို့ ညီလာခံ လုပ်ဖို့ဟာ အစောကြီးကတည်းက စီစဉ်ခဲ့ကြတာပါ။ ဒါပေမယ့် မဖြစ်နိုင်ခဲ့ဘူး" တဲ့။

အခုတော့ ဖြစ်လာပါပကော။ ဒီညီလာခံကြီးဖြစ်ရတာ ဘာကြောင့် ဖြစ်ရသလဲဆိုတော့၊ ဒါ မောင်တို့လေ့လာဖို့ ပြောတာပါ။

ဒီကနေ့ ထေရဝါဒ တို့မြန်မာနိုင်ငံက ပရိယတ္တိရော၊ ပဋိပတ္တိကော ထိပ်ဆုံးကကွ။ ကမ္ဘာကို တို့က သာသနာပြုမှာ။ ပြောနေကြ လို့နေဉ်။

ကမ္ဘာကို သွားသာသနာပြုတာ၊ မပြုတာ။ ပြုလည်းပြုပါ၊ နှံ့အောင်လည်း ကြိုးစားပါ။ မပြုခင် ထေရဝါဒသာသနာရဲ့

www.burmeseclassic.com

www.burmeseclassic.com


ဝေစုကလေး ကိုယ့်ဝေစုကလေး အရင် ရအောင်လုပ်ပါ။ ကြိုးလည်း ကြိုးစားပါ၊ ရှာဖွေပါ။

အဲဒီတော့ ဒဲဂ် ဟမ္မားရှိုးက ပြောတယ်။ လွန်ခဲ့တဲ့ အနှစ် ၅၀-ကျော်က။

"The Sprictual reason, Unless there is a spiritual renaissance, this will know no peace."

"စိတ်ဓာတ်ရေးရာ ဆန်းသစ်လာတဲ့ စိတ်ပိုင်းဆိုင်ရာ (ရင့်ကျက်ဖွံ့ဖြိုးမှု) တိုးတက်လာတဲ့ ခေတ်တစ်ခေတ် မရောက်သေးသမျှ ကမ္ဘာကြီး ဘယ်လိုမှ မငြိမ်းချမ်းနိုင်ဘူး။"

'ဒဲဂ် ဟမ္မားရှိုး' က ပြောတယ်။

အတွင်းရေးမှူးက အစီရင်ခံတာနော်။

"ကျွန်တော်တို့ ဒီညီလာခံကြီး လုပ်ဖို့ရာ လွန်ခဲ့တဲ့ နှစ်-၅၀ကျော်ကတည်းက ဒီအထွေထွေ အတွင်းရေးမှူးချုပ်တွေ Guide Line ပေးသွားလို့ ကျွန်တော်တို့ လုပ်ရတာပါ။ ကျွန်တော်တို့ လုပ်ရတာတောင် နောက်ကျနေပါသေးတယ်" တဲ့။

ကမ္ဘာကြီးကို ဒီနည်းနဲ့တော့ မရတော့ဘူးတဲ့။ ဘာသာရေး ကူမှ ရတော့မယ်။ စိတ်ပိုင်းဆိုင်ရာ ကူမှ ရတော့မယ်-တဲ့။

www.burmeseclassic.com

www.burmeseclassic.com



နောက် ကုသလမဂ္ဂ ဒီ ဒက်ချ်ပာမ်းမားရှိုး နောက်မှာ တက်တာ ဘယ်သူလဲ။ ကုသသမဂ္ဂအတွင်းရေးမှူး ဦးသန့် တက်တယ်။ ဦးသန့်က ဘာပြောသလဲ။

"To see conurgence, accomveregenve politicals and sprictual."

ဟာ ပိုရှင်းတယ်။ နိုင်ငံရေးသက်သက်၊ ဘာသာရေးသက်သက်၊ နိုင်ငံရေးထဲ ဘာသာရေးမပါနဲ့။ ဘာသာရေးထဲ နိုင်ငံရေးမပါနဲ့။ ဒီလို ပြောနေတယ်။ တစ်ကမ္ဘာလုံး ဟိုးလွန်ခဲ့တဲ့ အနှစ်-၅၀ကျော် (ဦးသန့်)က -

"To see accomvergence all politicals and sprictual."

"ဘာသာရေးနဲ့ နိုင်ငံရေး ပေါင်းဆုံတဲ့နေရာမှာမှ ငြိမ်းချမ်းရေး ရှိတယ်" တဲ့။

အဲဒီ Guide Lines တွေအရ နိုင်ငံရေးကြီးပဲ လုပ်နေလို့ ပိုက်ဆံတွေ ပေးနေရုံနဲ့၊ လက်နက်တွေနဲ့ ဖြေရှင်းရုံနဲ့၊ သံတမန် နည်းနှင့် ဖြေရှင်းရုံနဲ့ ကမ္ဘာကြီးငြိမ်းချမ်းအောင် လုပ်ခဲ့ကြတာ။ ရှေ့က ရေလောင်း၊ နောက်က မီးတောက်၊ ဘယ်လိုမှ ကျွန်တော်တို့ ငြိမ်းချမ်းရေးမရနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးချုပ်ကြီးတွေရဲ့ အတွေ့အကြုံအရ ဘာသာရေးနဲ့ နိုင်ငံရေး ဒီစိတ်ဓာတ်ရေးရာ ဖွံ့ဖြိုးတိုးတက်တဲ့ ခေတ်တစ်ခေတ် ရောက်အောင် ကျွန်တော်တို့ ဆောင်ရွက်ရမယ်။ လူသားတွေ စိတ်ပိုင်းဆိုင်ရာ ရင့်ကျက် တိုးတက်လာအောင် လုပ်ရမယ်။ တစ်နည်းအားဖြင့် ဘာသာရေးကို စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်တွေ ပေါ်ပေါက်လာအောင် ဆောင်ရွက်နိုင်တဲ့ အချိန်ရောက်မှ ကမ္ဘာကြီး ငြိမ်းချမ်းမယ်။

ဒီအဖြေ မထွက်ဘူးလား ဘုရား။

အဲဒါတွေသိတော့ ဘာဘာ အရမ်း စိတ်ဝင်စားတယ်။ မောင်တို့ အရမ်း လေ့လာစေချင်တယ်။

အဲဒီတော့ နောက် မေးခွန်းတစ်ခု။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် တွေ့ထက်
ပိုပြီးတော့
ကျွန်တော်တို့
မဖြေနိုင်ပါ။
ကျေနပ်ပါတော့။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းလွှာ နံပါတ်(၇) နှင့် အဖြေ

❖ သက္ကာယဒိဋ္ဌိ စွန့်ပြီးသော သောတာပန် ပဉ္စဝဂ္ဂီငါးပါးကို ဘာကြောင့် အနတ္တလက္ခဏာသုတ် ထပ်၍ ဟောကြားရပါသနည်း။ ကြောင်းကျိုး ဆက်စပ်၍ ဖြေကြားတော်မူပါ ဆရာကြီးခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com

❖❖ အဲဒီမေးခွန်း တစ်နေ့က ကြားလိုက်မိသလိုပဲ။ အိမ်ကနေပြီး ကြားလိုက်မိသလိုပဲ။

အဲဒါ ဖြေပြီးသားပါနော်။

ဆရာတော် တွေထက် ပိုပြီးတော့ ကျွန်တော်တို့ မဖြေနိုင်ပါ။ ကျေနပ်ပါတော့။

***

www.burmeseclassic.com

www.burmeseclassic.com

စရထ - မင်းတို့သွားကြ။
ဒေသေထ - ဟောကြ။
ပကာသေထ - ပြကြ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ်(၈) နှင့် အဖြေ

❖ ထေရဝါဒ ဗုဒ္ဓသာသနာတော်မှာ မိစ္ဆာဝါဒီဖြစ်တဲ့ ဘိုးတော်တို့၊ နတ်တို့ကို အိမ်၌ထား၍ ကိုးကွယ်နေခြင်းဟာ မှန်သလား၊ မှားပါသလား။ ဒါနပြုရုံသက်သက်လား၊ ရှင်းလင်း ဖြေကြားပေး တော်မူပါ ဆရာကြီးခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



❖❖ အဲဒါကတော့ ခုနကပြောတာ တစ်စိတ်တစ်ပိုင်း ပါသွားပါပြီ။ ကျွန်တော်တို့က 'ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ'က လွဲလို့ ကိုးကွယ်စရာ မရှိပါဘူးနော်။ အားထားစရာ မရှိပါဘူး။

ကျန်တာတွေကတော့ လောကကြီးမှာ အားလုံး ထိစပ်နေကြ ရတာ ဖြစ်တဲ့အတွက် မေတ္တာပို့ပါ၊ အမျှဝေပါလို့၊ ဒါဆို လုံလောက်ပါတယ်။ 'ဘုရား၊ တရား၊ သံဃာ'က လွဲလို့ ကိုးကွယ်ရာ မရှိဘူးဆိုတာ အားလုံး သိပြီးသားပါ။

မြတ်စွာဘုရားက ကျွန်တော်တို့ ဒီ ဓမ္မစကြာဟောပြီးလို့ သီတင်း ဝါလကျွတ်လို့ သာသနာပြု လွှတ်တဲ့အခါ ရဟန်းတော် (၆)ကျိပ် ရတဲ့အခါ ချစ်သားတို့ တရားဟောကြ၊ ဒေသေထ ဓမ္မံ အာဒိကလျာဏံ၊ မဇ္ဈေကလျာဏံ၊ ပရိယောသာနကလျာဏာန်- အစ၊ အလယ်၊ အဆုံး သုံးပါးစလုံး ကောင်းမွန်တဲ့ ဂုဏ်တွေရှိတဲ့ တရားတွေကို ဟောကြတဲ့ . . . ။

သာတ္ထံ သဗျဉ္ဇနံ - သဒ္ဒါအားဖြင့်ရော၊ အနက်အားဖြင့်ရော ပြည့်စုံတဲ့ တရားတွေကို ဟောကြတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကေဝလပရိပုဏ္ဏံ - ဖြည့်စွက်စရာလည်းမလိုဘူး၊ ပယ်နုတ်စရာလည်း မလိုဘူး။ Totally complete အဲသလောက်ပြည့်စုံတဲ့တရားတွေကို ဟောကြ . . . တဲ့။

ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ - စင်ကြယ်မြင့်မြတ်တဲ့နေနည်းထိုင်နည်း၊ ရှုမှတ် ပွားများနည်းတွေလည်း မင်းတို့သင်ပေးကြ-တဲ့။

'ထ' သုံး 'ထ' နဲ့ ဆုံးမတော်မူခဲ့တာပါ။

စရထ - မင်းတို့သွားကြ။

ဒေသေထ - ဟောကြ။

ပကာသေထ - ပြကြ။

ပြောချင်တာက အကြွင်းမဲ့ ပြည့်စုံနေပြီ။ ပယ်စရာလည်း မလိုဘူး။ ထည့်စရာလည်း မလိုဘူး။ အဲလို ယုံကြည်ရင် ခုနကပြောတဲ့ ကွမ်ရင်မယ်တော်တို့၊ အန်းကုံး ဘိုးတော်တို့၊ ဘာတို့ဟာ ပြောစရာ မလိုတော့ပါဘူးဗျာ။ ကိုယ့်ကိုယ်ကို ယုံ-မယုံပေါ့နော်။ အဲဒါပဲ ပြင်ဖို့လိုပါတယ်။ သာသနာက အကြွင်းမဲ့ ဖြည့်စရာမရှိ နုတ်ပယ်စရာ မရှိ၊ အင်မတန် ပြည့်စုံပါတယ်။

အဲဒါကို ကိုယ်က အလေးအနက် ယုံကြည်ပေးနိုင်ဖို့ လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နည်းတွေနဲ့ပတ်သက်လို့

အရမ်း

မဝေဖန်ကြနဲ့ဗျ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းလွှာ နံပါတ်(၉) နှင့် အဖြေ

❖ ဖလသမာပတ်ကို အမိဌာန်ပြုပြီး ဝင်စားလို့ရပါသလား။ (သို့) ဖြစ်ပျက်မှု မင်္ဂမပါဘဲ ဖလသမာပတ်ကို ဖြစ်ပါသလား။

❖ တစ်နေ့ ဖလသမာပတ် ဘယ်နှစ်ကြိမ်ဝင်စားပါသတုန်း။

❖ သရဏဂုံတည်အောင်လုပ်ပေးသော ဆရာမတွေ့ဘဲ သရဏဂုံ မတည်ဘဲ တရားရနိုင်ပါ့မလား။

❖ ဖလသမာပတ်ကို အမိဌာန်ပြုပြီး ဝင်စားလို့ရပါသလား။ (သို့) ဖြစ်ပျက်မှု မင်္ဂမပါဘဲ ဖလသမာပတ်ကို ဖြစ်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com



❖❖ ဒီမေးခွန်းကတော့ အရမ်း high ဖြစ်တယ်ဗျာ။ ဦးထွန်းလွင် နော်။ ဖလသမာပတ်ကို အမိဋ္ဌာန်ပြုပြီး ဝင်စားလို့ရပါသလားဆိုတာ

ဖလသမာပတ်ဆိုတာ အဓိဋ္ဌာန်နဲ့ ဝင်စားတာပါပဲ။

စိတ်ကို ဆုံးဖြတ်ချက်ချပြီးမှ The solution အဲဒီလို ဆုံးဖြတ်ချက်ချပြီးတော့ ဝင်စားတာ 'ဖလသမာပတ်'ပါပဲ။ ဒီမေးခွန်းက high ဖြစ်ပါတယ်။

အဲသလိုမေးတာလည်း ဝမ်းသာပါတယ်။

❖ တစ်နေ့ ဖလသမာပတ် ဘယ်နှစ်ကြိမ် ဝင်စားပါသတုံး။

❖❖ ကျွန်တော်တို့လည်း နည်းလေးပေးပါဦးနော်။

ဝမ်းသာပါတယ်ဗျာ။ ဒီမေးခွန်းကို အဲလို မေးဖော်ရတာ။

www.burmeseclassic.com

www.burmeseclassic.com


❖ သရဏဂုံတည်အောင် လုပ်ပေးသော ဆရာမတွေ့ဘဲ၊ သရဏဂုံ မတည်ဘဲ တရား ရနိုင်ပါ့မလား။

❖❖ သရဏဂုံတည်တယ် ဆိုတဲ့ဟာလည်း ဒါ သရဏဂုံယူနည်း ၄-မျိုး၊ ၅-မျိုး ရှိတယ်မဟုတ်လားဗျာ။

အဇ္ဈတ္တသန္နိယျာတနသရဏဂုံ၊ တပ္ပရာယနသရဏဂုံတို့ပေါ့နော်။

အဲဒီတော့ သရဏဂုံ မတည်ဘဲနဲ့လည်းပဲ တရား အားထုတ်လို့ မရပါဘူး။ ကျွန်တော် ဒီ မစ္စတာ ဂိုးစတိန်းစ်နော်။

The incecastent of inside.

သူက ရေးထားပါတယ်။ သူ့မှတ်တမ်းမှာ။

ဒီ ထေရဝါဒ ဗုဒ္ဓဘာသာထဲမှာ ကမ္မဋ္ဌာန်းတရားတို့ရဲ့ ရိုးရာအရ

The under beginning of taken meditation.

ကမ္မဋ္ဌာန်းအားထုတ်တဲ့သူက ဆရာနဲ့ အားထုတ်မယ်ဆိုရင် ကမ္မဋ္ဌာန်းဆရာကို အသက်နဲ့ခန္ဓာကိုယ် လှူဒါန်းပြီး အားထုတ် ရတာတွေ ရှိတယ်။ ဆရာဝန်ကိုသွားပြီးတော့ ဆေးကုခံလည်းပဲ သူ့ကို မယုံဘဲနဲ့ ဆေးကုခံပါ့မလား။

မခံဘူးဗျ။ သရဏဂုံဆိုတာ အဲဒါပါပဲ။

အဲသလောက်မှ ယုံကြည်ချက် မပေးနိုင်ဘဲ ဆက်ပြီး တရား အားထုတ်လည်း မရပါဘူးဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို လောကရှုထောင့်ကပဲ ဆိုကြပါစို့နော်။

❖ နောက်တစ်ခုက ပရိယတ္တိ စာခံသည်ဟုပယ်သော ဗောဓိပက္ခိယ ၃၇-ပါးဂုဏ်ကို မသိသောသူများ တရား ရနိုင်ပါသလား။

❖❖ ဒါတွေ မေးထိုက်တဲ့ဟာတွေပဲ။ လူ့ပြည်မှာ အတော် ငရဲကြီး ကြတယ်ဗျာနော် ကိုထွန်းလွင်။

ဝမ်းသာပါတယ် ဒီမေးခွန်းတွေ မေးတာ။

ဒီကနေ့မှာ ကျွန်တော်တို့ အဲဒါတွေ ဖြစ်နေတယ်။

ဂိုဏ်းစွဲတွေ၊ ဝါဒစွဲတွေ၊ တရားစွဲတွေ၊ စာစွဲတွေ၊ အဲဒီတော့ ကျွန်တော်တို့က ဒီဘဝမှာ မြင့်မြတ်တဲ့သာသနာနဲ့ ကြုံရတဲ့ အချိန်မှာ အင်မတန် ကျပ်ကျပ်တည်းတည်း စားဝတ်နေမှုတွေ လှုပ်ရှား ရုန်းကန်နေရတဲ့အချိန်မှာ ကျွန်တော်တို့ တစ်ရှူ တစ်ရှိုက်လေး ချမ်းသာမှုရအောင် ကြိုးစားနေရတဲ့ကြားထဲက အဲဒီစိတ်တွေ အခံကလေးတွေပေါ့ဗျာ။ ပရိယတ္တိ စာခံတယ်လို့ ပြောတဲ့သူက တရားရမလား။

အဲဒီ ပြောတဲ့သူဟာ တရားရမလား၊ မရလားဆိုတော့ အဲဒီ တစ်ဖက်သားကို အပြစ်ပြောတဲ့စိတ်ဟာ သိပ်ကိုမှ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



ပူလောင်တဲ့စိတ် ဖြစ်တဲ့အတွက် မရဘူးလို့တော့ မပြောနိုင်ပါဘူး။ အရ နှေးပါလိမ့်မယ်။ အဲဒီ ကိလေသာတွေ ပါးလှပ်သွားရအောင် ရှုမှတ်ရတာကို ကျွန်တော်တို့ 'တရား'လို့ ခေါ်တာကိုး။

အဲဒီအခံတွေက ဘယ်ရိပ်သာကမှ ကောင်းတာ၊ ဘယ်ရိပ်သာက မကောင်းဘူး၊ အဲဒါတွေဟာ အလွန်ငရဲကြီးတာ။ မပြောကောင်းဘူးဗျာ။ နည်းတိုင်း အကုန်ကောင်းတယ်ဗျ။ ဆရာသမားတိုင်း အကုန် ကျေးဇူးရှိတယ်ဗျာ။

နည်းတွေနဲ့ပတ်သက်လို့ အရမ်း မဝေဖန်ကြနဲ့ဗျ။ တရားအားထုတ်ရင်းနဲ့ တချို့က တရားတက်သွားလို့ မနာလိုတဲ့သူ ရှိသေးတယ်။ ကျွန်တော် တရားဟောရတာ ကြောက်နေတယ်။ သူတို့ မနာလိုမှာကို။

ဒီ မနာလိုမှုကြီးဟာ တစ်ခါတည်း တရားမရတဲ့အပြင် အဝီစိကျွမ်းထိုးဆင်းသွားပါလား။ အရိယူပဝါဒကံကြီး ထိုက်မှာပါလား။ ကျွန်တော် ကြောက်လွန်းလို့။

အဲဒီ တရားအားထုတ်တဲ့ပုဂ္ဂိုလ်များ မြင့်မြတ်တဲ့စိတ်ဓာတ်မွေးလို့ ဒီလို ပြောတာဆိုတာမျိုးတွေ တွေ့ရင်လည်း မပြောဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလွင်လည်း အကြံပေးသလိုပေါ့ဗျာ နော်။ အကြံပေးကြ၊ ညှိနှိုင်းကြ၊ ချမ်းသာအောင် ဆောင်ရွက်ကြပါ။

ဒီမေးခွန်း ဒီလောက် တော်လောက်ပါပြီခင်ဗျား။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ

ထေရဝါဒသာသနာမှာ

ဘာမှ

ဝမ်းနည်းစရာမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ်(၁၀) နှင့် အဖြေ

❖ ဆရာကြီးဟောပြောချက်များကို အထူးပင် လေးစားမိပါသည်။ ဟောပြောချက်များတွင် ပါသော မဟာယာနဆရာတော်၏ သံဝေဂရစရာ တရားတော်ကို ကြားရ၍ အားရ ဝမ်းသာမိပါသည်။ မိမိတို့ ထေရဝါဒသာသနာ ခေါင်းဆောင်ကြီးများ အနေဖြင့် ဘာကြောင့် မသိရှိရပါသနည်း။ နှစ်ပေါင်းတစ်ရာ ကျော်သောအခါမှ ကျွန်တော် ဒီစကားကိုကြားရ၍ ထေရဝါဒ သာသနာအတွက် ဝမ်းနည်းမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



❖❖ ဆရာကြီးကို ကျေးဇူးတင်တာလား။ မေးခွန်းလား။ ဒီနေ့ ပျော်စရာကောင်းတယ်ဗျနော်။ အဲလို ဆုံဆည်းရတာ အင်မတန် ပျော်စရာကောင်းပါတယ်။

အဲဒီတော့ မဟာယာန ပုဂ္ဂိုလ်တွေထဲမှာလည်း အဲသလို အသိဉာဏ်ပေါက်မြောက်တဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်နော်။

ကျွန်တော်တို့ ထေရဝါဒပုဂ္ဂိုလ်တွေထဲမှာလည်း အဲသလို အမြင်ပေါက်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိနေမှာပါ။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ ပရိယတ္တိဘက်ကလည်း လိုလေသေးမရှိ၊ ပဋိပတ္တိဘက်ကလည်း လိုလေသေးမရှိ၊ တကယ့်ဝိသနာအရ၊ စေတနာအရ၊ ယုံကြည်ချက်အရ ဆောင်ရွက်နေတဲ့ ကျောင်းနှစ်ကျောင်း (ရန်ကုန်-မန္တလေး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်) ရှိတဲ့အတွက် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ ထေရဝါဒသာသနာမှာ ဘာမှ ဝမ်းနည်းစရာမရှိဘူး။ စာသင်နေတဲ့ ဦးပဥ္စင်းတွေ ရှိတယ်။ တစ်ထပ်တည်းစားပြီးတော့ တစ်စာစာအံပြီးတော့ အပေါ် ဆရာတွေကလည်း သင်ကြားပေး နေတယ်။ အဲဒီပုဂ္ဂိုလ်တွေ ကျွန်တော်တို့မှာ ရှိပါတယ်။ တစ်ဖက် ကလည်း တကာယ်ယုံကြည်ချက်နဲ့ တရားကိုပြနေတယ်။ အားထုတ် နေကြတယ်။

အဲဒီပုဂ္ဂိုလ်တွေ ရှိနေသေးသမျှ ဒီအသိတွေလည်း ရှိနေကြလို့ ကျွန်တော်တို့ လုပ်ဖြစ်တာပါ။ အဲလို အသိရှိတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိပါတယ်။

အဲဒီတော့ လူငယ်တွေ၊ သာသနာပြုချင်တဲ့လူငယ်တွေ၊ ခေတ်ကို၊ ကမ္ဘာကို၊ ပတ်ဝန်းကျင်ကို အဲဒီလို တစ်စေ့တစ်စောင်း လှမ်းကြည့်ဖို့။

ငါတို့ရပ်တည်နေတဲ့ မြန်မာနိုင်ငံက ထေရဝါဒ ဗုဒ္ဓဘာသာဟာ လိမ်းဆေးက များသလား။ စားဆေး အလျှင်းမရှိတော့ဘူးလား။ လူတွေ လုပ်နေကြတာနော်။ အရွှတ်ကြီးပဲ လုပ်နေကြ၊ အသား မပါတော့ဘူးလားဆိုတာ စဉ်းစဉ်းစားစား လေ့လာကြဖို့ ဒါတွေ ဖတ်ပြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုပုဂ္ဂိုလ်မျိုး မြန်မာနိုင်ငံမှာလည်း အများကြီး ရှိနေပါတယ်လို့ ဒါ စိတ်ဖြေဖို့ မဟုတ်ပါဘူးဗျာ။ ကိုအောင်မြင့်ခင်ဗျာ။ အဲသလိုပဲ ယုံကြည်ချက်အတိုင်း ဖြေကြားပါရစေ။

ကျေးဇူးတင်ပါတယ်။

နောက်တစ်ခု။

* * *

www.burmeseclassic.com

www.burmeseclassic.com

မမြမိတ်ဆွေ၊

မလျှော့နဲ့။

ငါလည်းပဲ

သင့်လိုဆင်းရဲတဲ့

အမျိုးသမီးဘဝက

ဒီလိုတရားကိုအားထုတ် ပြီးတော့

ပြဟ္မာဖြစ်ရတာ. . .

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းလွှာ နံပါတ်(၁၁) နှင့် အဖြေ

❖ ငရဲဘုံ၊ အသူရကာယ်ဘုံများကို ကန္ဒီနည်းဖြင့် မြင်နိုင်ပါသလား။

ကန္ဒီနည်းဖြင့် ပြဟ္မာများကိုလည်း မြင်နိုင်ပါသလား။

ငရဲရှိကြောင်း မည်သို့ သိရှိနိုင်ပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



❖❖ အဲဒါကတော့ ခုနပြောခဲ့တဲ့ စကားထဲမှာ ပါသွားပါပြီနော်။ ၁၅-ရက်လောက်ဆိုရင် ယောဂီတွေ မြင်နေကြရပါပြီ။

ဒါက ဦးသာထွန်းအေးရဲ့မေးခွန်းက ခုနက ပြောသွားတာတွေနဲ့ အကျုံးဝင်သွားပါတယ်လို့ ပြောရင်လည်း ရပါတယ်။

သီးသန့် ဖြေပေးစေချင်တယ် ဆိုရင်လည်း ဖြေပေးလို့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ပဋိဘာဂနိမိတ် ၁၅-ရက်လောက် ထူထောင်ပြီးရင် ဒီစကြဝဠာမှာ၊ (သို့) စကြဝဠာအနန္တမှာ အပိတ်အပင်၊ အဆီးအတားမရှိ တိုးလျှိုပေါက် ကြည့်လို့ရပါတယ်နော်။ အဲလို ရတဲ့ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ အဲဒီတော့ အင်မတန်အံ့သြစရာ ကောင်းပါတယ်။ ရနိုင်ပါတယ်။

ဘယ်ကံကြောင့် ဘယ်လိုအကုသိုလ်တွေ လုပ်ခဲ့လို့ ငရဲကျတယ်ဆိုတဲ့ အဲဒီ Story တွေပါ သိလို့ရပါတယ်။ အလွန်အံ့သြစရာကောင်းပါတယ်။–

ကျွန်တော်တို့ ယောဂီအမျိုးသမီး တစ်ယောက် ဟိုး ဖြူပွှာပြည်က ဒုဿစေတီကိုသွားပြီး ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်တယ်ဆိုတာထက် လူပြည်က မှန်ပြောင်းနဲ့ကြည့် သလိုမျိုး မဟုတ်ပါဘူး။ လူကိုယ်တိုင် အဲဒီနိမိတ်နဲ့ ပါသွား တာပါ။ ဒီက အလင်းတန်းကြီးက အဲဒီကို ရောက်သွားတာပါ။ အလင်းတန်းကြီးကို ဝိုင်းပြီး ကြိုကြပါတယ်။ လက်အုပ်ချီကြ ပါတယ်။ အရိုအသေပေးကြပါတယ်။

ဒါ မြတ်စွာဘုရားရှင်ရဲ့ တရားတော်အရောင်တွေပဲနော်။ နှစ်ပေါင်း ကမ္ဘာ ကြာသော်လည်းပဲ အင်မတန်တွေ့ရခဲတဲ့ သာသနာ။ မြတ်စွာဘုရားရှင်ရဲ့ တန်ခိုးတော်တွေပါလား။ မြတ်စွာဘုရား ရှင်ရဲ့ တပည့်သားမြေးတွေပါလား။ ဒီလို ဖြစ်ပါလိမ့်မယ်။ ကြိုဆို ကြပါတယ်။ လိုက်ပြကြပါတယ်။

နောက် ဒီကယောဂီက အဲဒီဗြဟ္မာကြီးကို ကြည့်တယ်၊ တွေ့ပါ တယ်။ တွေ့ရုံတင်မဟုတ်ဘူး ဘုရား။ ဦးသာထွန်းအေးနော်။ ဗြဟ္မာကြီးကိုလည်း ဒီက ယောဂီအမျိုးသမီးကြီးက စိုက်ပြီး ကြည့်တယ်။ အင်မတန်ငြိမ်းအေးတယ်တဲ့။ အဲဒီမှာ။ ပြီးတော့ နတ်ပြည်လို အစောင့်အရှောက်တွေ မရှိဘူးတဲ့။ နတ်ပြည်ရဲ့ချမ်း သာမှုက အာရုံထဲချမ်းသာတာ။

အဲဒီ Decoration က သွားတဲ့သူတိုင်း ခံစားနေရတာ။ နတ် ပြည်ရဲ့ Decoration က amospeira က အာရုံငါးပါးနဲ့ သူက

www.burmeseclassic.com

www.burmeseclassic.com


ပျော်ရတာကိုး။ ဟိုရောက်တဲ့အခါရောက်တော့ ငြိမ်းအေးသွားတာ။ ဖြဟ္မာပြည်။ အဲဒီအရသာလေး ယောဂီ ခံစားရပါတယ်။ နောက် အစောင့်အရှောက်တွေ မရှိဘူး။

အဲဒီဗြဟ္မာကြီးကို သူက စိုက်ကြည့်တယ်။ ဗြဟ္မာကြီးကလည်း သူ့ကို စိုက်ကြည့်တယ်။ အဲလို စိုက်ကြည့်ရင်း ကြည့်ရင်းနဲ့ အမျိုးသမီးက ဗြဟ္မာကြီးကိုစိုက်ကြည့်တော့ ဗြဟ္မာကြီးက ချက်ချင်း ဗြဟ္မာကြီးက ရုပ်ပြောင်းသွားပြီး အမျိုးသမီးတစ်ယောက်၊ အင်မတန်ဆင်းရဲပြီးတော့ ဒုက္ခရောက်နေတဲ့ အမျိုးသမီးတစ်ယောက်။

ဩော် . . . အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးပေါ့လေ၊ စားဝတ်နေရေးပေါ့လေ၊ အဲသလို အမျိုးမျိုး လင်သားဒုက္ခကြောင့် စီးပွားရေးကြောင့် ချွတ်ခြုံကျပြီးတော့ ဆင်းရဲနေတဲ့ အမျိုးသမီးလေးက ပထမ ညှိုးညှိုးငယ်ငယ်နဲ့ မျက်နှာလေး တွေ့ရတယ်။ အဲဒီ ညှိုးညှိုးငယ်ငယ်လေးကနေပြီးတော့ တဖြည်းဖြည်း သက်တမ်းတွေ ရလာပြီးတော့ ချက်ချင်း ပုံပြောင်းသွားတယ်။ အင်မတန် အရုပ်ဆိုး အကျည်းတန်တဲ့ စိတ်ညစ်နေတဲ့ အမျိုးသမီးလေးပုံ ပေါ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ယောဂီတဘက်လေး ဒီလိုတင်ပြီးတော့ ကြည်ကြည် လင်လင်နဲ့ တရားအားထုတ်နေတဲ့ပုံလေး ပေါ်လာတယ်။ အဲဒီ ပုံလေး ပေါ်လာပြီးတော့ ဖျတ်ခနဲဆို ပြဟ္မာကြီးပုံ ပေါ်လာတယ်။ အဲဒီယောဂီက နားလည်တယ်။ လောကကြီးမှာ ဘယ်လောက် ဆင်းရဲချင်သလောက် ဆင်းရဲပါစေ 'ဘဘ'ရယ်တဲ့၊ ကျွန်မတို့ ဆင်းရဲတာ ဘာဟုတ်သေးလဲတဲ့။ အဲဒီ ပြဟ္မာဖြစ်လာတဲ့ အမျိုးသမီး ဆင်းရဲတာကမှ ကျွန်မတို့နဲ့ ဘာမှ မနိုင်းယှဉ်လောက်ဖူးတဲ့။ 'လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေ'ဆိုတာ စာပဲတဲ့။ ဟိုမှာမြင်ရတဲ့ရုပ်က အရမ်းကို ဆင်းရဲတယ်တဲ့။ အဲဒီတော့ သံဝေဂရပြီးတော့ ကျွန်မတို့လိုပဲ တရားအားထုတ် တယ်၊ တရားအားထုတ်ပြီးတော့ ပြဟ္မာဖြစ်သွားတယ်။

"ငါ့တူမ၊ ငါ့မိတ်ဆွေ၊ ဓမ္မမိတ်ဆွေ၊ မလျှော့နဲ့။ ငါလည်းပဲ သင့်လို ဆင်းရဲတဲ့ အမျိုးသမီးဘဝက ဒီလို တရားကိုအားထုတ်ပြီးတော့ ပြဟ္မာ ဖြစ်ရတာ" တဲ့။

အဲလို ပြောပါတယ်။

နောက် ဘိုင်စကုတ်ပြသလိုပေါ့နော်။ အဲလိုလည်း ပြသတာတွေ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက် စကားပြောလို့လည်းရပါတယ်။ ဘယ်ဘာသာနဲ့ပြောတုန်း။ ဒီမှာ ဟိုး နတ်ပြဟ္မာစကားသင်တန်း ရှိလား၊ မရှိဘူးနော်။ မရှိပေမယ့် ပြောလို့ရတယ်ဗျာ။

သူတို့ ပြောကြတာပါ။ ယောဂီတွေ ပြောကြတာ။

အဲဒါကတော့ကျွန်တော်တို့လောကမှာ ဘာခေါ်သလဲ၊ တယောက်နဲ့ တယောက် ဟိုနိုင်ငံနဲ့ဒီနိုင်ငံ ဆက်သွယ်တာလေ။ telepathy နည်းနဲ့ စကားပြောတာ။ အချင်းချင်း နားလည်တာပဲ။ မဟုတ်ဘူးလား။

အဲသလို ကြည့်လို့ရပါတယ်။ မြင်လို့ရပါတယ်။ သိလို့ရပါတယ်။ မေးလို့လည်း ရပါတယ်။ အဲဒီ Story တွေပါ သိနိုင်ပါတယ်တဲ့။

အဲဒီတော့ ၁၄၊ ၁၅-ရက် အားထုတ်ရုံနဲ့ ဒီလိုဟာတွေ ဒီလို သိရတယ်ဆိုတာ ကျွန်တော်ဖြင့် မယုံဘူး။ မယုံလို့လည်း အသက် ၇၀ ရောက်မှ ကိုယ့်ညီအစ်ကိုရင်း ပြလို့သာ၅ပဲ။ အသက် ၇၀ ကျော်မှ လုပ်ဖြစ်တယ်နော်။

အဲဒီတော့ ဒီက မိတ်ဆွေတွေ မယုံသေးဘူးဆိုတာ မယုံပါနဲ့ဦး။ ဟိုမှာ နေရာလည်းမရှိဘူး။

ကဲ နောက်တစ်ခု။

* * *

www.burmeseclassic.com

www.burmeseclassic.com

အဲဒါဖြေရတာ
အင်မတန်
လွယ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းလွှာ နံပါတ်(၁၂) နှင့် အဖြေ

❖ ဝိဇ္ဇာရှစ်သောင်း ရသေ့ပေါင်း ဆိုသော ပုဂ္ဂိုလ်များသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်များ ဖြစ်ကြပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com


❖❖ ဝိဇ္ဇာရှစ်သောင်း ရသေ့ပေါင်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်တွေလဲ တဲ့။

အဲဒါဖြေရတာ အင်မတန် လွယ်ပါတယ် ဘုရား။

ကျွန်တော်လည်း မသိဘူး။

ကဲ နောက်တစ်ခုသွားစို့။

* * *

www.burmeseclassic.com

www.burmeseclassic.com

မရှက်တတ်ရင်တော့
သာသနာပွဲ
ထားနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

[illegible]

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းလွှာ နံပါတ်(၁၃) နှင့် အဖြေ

❖ ယနေ့ အချို့ပုဂ္ဂိုလ်များသည် သစ်သီးများကို မခွဲမစိတ်ဘဲ အလုံးလိုက် ၃-ရက် ၄-ရက် ဆက်၍ ကပ်လှူထားကြပါသည်။ ကပ်လှူထိုက်၊ မကပ်လှူထိုက်နှင့် အုန်းငှက်ပျောပွဲများ ကပ်လှူခြင်းကား ကပ်သင့်၊ မကပ်သင့်၊ ဆွမ်းတော်ပွဲများ စွန့်ပြီး စားသုံးခြင်း သင့်၊ မသင့် ဆရာကြီး ရှင်းလင်းဖြေကြားပေးပါခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com


❖❖ "မင်းတို့ ဘုရားကြည်ညိုတာက ကိုယ့်အိမ်ကို ဧည့်သည်လာသလောက်မှ မကြည်ညိုလို့ မင်းတို့ ဘာအကျိုးကျေးဇူးမှ မခံစားရဘူး။ ဧည့်သည်လာရင် မင်းက မလုပ်တာတောင်မှ မင်းမိန်းမကို ပြောမယ်။ ဟိုမှာဧည့်သည် ကျွေးလိုက်ဦး၊ စားပြီးရင်လည်း သိမ်းမယ်၊ မင်းတို့က ဘုရားဆွမ်းတော် တင်ထား၊ ကိုးစားစား၊ ကြွက်စားစား တစ်နေကုန် ပစ်ထားတယ်။ ဘယ်ကလာ မင်းတို့ အကျိုးစီးပွားတွေ ရမှာတုန်း။"

ဝေဘူဆရာတော်ကြီး အဲဒီလို အမိန့်ရှိပါတယ်ဘုရား။

အဲဒီတော့ သာသနာပွဲလို့ပြောကြတာ ကြားဖူးတာပဲ။ ကျွန်တော် သာသနာပွဲလို့ ပြောတာပါပဲ။ ဘုရားကို ငှက်ပျောသီး အုပ်ခိုင်းတာကိုး၊ မှည့်တော့ သူစားမှာကိုး။

အဲဒီတော့

ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဘုရားတပည့် ပိစိကွေးထိတောင်မှ ဒီလောက်ထိ သိရသေးတာနော်။ မြတ်စွာဘုရားကို အဲသလို ကပ်တယ်ဆိုတာကတော့

www.burmeseclassic.com

www.burmeseclassic.com



သာသနာပွဲဆိုတဲ့ နဖူးစည်းကလေးနဲ့ ကပ်ရှာတာပါ။ ကပ်မြှောင်ပြီးတော့နော်။ မဇ္ဈိမပဋိပဒါ လမ်းမတော်ကြီး ဖဲ့သွားတဲ့နေရာမှာ ဟို ကျွန်တော်တို့ ဖဲ့သွားတဲ့နေရာမှာ လွတ်သွားအောင်လည်း မဖဲ့ရဲဘူးလေ။ မြှောင်ကပ်ပြီးတော့ ကျွန်တော်တို့ အဲသလိုတွေ လုပ်ရှာတာပါဗျာ။ ခုနကပြောတဲ့ ကျွန်တော်မသိတဲ့ ပုဂ္ဂိုလ်ကြီးတွေပါပဲ။ ခုနကမေးခွန်းမှာပါတဲ့ ပုဂ္ဂိုလ်ကြီးတွေပါပဲ။

အဲဒီတော့ မရှက်တတ်ရင်တော့ သာသနာပွဲ ထားနိုင်ပါတယ်။ ပူဇော်နိုင်ပါတယ်။

ဒီလောက်ပဲဖြေပါရစေ။ ဦးကျော်ညွန့်ခင်ဗျား။

* * *

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တရားကတော့
ဘယ်နေရာမဆို
မှတ်ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ် (၁၄) နှင့် အဖြေ

❖ တရားဆိုတာ ထိုင်မှပဲ ရနိုင်ပါသလား။ ရေအိမ်တက်တုန်း၊ ရေချိုးတုန်း၊ ထမင်းစားတုန်း၊ ကားမောင်းနေတုန်း အချိန်များမှာကော တရားထူး တရားမြတ် ရနိုင်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com



❖❖ ဟိုး . . . အင်းဝခေတ်က လေးထပ်ဆရာတော်ကြီးက သူ့သူငယ်ချင်းက ကျွန်တော်တို့လို ဘုန်းကြီးလူထွက်ပေါ့နော်။ အစိုးရအမှုထမ်း ဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ထက်သာပါတယ်။

အဲဒီဝန်ကြီးက သူ့ကျောင်းကို လာတဲ့အခါရောက်တော့ "မင်းတို့ဝန်ကြီး ငါ ကုဋီတစ်ခါတက်သလောက်တောင် မရပါဘူးကွာ" လို့ ပြောတယ်။

အဲဒါကတော့ အထူးပြောစရာ မရှိပါဘူးခင်ဗျား။

တရားဆိုတာ ထိုင်မှပဲ။ တရားထိုင်တယ်ဆိုလို့ တရားကတော့ အရိယာပုတ်လေးပါး။ လျောင်း၊ ထိုင်၊ ရပ်၊ သွား လုပ်ရတာပါပဲ။ ထိုင်နိုင်တဲ့ပုဂ္ဂိုလ် ထိုင်ပေါ့နော်။ ဒီလိုလုပ်ကြရတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် တရားပါပဲ။ အမြဲတမ်း အရိယာဝါသ။ အိမ်သာတက်တုန်း၊ ရေချိုးတုန်း အဲသလို့မှတ်ရတာ။

ကျွန်တော်တို့ ပြီးခဲ့တဲ့ဝါတွင်းက အမျိုးသမီးတစ်ယောက်ပေါ့နော်။ အခြားဘာသာက အမျိုးသမီးတစ်ယောက် ထိုင်တုန်းကို

www.burmeseclassic.com

www.burmeseclassic.com


သူက မှတ်တာ။ အိမ်သာတက်ပေါ့။ မှတ်ရင်းမှတ်ရင်းနဲ့ တစ်ခါတည်း ဝုန်းဒိုင်းဆိုပြီးတော့ ထပြေးလာတာနော်။

မပြီးလည်း မပြီးဘူးပေါ့လေ။ တိုးလို့တန်းလန်းနဲ့နော်။

တရားကတော့ ဘယ်နေရာမဆို မှတ်ရတာပါနော်။ အသိနဲ့ ရှုရ မှတ်ရတာ တရားကြီးပါပဲ။ ဘယ်အချိန် မှာဖြစ်ဖြစ် ထမင်း စားတုန်းလည်း မှတ်ရတာပါ။

❖ ကားမောင်းနေတုန်း တရားထူး တရားမြတ် ရနိုင်ပါသလား- ဆိုတော့-

❖❖ ကားမောင်းနေရင် မူးရင်မမောင်းနဲ့၊ မောင်းရင်မမူးနဲ့ဆိုတာ အဲလိုပေါ့။ မောင်းနေတုန်းတော့ မမှတ်ပါနဲ့နော်။

'ကိုမင်းမင်း'ပေါ့နော်။ မရဘူးလားဆိုတော့ ရနိုင်ပါတယ်။

ဘာဖြစ်လို့လဲ။

သမာဓိဆိုတာ အသက်လည်းထွက်ရော၊ ရဟန္တာလည်းဖြစ်ရော ဆိုတာ ဖြစ်မှာစိုးလို့ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

လူတော်လူကောင်း

လူမြတ်တွေရဲ့

အလုပ်ဟာ

ပါရမီအလုပ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်း နံပါတ်(၁၅) နှင့် အဖြေ

❖ သောတာပန်ပုဂ္ဂိုလ်သည် လူ့ဘဝ၌ တစ်ဖန်ပြန်၍ ပဋိသန္ဓေနေပါသေးသလား။ ပါရမီ၏ အနက်အဓိပ္ပာယ်ကို သိလိုပါသည်။ နိဗ္ဗာန်၏ သဘောသဘာဝကို သိလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com


❖❖ သောတာပန်တွေ ပြန်မွေးသေးလား။

အဲဒါ ကျွန်တော် ကိုရင်ဘဝက စာမေးပွဲမှာ မေးဖူးတယ်။ မေးတဲ့ပုဂ္ဂိုလ်က ကိုကျော်စိုးမင်း။

ကို ကျော်စိုးမင်း၊ အဘိဓမ္မာတွေ ဖြေသလား။ အသက်က ၃၄-နှစ်၊ ဝိဇ္ဇာဘွဲ့၊ အဘိဓမ္မာတွေဘာတွေ လုပ်သေးလား။ အဲဒီ ယမိုက်တွေ ဘာတွေလုပ်တဲ့ ပုဂ္ဂိုလ်မေးပါဗျာ။ ဘဘကြီးက မေ့ကုန်ပြီ။ ဘဘကြီး အသက် ၁၆၊ ၁၇-နှစ်လောက်က အစိုးရစာမေးပွဲမှာ မေးတဲ့မေးခွန်းပါ။

ပြန်ပြီးတော့ ပဋိသန္ဓေက ရှိနေဦးမှာ။ သောတာပန်လည်း ရှိနေဦးမှာ။

အဲဒါ လူ့ဘဝကို တစ်ဖန်ပြန်ပြီးတော့ နေတယ်၊ မနေဘူးဆိုတာ ဦးပဥ္စင်းတို့ဘုရား၊ တပည့်တော်ကို ဝိုင်းကူ ဖြေပေးပါဦး။ ယမိုက်ထဲမှာတော့ ပါတယ်။ နောက် ဒကာကြီးကလည်း မေ့ကုန်ပြီ။ ၁၆၊ ၁၇-နှစ်ကနော်။ ပဋိသန္ဓေကတော့ မုချနေရမှာပါနော်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ပါရမီ၏အဓိပ္ပာယ်။

ပါရမီဆိုတာ မြင့်မြတ်သောသူတို့ရဲ့ အလုပ်ပါဗျာ။

လူတော်လူကောင်း လူမြတ်တွေရဲ့အလုပ်ဟာ ပါရမီအလုပ်ပါပဲ။ ပါရမီအဓိပ္ပာယ်က ဒီလိုပါပဲ။

တနည်းအားဖြင့် တစ်ဖက်ကမ်းကို ကူးမြောက်စေနိုင်တဲ့ အလုပ်ဟာ ပါရမီပဲ။ ဒါန၊ သီလပေါ့ဗျာ။

ဒါ မိတ်ဆွေကြီး သိပြီးသားပါ။

နောက် နိဗ္ဗာန်ရဲ့သဘော သဘာဝဆိုတာကတော့ နိဗ္ဗာန်ဆိုတာ ဟိုနိုင်ငံခြားသားတွေက ပြောတယ်။ ဒါန၊ သီလ၊ ဘာဝနာ တစ်ခါတည်း အကြီးအကျယ် အမွှမ်းတင်ရေးလာပြီး နောက်ဆုံးလည်း ရောက်ရော အဖျားရှူးသွားတယ်တဲ့။ ဗုဒ္ဓဘာသာက။ နိဗ္ဗာန် ဘာမှမရှိတော့ဘူး ဖြစ်သွားတာကိုး။

ပထမတော့ ဒါန၊ သီလ၊ ဘာဝနာတွေ နင်းကန်လေ့လာပြီးတော့ အဖျားရောက်တော့ ရှူးသွားတယ်တဲ့။ ဘာမှမရှိတော့ဘူးတဲ့။

အဲဒီတော့ နိဗ္ဗာန်ဆိုတာကတော့ ဒီခေတ်မှာ တော်တော်ကို ပီပီပြင်ပြင် သဘောပေါက်လို့ ရပါတယ်။ လူတော်တော်များများ

www.burmeseclassic.com

www.burmeseclassic.com


'ဘဘ' ဒီကနေ့ လာပြီးတော့ သတင်းပေးတာဟာ အဲဒါကို ဒီလောက် ပင်ပန်းကျပ်တည်းတဲ့ အချိန်ပိုင်းအတွင်းမှာ တစ်လ၊ နှစ်လလောက် အားထုတ်ရုံနဲ့ အဲဒီပန်းတိုင်ကို ရောက်စေချင်လို့ ဒီသတင်းကို လာပေးတာပါခင်ဗျာ။ ဘုရားဖူးရတာ၊ ပြောရတာ၊ ဒါတွေဟာ အဓိကမဟုတ်ပါဘူး။ အဲဒီ နိဗ္ဗာန်ဆိုတာဟာလည်း အဲဒီ တကယ့်ငြိမ်းအေးခြင်းကို ရစေချင်လို့ပါ နော်။

အဲဒါရောက်တော့ ဦးပေါ်ဦးပြောသလို "လင်ရတော့ သိလိမ့်မယ်။"

* * *

www.burmeseclassic.com

www.burmeseclassic.com

ရချင်လို့ မလုပ်နဲ့။
လုပ်ရင်တော့
ရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ်(၁၆) နှင့် အဖြေ

❖ ကန္တီနည်းအရ တရားအားထုတ်ခြင်းကို ပိုမို၍ အသေးစိတ် ဝမ္မဒါန ကြားနာလိုပါသည်။ သိလိုပါသည်။ နေ့စဉ် အချိန် မည်မျှပေး၍ နာကြားရပါမလဲဆရာ။

❖ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် လောကသားတွေရဲ့ အကျိုးစီးပွားချမ်းသာကို အကြွင်းမဲ့ ပေးစွမ်းနိုင်သည်မှာ မှန်၏။ သို့သော် မိမိအကျိုးစီးပွား အလို့ငှာ သီလပျက်ယွင်းသူများ၏ အလယ်မှ မိမိ၏သီလအား မသိသူများကြောင့် မိမိ အကျိုးစီးပွားချမ်းသာ ဖြစ်ပေါ်နိုင်ပါ့မလား။ မည်သို့ စောင့်ထိန်းသင့်ပါသလဲ။ ဖြေကြားပေးစေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com


❖❖ ရချင်လို့ မလုပ်နဲ့။ လုပ်ရင်တော့ ရမှာပဲနော်။ သီလဆောက်တည်တာဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်ပေါ့လေ။

အဲဒီတော့ ဒီအကြောင်းကိုလုပ်ရင် ဒီအကျိုးက ရှောင်လို့မရပါဘူး။ ကျွန်တော်တို့က အကြောင်းကိုရောက်တော့ ဈေးဆစ်တယ်။ အကျိုးကိုတော့ အများကြီး လိုချင်တယ်။

အဲသလို ရေသာခိုတဲ့စိတ်တွေကြောင့် ပညာမတတ်တဲ့သူတွေအပေါ် ခဲခဲယဉ်းယဉ်း လုပ်ကြ။ ပညာတတ်တဲ့သူတွေက သူ့ပညာနဲ့သူ နေကြ။

အဲဒီရောက်တော့ လူမှန်နေရာမှန် မဖြစ်တော့ဘူး။ လောကကြီးလည်း လူမှန်နေရာမှန် မရှိတော့ဘူး။

အဲဒီမှာ အကုန်လုံး ဟိုဟာတွေ ဖြစ်ကုန်တာပေါ့ဗျာ။

အဲဒီတော့ အကြောင်းနဲ့အကျိုး။ နောက် right to right၊ right to place ပေါ့နော်။ သူ့ရဲ့အကြောင်းနဲ့ သူ့အကျိုးနဲ့ ဆီလျော်အောင် ဆောင်ရွက်သွားရင် လောကကြီးဟာ ချမ်းသာလာပါမယ်။ အကျိုးလုပ်တဲ့နေရာမှာ ဖိဖိစီးစီးနဲ့ တာဝန်ကျေပွန်အောင်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မမျှော်လင့်ဘဲနဲ့ ငါလုပ်သင့်လို့ လုပ်တာ။ ဒါ ငါလုပ်ရမယ့် တာဝန်ပဲ။ Seance of respond activity နော်။ တာဝန်ပဲ။ တာဝန်အရ ငါလုပ်တာပဲ။ မျှော်လင့်ချက်နဲ့ လုပ်တယ်ဆိုတာက သီလလည်း ညှိုးနွမ်းပါတယ်။ လုပ်သင့်လို့ လုပ်တာ ရှိတယ်နော်။ ဝိသုဒ္ဓိထဲမှာ ရှိတယ်နော်။

စာမေးပွဲဖြေမယ့် တူ၊ တူမတွေ။ သီလသုံးပါးပြတဲ့နေရာမှာ ဒါ လုပ်သင့်လို့ လုပ်တာပဲနော်။ အဲဒီသီလကမှ အကျိုးသီလပါ။ ဘာလိုချင်လို့၊ ညာလိုချင်လို့ဆိုတဲ့ လုပ်တဲ့သီလ အကျိုးမပေးပါဘူး ခင်ဗျာ။ ဦးကျော်ကျော်သန်းနော်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



❖ ထေရဝါဒ ဗုဒ္ဓသာသနာ တရားတော်သည် မှန်ပါသည်။ သို့သော် မိမိအကျိုးစီးပွားအလို့ငှာ ကျင့်တဲ့သူများတွင် မိမိ၏ သီလက မိမိအကျိုးစီးပွားချမ်းသာ ဖြစ်ပေါ်နိုင်စေပါသလား။

❖❖ အဲဒီတော့ အကျိုးမျှော်လင့်ပြီးတော့ လုပ်လည်း ရနိုင်တာပါပဲ။ မမျှော်လင့်ဘဲနဲ့ လုပ်လျှင် ပို၍ ဒါ စင်ကြယ်သန့်ရှင်းပြီးတော့ ရပါတယ်။ ရတာကတော့ ရတာချည်းပါပဲ။

❖ ကမ္မဋ္ဌာန်းနည်းအရ တရားအားထုတ်နည်း ပိုမို၍ အသေးစိတ် ဓမ္မဒါန နာကြားသိလိုပါသည်။ နေ့စဉ် အချိန်မည်မျှပေး၍ နာကြားရ ပါမည်လဲ။

❖❖ အဲလို စိတ်ဝင်စားတာကိုလည်း ဝမ်းသာပါတယ်။ အင်မတန် လွယ်ကူပါတယ်။ အခက်အခဲမရှိပါဘူး။ နေ့စဉ် ဘယ်လောက် လုပ်မှ ဆိုတာမျိုးလည်း မဟုတ်ပါဘူးနော်။ ထိုင်ရမှာက ဘယ်လောက်၊ ထ,ရမှာက ဘယ်လောက် ဆိုတာမျိုးလည်း မရှိပါဘူး။ အင်မတန်ပေ့ါပါးပါတယ်။ မိမိရဲ့သဒ္ဓါတရား၊ မိမိ ရဲ့ကျန်းမာရေး၊ မိမိရဲ့သမာဓိအရ လွတ်လွတ်လပ်လပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ကို သက်သောင့်သက်သာနိုင်တဲ့ နည်းစနစ်ပါ။ နော်။

ကျွန်တော်တို့ (၂)ကြိမ် ထိုင်ခဲ့ပြီ။

တတိယအကြိမ်လုပ်ဖြစ်ရင် ကျွန်တော် စည်းကမ်းတစ်ခု လုပ်ရတော့မယ်။ စကားမပြောရ။ ၁၀-ရက် စကားမပြောရ။ အဲဒါကို အာမခံနိုင်မှဝင်ပါ။ အကယ်၍ ဟိုအထဲမှာ စကား ပြောမယ် ဆိုလျှင် ဝမ်း၊ တူး၊ သရီး သုံးကြိမ် ဟိုဟာပြပြီးရင် ထုတ်မှရမယ်။ သူလည်း အကျိုးမရှိဘူး။ သူများလည်း အကျိုးမရှိဘူး။ အင်မတန် လွတ်လပ်ခွင့် ပေးထားတာ။ လွတ်လွတ်လပ်လပ်လည်း အားထုတ်လို့ရသဗျာ။

ဘယ်နှစ်နာရီ လျှောက်ရမယ်။ ဘယ်နှစ်နာရီထိုင်ရမယ်လို့ မရှိဘူးခင်ဗျာ။ အဲဒီ ၁၀-ရက်လောက် သည်းခံလိုက်ရင် နောက် (သူ့လောကနဲ့ သူ)၂၊ သူ့ဟာသူ ဖြစ်သွားတာခင်ဗျ။

ဝိပဿနာရောက်တော့လည်း သိပ်ရှင်းတာပဲ။ အားတွေ တက်သွားတာပဲ။ သွေးတွေလှည့်ပတ်နေပုံ၊ အထဲက ကလီစာတွေ လှုပ်ရှားနေပုံ၊ တစ်ခုနဲ့တစ်ခု တစ်ခါတည်းဖြစ်ပျက်မှုတွေ နော်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားတွေ။

www.burmeseclassic.com

www.burmeseclassic.com



နာမရူပပရိစ္ဆေဒဉာဏ်လောက် ရောက်တယ်ဆိုလျှင် အတ္တဆိုတဲ့ အကောင် အထည်ဒြပ် ရှာလို့ မတွေ့တော့ဘူးလေ။ ဒါ ဝိပဿနာ ပထမနေ့၊ ရုပ် ရုပ်၊ နာမ် နာမ်တွေနဲ့ဆိုတဲ့ အတ္တဆိုတဲ့ကောင်တွေ ရှိသေးရဲ့လား။ အသက်လိပ်ပြာ၊ ခန္ဓာနဲ့ ရုပ်ကလွဲလို့ ဘာမှ မရှိတော့ဘူး။

နောက် နာမရူပပရိစ္ဆေဒဉာဏ်၊ ပြီးတော့ ပစ္စယပရိဂ္ဂဟဉာဏ်၊ ကြောင်း-ကျိုးဆက်သွယ် စဉ်းစားတဲ့ ဉာဏ်ပေါ့နော်။ အဲဒါ ၃-ရက် ဆိုလို့ရှိရင် အဲဒီဉာဏ်ရောက်တယ်။

အဲဒီဉာဏ်ကိုရောက်တော့ ပြောရဦးမယ်။

နောက်က ဘဝတွေကို တသီကြီး၊ တသီကြီးမြင်ရတယ်။ ဘယ်ဘဝကလာတယ်ဆိုတာ အင်မတန် အံ့ဩစရာ ကောင်းပါတယ်။ ဒါတွေ တူ၊ တူမတွေ အကုန်မြင်ရစေချင်ပါတယ်။

အဲဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာ ကြောင်း-ကျိုး ဒီလို ဖက်စပ်တဲ့အခါရောက်တော့ creator creation ဆိုတာ မရှိတော့ဘူး။ ဖန်ဆင်းရှင် အဲဒီမှာ ပြုတ်ကျသွားပြီ။ စာဖတ်လို့မရဘူး။ အဲဒီတော့ လက်တွေ့လုပ်ရင် ၄-ရက်ပဲရှိသေးတယ်လေ။ ဖန်ဆင်းရှင်မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဘဝတွေမြင်ရပြီလေ။ ကိုယ့်ဘာသာကိုယ် လုပ်လို့ရပြီ၊ အရမ်းတန်ဖိုးကြီးတာဗျာ။ အခြားအလုပ်တွေ ဘာအရေးကြီးနေတာလဲ။

အဲဒီတော့ နည်းတွေက အရမ်းလွယ်တယ်။ လွယ်ပြီးတော့ ရတဲ့သူက မရှိဘူး။

ဘယ်ရမတုန်း၊ အဟုတ်မှ မလုပ်ဘဲကိုး။ ဓမ္မကထိက ဆရာကြီးဦးလှသိန်းက ဘယ်လုပ်မတုန်း၊ လိုမှ မလိုချင်ဘဲကိုး။ ဘယ်လိုချင်မလဲ၊ ကြောက်မှ မကြောက်ဘဲကိုး။ ဘယ်ကြောက်မလဲ၊ သိမှ မသိဘဲကိုး။ ဘယ်သိမလဲ တဲ့၊ ယုံကိုမှ မယုံဘဲကိုး. . တဲ့။

အဲဒီတော့ ကျွန်တော်တို့က ကျန်တဲ့ပညာရပ်တွေကို အများကြီးပေါ့လေ။ ကျန်တဲ့ကိစ္စတွေမှာ အားတွေအင်တွေ အကုန် လုံးထည့်ထားပြီးတော့ အသက် (၆၀) ရှိတဲ့သူက ရက် (၆၀) ဘာလို့မပေးနိုင်ရမှာလဲ။ အသက် (၅၀) ရှိတဲ့သူက ရက် (၅၀) ဘာလို့မပေးနိုင်ရမှာလဲ။ ဒီမှာ အလျော်အစားလုပ်ရဲရမယ်။

အဲဒီတော့ ရိုးတိုးယားတားများ သေသွားရင် ကိုယ်ကျိုး မနည်းပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဒီအဘိုးကြီးက ကိုယ့်ကိုယ်ကို သံဝေဂဖြစ်ပြီးတော့ ကျန်တဲ့သူတွေ ဖြစ်စေချင်လို့ ဒါလောက် အချိန်ပိုင်းကလေးနဲ့ ဒီလို အကျိုးကျေးဇူး ကြီးတာတွေကို ရစေချင်လို့ဗျာ နော်။ အင်မတန် လွယ်ပါတယ်။

နည်းကတော့ အသေးစိတ်ကတော့ စာအုပ်တွေကြည့်မှ ဖြစ်မှာပါ။ နည်းသိလည်း ကိုယ့်ဟာကိုယ် လုပ်လို့ မရသေးပါဘူး။ ဆရာနဲ့လုပ်ရင် အင်မတန် လွယ်ပါတယ်ဗျာ။

အချိန်မရှိဘူးဆိုတဲ့သူ အချိန် (၁၅)ရက်ပဲ သမထ အားထုတ်ပါ။ ဝိပဿနာ (၁၅)ရက်ပဲ အားထုတ်ပါ။ တစ်လဆိုလျှင် သံသရာကို ရင်ဆိုင်ရဲတဲ့သတ္တိ ရပါတယ်။

ဒါ ဘယ်မှာရမလဲ။ သူတော်ကောင်းတွေ ကျင့်ကြံပြီးတော့ လုပ်ကြတာဗျနော်။ အေးဗျာ။ ကျေးဇူးတင်ပါတယ်။ အဲ . . . ဦးကျော်ကျော်သန်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

ငါတို့
ထေရဝါဒ
သာသနာနောက်မှာ
တကောက်ကောက်နဲ့ လိုက်နေတဲ့
ရန်သူဟာ
ဘယ်သူလဲဆိုတာ. . . . ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းလွှာ နံပါတ်(၁၇) နှင့် အဖြေ

❖ ဘုရားကျောင်းဆောင်ရှေ့တွင် အုန်းပွဲ၊ ငှက်ပျောပွဲနှင့် ဘုရားပွဲထိုးခြင်း၊ သာသနာပွဲထိုးခြင်း စတဲ့ အယူအဆ ကိုးကွယ်မှုများအပေါ် ထေရဝါဒမှတ်ကျောက်ဖြင့် မှန်-မမှန် စိစစ်ပေးစေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



❖❖ ငှက်ပျောသီးကတော့ အတော် ရောင်းကောင်းနေတာပဲ။

ဦးဘသွင် - အငြိမ်းစား - ပုဇွန်တောင် နေ ။

ဒါကတော့ မြန်မာနိုင်ငံမှာ တော်တော်အမေးများတဲ့ မေးခွန်း ပါပဲ။ အဲဒါကြောင့်လည်း ကျွန်တော်တို့ အဲလိုဖြစ်နေတာပါပဲ။ ထေရဝါဒအမြင်နဲ့ကတော့ အထူးပြောစရာမလိုပါဘူးခင်ဗျာ။ ထေရဝါဒဆိုတာက-

ထေရာနံ ဝါဒေါ ထေရဝါဒေါ။

မြတ်စွာဘုရားရှင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဆည်းပူး၊ ၄၅-ဝါ ကာလပတ်လုံး မနေမနား ဟောကြား ဖြန့်ချိ တဲ့တရားတွေထဲမှာ ဒီအမူအကျင့်တွေ မပါပါဘူး။ ဒီအမူ အကျင့်တွေဟာ ဒုတိယသင်္ဂါယနာလောက်ထဲက မရှိတဲ့ ပုဂ္ဂိုလ်တွေ ရောက်လာပြီးတော့ တဖြည်းဖြည်း တိဗက်တို့ တရုတ်တို့ အဲသလို နိုင်ငံတွေမှာ ကုန်းရုန်းရောက်သွားကြတယ်။ ကျန်တဲ့ ဝါဒတွေက ထေရဝါဒကို မပျက်ပျက်အောင် ရောမွှေ ဖလှယ်နယ်ပြီးတော့ အဲသလို လုပ်ကြတာတွေ။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသာသနာ ကွယ်ပအောင် လုပ်တဲ့ အတတ်ပညာတွေပါပဲ ခင်ဗျာ။

အဲဒါ ထေရဝါဒအမြင်နဲ့ အထူး စိစစ်စရာ မလိုပါဘူးနော်။

ဒီအယူအဆ၊ အယူဝါဒတွေဟာ ထေရဝါဒ သာသနာအတွက် အလွန်လည်း ကြောက်စရာကောင်းပါတယ်။ အလွန်လည်း ဒုက္ခပေးပါတယ်။

အိန္ဒိယနိုင်ငံကြီးမှာ မြတ်စွာဘုရား ဖွားမြင်တော်မူရာ ဖြစ်တဲ့ အိန္ဒိယနိုင်ငံကြီးမှာ အနှစ် အလွန်ဆုံးမှ (၅၀၀)ပဲ သာသနာ တည်ခဲ့တယ်။ အဲသလို သာသနာကို လွှင့်ထုတ်တာကလည်း အဲဒီ ပညာရပ်တွေပါပဲ။

နောက်ဆုံး သာသနာထဲက ပုဂ္ဂိုလ်တွေ ကိုယ်တိုင်ပင်လျှင် ဘုန်းကြီးလွယ်တဲ့ဘက်တွေကို ရောက်ပြီးတော့ သူတို့ကိုယ်တိုင် အဲဒါတွေ လုပ်ပြီးတော့ သာသနာထဲကို ရောနှောလာကြတဲ့ အတွက် သင်္ဂါယနာကနေ သူတို့ကို ဖယ်ထုတ်လိုက်တော့ သူတို့က မဟုတ်တဲ့သူက ပိုအင်အားကြီးတာကိုးဗျ။ အဲဒီတော့ သူတို့က စင်ပြိုင် သင်္ဂါယနာတွေ တင်ကြတယ်။

ဟိုး . . . အကုန်လုံး ဖြန့်ချိပြီးတော့ သွားကြတယ်။ နာလန္ဒာ university ကြီး လုပ်တယ်။ ဒီ နာလန္ဒာ ယူနီဗာစီတီကြီးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမှာ အစအဦးဆုံးသော universityကြီး၊ ဂုဏ်ယူချင်စရာ ကောင်းပါတယ်။ သို့သော် စင်ကြယ်တဲ့ ထေရဝါဒသင်တာ မဟုတ်ဘူးဗျာ။ အဲသလို မှော်အတတ်တွေ၊ စုန်းအတတ်တွေ၊ ဝိဇ္ဇာအတတ်တွေနော်။ အဲဒါတွေ သင်တာပါ။ ဒါဟာ ထေရဝါဒနဲ့ ဆန့်ကျင်ပါတယ်။ အဲဒါတွေဟာ အထူး ပြောစရာမလိုပါဘူး။

အဲဒီတော့ ငါတို့ထေရဝါဒ သာသနာနောက်မှာ တကောက်ကောက်နဲ့ လိုက်နေတဲ့ ရန်သူဟာ ဘယ်သူလဲဆိုတာ အဲဒါ မျက်ခြည် မပြတ်ကြဖို့ပါပဲနော်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

ဥပဂုတ်ဆိုတာကတော့
ကျွန်တော်ကလည်း
မတွေ့ဖူးဘူးဗျ။ ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းလွှာ နံပါတ်(၁၈) နှင့် အဖြေ

❖ ရှင်သီဝလိမဟာထေရ်အား လာဘ်လာဘအလို့ငှာ ပူဇော်ကြခြင်းသည်လည်း ထေရဝါဒအဆုံးအမနှင့် ကိုက်ညီပါသလား။

www.burmeseclassic.com

www.burmeseclassic.com



❖❖ ကိုက်ညီပါတယ်။ ကျွန်တော်တို့ထေရဝါဒနှင့် ဒီလိုပဲ လိုချင်လို့ လုပ်နေကြတာနော်။ ဗမာပြည်က ထေရဝါဒလေ။ အဲဒီတော့ ကိုက်ညီပါတယ်လို့ ပြောရတော့မှာပါပဲ။

လိုချင်တဲ့စိတ်နဲ့ ဘာမှမလုပ်ပါနဲ့နော်။ လုပ်ရင်တော့ မရဘဲ မနေပါဘူး။ တန်တဲ့လုပ်အားခ ရမှာပါ။ အဲဒီတော့ ရှင်ဥပဂုတ် ဆိုတာကတော့ ကျွန်တော်ကလည်း မတွေ့ဖူးဘူးဗျ နော်။

ဆရာမ ဒေါ်ခင်ခင်၊ မင်္ဂလာတောင်ညွန့်။

အဲဒါက ရှင်ဥပဂုတ်အကြောင်းကတော့ ရှင်ဥပဂုတ်အကြောင်း မကောင်းပြောတဲ့အထဲ ဒီဆရာကြီးက နံပါတ် (၁)ပဲလို့။ ရှင်ဥပဂုတ်အကြောင်း ခြေခြေမြစ်မြစ် ပြောတယ်လို့ ကျွန်တော့်ကို ဒီလို ကင်ပွန်းတပ်ကြပါတယ်။

ရှင်ဥပဂုတ်အကြောင်း သိချင်ရင်တော့ စာအုပ်ကြော်ငြာမှ ဖြစ်တော့မှာ။ ရှည်တော့ အများကြီးဖြစ်မှာ။

'သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ'မှာ ကျွန်တော်ရေးခဲ့ ပါတယ်။ ရှင်ဥပဂုတ် Story တစ်ခု၊ နောက်ပိုင်း နိဂုံးချုပ်

www.burmeseclassic.com

www.burmeseclassic.com


တဲ့နေရာမှာ "ဘုရားသာ ဖြစ်ရပါလို၏၊ အကြွင်းနာကင်းမဲ့သော ဘုရားတပည့် မဖြစ်ရပါစေသား" အဲဒီ Storyလေး နိဂုံးချုပ်ထားတယ်။

ဒါက ရဟန္တာဖြစ်ရတာကို မဟာယာနက ကဲ့ရဲ့တယ်။ ရှုံ့ချတယ်။ ဘုရားဖြစ်ရတာကိုသာ ဂုဏ်ယူတယ်။ မဟာယာန ဘာသာဝင်တိုင်း အကုန်လုံး ဘုရားဖြစ်အောင် လုပ်ကြပါတယ်။ ဘုရားအလောင်းတွေချည်းပါပဲ။

ထေရဝါဒမှာ ဘုရားဆုပန်တဲ့ ပုဂ္ဂိုလ်လည်း ရှိပါတယ်။ ပစ္စေကဗုဒ္ဓါ ဆုပန်တဲ့ပုဂ္ဂိုလ်လည်း ရှိပါတယ်။ ရဟန္တာ ဆုပန်တဲ့ပုဂ္ဂိုလ်လည်း ရှိပါတယ်။

သို့သော် ဆုအစုံရှိသော်လည်းပဲ ရဟန္တာဆု၊ သာဝကဆုပန်တဲ့ပုဂ္ဂိုလ်က အလွန် အောက်တန်းကျတယ်တဲ့။ သာဝကဖြစ်တာ မကောင်းဘူး။

အဲဒါကြောင့် ထေရဝါဒကို နှိမ်ချင်လို့ ဒီ Story ကို ဘယ်စာရေးဆရာ လက်ဆော့ခဲ့တယ် မသိပါဘူးဗျာ။

လောကကြီးကို ထာဝရဘုရားသခင်က ဖန်ဆင်းတယ်လို့ ပြောကြတယ်။ သို့သော် လောကကြီးကို ထာဝရဘုရားသခင်

www.burmeseclassic.com

www.burmeseclassic.com


ဖန်ဆင်းတယ် ဟုတ်၊ မဟုတ် မပြောနိုင်ဘူး။ ထာဝရဘုရား သခင်ကို လူတွေက ဖန်ဆင်းတာတော့ သေချာတယ်ဆိုသလို ပါပဲနော်။

အဲဒီက အပြည့်အစုံကတော့ ဆရာမကြီးခင်မျာ။ 'သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ' စာအုပ်ထဲမှာ ရေးထားပါတယ်။

အဲဒီတော့ ဟိုဘက်နားက ရွှေကျင်မြို့က အဆိုးဆုံးပါပဲတဲ့ နော်။ ရွှေကျင်သူ ရွှေကျင်သားတွေ မခံနိုင်အောင် ပြောရဦးမယ်။ ဥပဂုတ်ကို ကိုးကွယ်တဲ့နေရာမှာ အဲဒီပုဂ္ဂိုလ် မဟာယာနတွေပါ၊ ဂိုဏ်းတွေပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

အရမ်းလွယ်သဗျာ။
အရမ်းလွယ်တယ်ဗျနော်။
အရမ်းလည်း
အားကျစရာ
ကောင်းတယ်ဗျနော်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ်(၁၉) နှင့် အဖြေ

❖ ကျောက်မြောင်းက တင်မိုးခက်ရဲ့မေးခွန်းဖြစ်ပါတယ်။

ဆရာပြောသည့် သမထ၊ ဝိပဿနာနည်းလမ်းနှင့် ဆရာကျင့်ကြံသည့်အခါ ၁၄၊ ၁၅-ရက်အတွင်း ထူးခြားခဲ့သည်ဟု ပြောပါသည်။ မည်သည့်အတိုင်းအတာထိ ထူးခြားပါသနည်း။ ဝိပဿနာ အဆင့်အတန်း တစ်ခုထိ ရောက်နေသူသည် အပူဒဏ်၊ အအေးဒဏ် ခံနိုင်ပါသလား။ ဥပမာအားဖြင့် လေဒဏ်၊ မိုးဒဏ်၊ နေဒဏ်တို့ကို ဆိုလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



❖❖ အဲဒါကတော့ ၁၄/၁၅-ရက် ဆိုတာကတော့ သမာဓိ ရခဲ့တာကို ကျွန်တော် ပြောခဲ့တာပါနော်။ ၁၄/ ၁၅-ရက်ထက် ပိုမလုပ် ရပါဘူး။ အဲဒီသမာဓိဆိုရင် ကျွန်တော်တို့ ဝိပဿနာ ဆက်သွားရင် ၁၄/၁၅-ရက်၊ ရက် ၂၀-လောက်မှာ လုံ လောက်တာကိုပြောတာပါ။ အဲဒါမှာ ထူးခြားတယ်ဆိုတာက တော့ ၁၄/၁၅-ရက်နဲ့ ကျွန်တော်တို့ သာမန်လူတွေ မြင့်မြတ် တာကို တွေ့မြင်၊ သိရှိရတာဟာ အလွန် ထူးခြားတယ်လို့ ကျွန်တော်က ဆိုလိုတာပါ။

မည်သည့်အတိုင်းအတာထိ ထူးခြားနိုင်ပါသနည်း-ဆိုတာက တော့ အရဟတ္တဖိုလ် ရဟန္တာဖြစ်တဲ့အထိ ထူးခြားနိုင်ပါတယ်။ အဲဒါ အားထုတ်ပြီးသော့ ကန္တီနည်းနဲ့ ပေါက်မြောက်သွားတဲ့ ပုဂ္ဂိုလ်တွေ၊ အမိဌာန်နည်းနဲ့ ပေါက်မြောက်သွားတဲ့ ပုဂ္ဂိုလ်တွေ၊ ဖြစ်ပျက်နည်းနဲ့ ပေါက်မြောက်သွားတဲ့ပုဂ္ဂိုလ်တွေ အရမ်း ဝမ်းသာစရာ ကောင်းတယ်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဘယ်လိုများ ပြောတယ်မှတ်လဲ။

"ဒီ သတိပဋ္ဌာန်ဒေသနာတော်က ပြောတဲ့အတိုင်း ဖောင်းတာ၊ ပိန်တာကို အစပြုပြီးတော့ ကာယ ဝေဒနာ စိတ္တ ဓမ္မ မပြတ် ရှုမှတ်ခြင်းအားဖြင့် တစ်လ၊ နှစ်လခန့်မျှ ရှုမှတ်ရုံနဲ့ ဝိပဿနာဉာဏ်အထူး မဂ်ဖိုလ်တရားထူး ရသွားတဲ့ပုဂ္ဂိုလ်တွေ တစ်သိန်းမက များလှပါပြီ"-တဲ့ ဗျာ။

အလွန် အားရစရာ ကောင်းတယ်ဗျာ။ ဒါတွေ ကျွန်တော် မျှဝေခဲ့ပါတယ်။ ကျွန်တော်တို့လည်း မဟာစည်နည်းနဲ့ အားထုတ်ခဲ့ပါတယ်။ ကျေးဇူးများပါတယ်ဗျာ။ ကျွန်တော်တို့ ပြည့်စုံအောင် အားမထုတ်နိုင်တာလည်း ပါမယ်ပေါ့လေ။

နောက် ဒီမဟာစည်ဆရာတော်ဘုရားကြီးက ၁၀-ရက် အားထုတ်ရုံနဲ့ သင်္ခါရုပေက္ခာဉာဏ် ရောက်တဲ့ပုဂ္ဂိုလ် အကြောင်းတွေ၊ တစ်ခါတည်း ရေးထားပါတယ်။ အဲသလောက်ထိ ထူးခြားပါတယ်။

သင်္ခါရုပေက္ခာဉာဏ် ရောက်တယ်ဆိုလျှင် လောကကြီးတစ်ခုလုံး balanceတွေဟာ ခင်ဗျားမေးတဲ့ အပူဒဏ်၊ အအေးဒဏ်ပြောနဲ့

www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံးကို အညီအမျှပေါ့။ ချစ်တာ၊ မုန်းတာ မရှိတော့ဘူး။ အရမ်းချမ်းသာတာပဲ။ လောကီမှာ ခံစား စံစား ချမ်းသာရသလို၊ ဒီ သင်္ခါရုပေက္ခာဉာဏ်မှာ စတုတ္ထဈာန် ချမ်းသာရသလို သင်္ခါရုပက္ခာဉာဏ်ကို ရောက်တော့ balance မှာ အကုန်လုံး ဒီ တစ်လောကလုံးပေါ်မှာ အင်မတန် ငြိမ်းချမ်းတာပဲ။ အမှတ်တွေလည်း ကြိုးစား မှတ်မနေရဘူး။ အလိုလို automatically ငြိမ်းချမ်းလိုက်တာ။

အဲဒီယောဂီတွေ အများကြီးရှိနေပြီဗျာ။ မြန်မာနိုင်ငံမှာနော်။ ဟိုဘက်ကို ဂိတ်လွန်သွားတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိနေပြီဗျာ။ တရားတွေက၊ အရှင်ကောင်း အရှင်မြတ်တွေက အဲသလို အနစ်နာခံ ကျင့်ကြံပြီးတော့ လုပ်နေချိန်မှာ၊ တစ်ဖက်က ဒုစရိုက်တွေ တစ်နေ့တခြား ထူးခြားလာတယ်ဗျာ။

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ method နဲ့နော်။ အားထုတ်တယ်ဗျာ။ နောက် ယောဂီတွေအားလုံး သိပါတယ်နော်။ ဒါတွေလည်း ကျွန်တော် ပိုပြီးတော့ ကြားဖူး ထပ်မံ ဖြစ်စေချင်လို့ပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးဥတ္တမသာရတို့နော်။ မီးသဂြိုဟ်တာ တစ်ခါတည်း video ရိုက်ထားတာလေ။ အံ့ဩစရာကောင်းလိုက်တာ။ နောက် မြန်အောင်ဆရာတော်တို့လေ။ နောက် မိုးကုတ်ဆရာတော်။ နောက် မြသီလာဆရာတော်တို့တွေ။

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက "မင်းတို့ အရိုးကနေ ဓာတ်တော်ဖြစ်အောင်လုပ်ကြကွ။" ဆရာတော်ကြီး အမိန့်ရှိတယ် မဟုတ်လားဗျ နော်။

ဒီ ကန္တနည်းတောင် မဟုတ်ပါဘူးနော်။ နည်းတိုင်းနည်းတိုင်း မှာ ရိုရိုသေသေနဲ့ သူ့ method အတိုင်း၊ သူ့စနစ်အတိုင်း၊ သူ့ရဲ့စည်းကမ်းအတိုင်း ရိုရိုသေသေအားထုတ်ရင် အားလုံး ဖြစ်ပါတယ်ဗျာ။ တရားတွေက အဲသလောက်ထွန်းပေါက်နေ တဲ့အချိန်ကျတော့ အဲဒီတော့ ကျွန်တော်တို့လည်း ဒီနည်း အတိုင်း တရားအားထုတ်နေကြပါတယ်။

ဦးတင်မိုးခက်ခင်ဗျာ။ မခက်ပါနဲ့တော့။ အင်မတန်လွယ်ကူ နေတဲ့ခေတ် ရောက်နေပါပြီ။ ကျော်ကြောင်း ကိုတင်မိုးခက် . . . အရမ်းလွယ်သဗျာ။ အရမ်းလွယ်တယ်ဗျနော်။ အရမ်း လည်း အားကျစရာ ကောင်းတယ်ဗျနော်။ ဘယ်နည်းမဆိုပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အချိန်မရတဲ့ပုဂ္ဂိုလ်များ၊ အသက်ကြီးတဲ့ပုဂ္ဂိုလ်များကတော့ ဒီကန္တီနည်းဟာ ပိုပြီးတော့ဆီလျော်တယ် ဆိုပြီးတော့ ဖားအောက်ဆရာတော်လည်း မနေ့တစ်နေ့က မှတ်ချက်ချသွားတယ်နော်။ နိုင်ငံခြားမသွားခင်က မှတ်ခ က်ချသွားပါတယ်။

ဒါလည်းပဲ ကျွန်တော်တို့ အလေးအမြတ်ခံယူပါတယ်။ အင်မတန်လည်း ဟုတ်ပါတယ်။ အဲဒီတော့ အားထုတ်ဖြစ်အောင် ပံ့ပိုးနိုင်တဲ့ပုဂ္ဂိုလ်တွေ ပေါ်ပေါက်အောင်သာ ဆောင်ရွက်ကြပါ။ ဆရာတော်ကြီးကလည်း (၈၃)နှစ်ရှိပါပြီ။ ကျွန်တော်သည် ပင်လျှင် (၇၂)နှစ်ရှိပြီ။ ဒီအချိန်လေးတွေ မလွဲစေချင်လို့ပေါ့ နော်။ အာဋ္ဌာရ ရသေ့တို့၊ ဥဒကရသေ့တို့လွဲသလို မြတ်စွာဘုရားနဲ့ လွဲသလို မလွဲရအောင်။

လွဲတယ်ဆိုတာ နည်းနည်းလေးနဲ့ လွဲသွားကြတာပဲ။ အဲသလို မလွဲရအောင် ကျွန်တော်တို့ ဒါ အသိပေးခြင်းဖြစ်ပါတယ်။ နောက် ဖြစ်နိုင်ဖို့ကတော့ အားလုံးဝိုင်းဝန်းပြီးတော့ ဆောင်ရွက်ရင် ရန်ကုန်အတွက်လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဒီနှစ် ဆောင်းနှောင်းနွေကတော့ မန္တလေးကလူတွေက ဆောင်ရွက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေတယ်လို့ ထင်ပါတယ်နော်။

အဲဒါလည်းပဲ ဝမ်းသာပါတယ်။

အဲဒီတော့ အအေးဒဏ်၊ အပူဒဏ်တွေ၊ လေဒဏ်၊ ဘာဒဏ် ဆိုတာ ဒါ ဝိပဿနာ သိပ်ကြီးကျယ်တဲ့အဆင့်တောင် မဟုတ်ပါဘူးဗျာ။ ဒီ သမထ လေးငါးရက်လောက်ရလျှင် ဒီ အအေးဒဏ် အပူဒဏ် ခံနိုင်တာပဲ။ ဟိုဘက်ဉာဏ်တွေ ရောက်သွား၊ ဘင်္ဂ ဉာဏ်လောက် ရောက်သွားတယ်ဆိုရင်ပဲ အဲဒီ ဘင်္ဂဉာဏ်ဆိုရင် ဥပမာ ဆိုပါစို့ဗျာ။ ဘင်္ဂဉာဏ်ပြော ကြပါစို့။

ဘင်္ဂဉာဏ်ဆိုရင် သူ့ရဲ့အရည်အသွေး ရှစ်ခုရှိပါတယ်။ အရည် အသွေး ရှစ်ခုက ဘာလဲ။ ဒိဋ္ဌိ ပယ်ဖျက်၊ ပြဟ္မဇာလသုတ်မှာ ဟောတဲ့ ၆၂-ပါးသော ဒိဋ္ဌိဟာ ဘင်္ဂဉာဏ် ရောက်သွားရင် အကုန်လုံး ပြုဆင်းတာပဲ။ သို့သော် ဒါ permanent တော့ မဟုတ် ဘူးနော်။ temporans သမုစ္ဆေဒ မဟုတ်ဘူး။

အဲဒီတော့ 'ဒိဋ္ဌိပယ်ဖျက်၊ ကိုယ့်အသက်ကို ငဲ့ကွက်မညှာ' အဲဒီ ဘင်္ဂဉာဏ်လောက် ရောက်သွားရင် တစ်ခါတည်း အားတက်လာ ပြီးတော့ ငါသေရင် စောစောက တစ္ဆေခြောက်မှာ ကြောက်တာတို့ သေမှာ ကြောက်တာတို့ မရှိတော့ဘူး ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်အသက်ကို ငဲ့ကွက်မညှာ၊ ဘာဝနာတက်ကြွ၊' ဘာဝနာထဲမှာ တရားအားထုတ်ရတာ စိတ်တွေ တအား တက်ကြွနေတယ်။ ဒါ ဘင်္ဂဉာဏ် ရှိသေးတယ်နော်။ အမြင့်ကြီး မဟုတ်ဘူး။ 'ဘာဝနာတက်ကြွ၊ အာဗီဝဖြောင့်၊' မဟုတ်တာ မလုပ်တော့ဘူးဗျ။ အာဗီဝဖြောင့်၊ ဒါ ဘင်္ဂဉာဏ် ရောက်တုန်းက ကျွန်တော်ရေးတာပါ။ 'အာဗီဝဖြောင့်၊ ကြောင့်ကြပယ်စွန့်၊' အမေ့အိမ်၊ သားကိစ္စ၊ သမီးကိစ္စ၊ ဘာလေးလုပ်ဦးမှ၊ ညာလေး လုပ်ဦးမှ။ ဒါလေးတော့ ရှိမှဖြစ်မှာ-လို့ ဒီလို ကြောင့်ကြ ဝိစိကိစ္စာတွေ အကုန်လုံး မရှိတော့ဘူး။ 'ကြောင့်ကြပယ်စွန့် ကြောက်ရွံ့မသိ။' မကြောက်တော့ဘူး။ 'ခန္တီအားပြည့် တရားမွေ့၏။' ဒါ-ဘင်္ဂဉာဏ်မှာ သိပ်မြင့်တဲ့ အဆင့်အတန်း မဟုတ်သေးဘူး။ နောက်နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်။ လေး၊ ငါး၊ ရှစ်ရက်အတွင်း ဒီအရည်အချင်းတွေ ပြည့်တာပါ။ အပ္ပဒဏ်၊ အအေးဒဏ် ခံနိုင်ရုံတင် မဟုတ်ဘူး နော်။ 'ဒိဋ္ဌိ ပယ်ဖျက် ၁၊ ကိုယ်အသက်ကို၊ ငဲ့ကွက်မညှာ ၂၊ ဘာဝနာတက်ကြွ ၃၊ အာဗီဝဖြောင့် ၄၊ ကြောင့်ကြပယ်စွန့် ၅၊ ကြောက်ရွံ့မသိ ၆၊ ခန္တီအားပြည့် ၇၊ တရားမွေ့၏ ၈။' သည်းခံပြီးတော့ တရားရှုမှတ် အားထုတ်နိုင်တာနော်။

www.burmeseclassic.com

www.burmeseclassic.com



ခုနက ကိုတင်မိုးခက်ပြောတဲ့ အပူ-အအေးဒဏ်တွင် မဟုတ်ဘူး။ ခန္ဓာကိုယ်က ဒဏ်တွေ၊ အပူ-အအေးဒဏ်တွေ အကုန်လုံး တိရစ္ဆာန်တွေ ဘာတွေ ဒဏ်တွေ အကုန်လုံး ခံနိုင်ရည် ရှိသွားတယ်။ လေ ဒဏ်၊ မိုးဒဏ်တွေ ခံနိုင်ရည် ရှိသွားတာ။ 'ခန္တီအားပြည့် တရားမွေ့၏။ အလေ့သူတော်၊ တရားပျော် လျက်၊'သူတော်ကောင်းတွေ နေတဲ့နေရာမျိုး နေနိုင်သွားတယ်။ ရှေးက သိပ်ပျင်းတာ၊ မသွားချင်ဘူး။ ယောင်လို့တောင် မလှည့် ဘူး။ ဘုန်းကြီးကျောင်းရောက်၊ ခဏလေးနေ ပြန်တာပဲ။ ဘုန်းကြီး ဝတ်ချရမှာစိုးလို့။ အဲဒီနေရာတွေ တရားအားထုတ် မယ်ဆိုရင် စိတ်ကူးတောင် မထည့်ဘူး။ အခု ရောက်တော့ အဲဒီနေရာတွေမှာ ပျော်တယ်ဗျာ။

'သူတော်အလေ့၊ တရားမွေ့လျက်၊ အလေ့သူတော်၊ တရား ပျော်လျက်၊ ငါးဖော်အာရုံ၊ ရွှေးကပုံလို၊ မခုံမမင်။'

ရှေ့ကတုန်းကဆို လက်ဖက်ရည်ဆိုင်မှာ ဘာမဆို၊ ဘာမဆိုနဲ့ စကားပြောရမှ။ အဲဒီပျော်တဲ့ဟာတွေက ပြောင်းပြန်ဖြစ်သွား တယ်ဗျာ။ မပျော်တော့ဘူး။ ဟို တရားအားထုတ်ရတဲ့ဟာ ပျင်းစရာကြီးပါကွာ။ ညောင်းတယ်၊ ကိုက်တယ် အညာနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတွေဆီမှာ အဲဒီလို တရားဌာန်တွေဆီ သွားရတာ ပျင်းစရာကြီးပါ ဆိုတဲ့ဟာ ပျော်စရာ ဖြစ်လာတယ်။ ဟိုတုန်းက ပျော်စရာ ဆိုတဲ့ဟာ ပျင်းစရာ ဖြစ်သွားတယ်။

**'အလေ့သူတော်၊ တရားပျော်လျက်၊ ငါးဖော်အာရုံ ရွှေကပုံလို မခုံမမင်၊ တရားခင်သည်၊ ဘဂ်ဉာဏ်ရည် ရှစ်မျိုးတည်း။'**

အဲဒီဉာဏ်လောက် ရောက်သွားရင် ဦးတင်မိုးခက်ပြောတဲ့ အရာ ၁၀-ရက်လောက်နဲ့ အဲဒီအရည်အချင်းတွေဟာ ဒါ စာဖတ်ရတာ မဟုတ်ဘူး။ အလိုလို သူ့ဟာသူ energy တွေ power တွေ တစ်ခါတည်း တက်လာတာ။ စိတ်ကူးတွေနဲ့ philosophy တွေနဲ့ လုပ်လို့ရတာ မဟုတ်ဘူး။ စာဖတ်လို့ ရတာမဟုတ်ဘူး။ လေ့ကျင့်လိုက်ရင် တစ်ခါတည်း ဒီအားတွေဟာ တစ်ခါတည်း ရလာတာ ပါဗျာ။ တရားဘာဝနာတွေဟာ။

အဲဒီတော့ 'ခန္တိ' ဆိုလို့သည်းပဲ မှတ်ထားပါ။

ခန္တိဆိုတာ အရှုံးပေးတာ မဟုတ်ဘူးနော်။ အရှုံးပေးတာလည်း ပါတော့ပါတာပေါ့။ သို့သော် ဒါ အဓိက မဟုတ်ဘူး။ လယ်တီဆရာတော်ဘုရားကြီးက မင်္ဂလသုတ်ထဲမှာ-

ခန္တီစ ॰ သုခနှင့်တွေ့သော်လည်း စိတ်မတည့်။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခနှင့်တွေ့သော်လည်း စိတ်မပျက်။

လယ်တီဆရာတော် ဘုရားကြီးအမိန့်ရှိတာ အင်မတန် ကောင်း ပါတယ်။

သူက ခန္တီဆိုတာ အန်ုးပေးတယ်လို့ ဒီလိုလူတွေက နားလည် နေကြတယ်။ အန်ုးပေးတဲ့ သဘောလေး နည်းနည်း ပါပါတယ်၊ မပါဘူး မဟုတ်ဘူး။

သုခနှင့် တွေ့သော်လည်း စိတ်မတည့်။ ဒုက္ခနှင့် တွေ့သော်လည်း စိတ်မပျက်။

ကောင်းတဲ့လောကဓံနဲ့ တွေ့လည်း စိတ်တွေ တက်ကြွမသွားဘူး။ အောက်ခြေမလွတ်ဘူး။ မကောင်းတဲ့ လောကဓံနဲ့ တွေ့လည်း တစ်ခါတည်း သူဟာ depression မဖြစ်ဘူး။ စိတ်ဓာတ်ကျတဲ့ ရောဂါ မဖြစ်ဘူး။

'သုခနှင့် တွေ့သော်လည်း စိတ်မတည့်၊ ဒုက္ခနှင့် တွေ့သော်လည်း စိတ်မပျက်ဘဲ အမျက်မထန် သည်းခံရခြင်းသည် လည်းကောင်း။ ဒါ လယ်တီဆရာတော်ဘုရားကြီး ပေးတဲ့ ခန္တီရဲ့ အနက် အဓိပ္ပာယ်ပါ ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အကောင်းလောကဓံနဲ့ တွေ့တွေ့၊ အဆိုးလောကဓံနဲ့ တွေ့တွေ့ ဒေါသမဖြစ်ပါနဲ့။ စိတ်မဆိုးပါနဲ့။ ခံနိုင်ရည်ရှိပါ။ ပန်းတိုင်သို့ ရောက်အောင် သွားပါ။ အဲဒါ ခန္တီပါပဲ။

ဘယ်မှာ အရှုံးပေးတာပါလို့လဲ။ ပန်းတိုင်ကို ရောက်အောင်သွား ရမှာပါ။ ပိုက်ဆံ၊ လာဘ်လာဘ စီးပွားရေးနဲ့ရော ကုတ်ပါးသပ် ထားလည်း မြှုမနေနဲ့။

ဆိုလိုတာက အဓိပ္ပာယ် အများကြီးနော်။ ခြောက်လည်း မကြောက်နဲ့။ မြှောက်လည်း မမြှောက်နဲ့။ ပန်းတိုင်ရောက်အောင် လျှောက်။ အဲဒါ ခန္တီ။

လယ်တီဆရာတော်ဘုရားပေးတဲ့ အနက်ပါ။ အဲဒါ ဦးတင်မိုးခက် ပြောတဲ့ ခန္တီကနေပြီးတော့ ပြောရခြင်းပါ။

အင်မတန် ပျော်စရာ ကောင်းပါတယ် မေးခွန်းတွေက။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဘယ်ရမတုန်း။

အဟုတ်မှမလုပ်ဘဲ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းလွှာ နံပါတ်(၂၀) နှင့် အဖြေ

❖ မြတ်စွာဘုရားက မြင်းသား၊ ကျွဲသား၊ ကြောင်သား ရှောင်ရမယ်ဟု ပြောဆိုဟောကြားခဲ့ဖူးပါသလား။ ဟောပြောခဲ့ပါက ဘာကြောင့်လဲဆိုတာ ရှင်းပြပေးပါခင်ဗျား။

❖ ကိုးနဝင်း မိုးလင်းမှသိမယ်ဆိုတဲ့ ဘုရားဂုဏ်တော်များကို အသုံးပြုသည့် အစီအစဉ်တစ်ခု ပေါ်ပေါက်နေပါသည်။ ၎င်း သည် ထေရဝါဒနှင့် ကိုက်ညီပါသလား ခင်ဗျား။

❖ မြတ်စွာဘုရား သစ်သီးများကပ်လှူရာ၌ ခွဲစိတ်ကပ်ခြင်းနှင့် အလုံးလိုက်ကပ်ခြင်း မည်သည်က ထေရဝါဒနှင့် ကိုက်ညီပါ သလဲခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



❖❖ အုန်းသီးကို ဒီအတိုင်း ဘယ်သူမှ ကိုက်မစားနိုင်ပါဘူးနော်။ စားစေချင်ရင် ခွဲပြီးတော့ အုန်းဆံလေးကပ်ပေါ့။

အဲဒီတော့ ကိုးနဝင်း မိုးလင်းမှသိမယ် ဆိုတာကတော့ မိုးလင်း တစ်ညလုံး တစ်ခါတည်း ပုတီးကြီးဆွဲပြီးလုပ်တော့ သွက်ချာပါဒ ဖြစ်မှာပေါ့ဗျာ။ မိုးလင်းသိမှာပေါ့။ ဒါ ပြက်ရယ်ပြုတာ မဟုတ်ပါဘူး။

အဲဒီအတွေးအခေါ်တွေဟာ အင်မတန်လည်း ဝမ်းနည်းစရာ ကောင်းပါတယ်။ ဘာမှ တန်ခိုးတွေ၊ ဣဒ္ဓိပါဒ်တွေ ဘာတွေ ဘာတွေ ရအောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လုပ်တာကိုက ထေရဝါဒ မဟုတ်ပါဘူး။ မြင့်မြတ်တဲ့စိတ်မဟုတ်ပါဘူး။

ဘယ်အလုပ်ကိုပဲ လုပ်လုပ် သံသရာက လွတ်မြောက်ဖို့ ဒီဒုက္ခက ငါ လွတ်မြောက်ဖို့၊ ဒီစားဝတ်နေရေး ဒုက္ခက ဒီခန္ဓာကိုယ် ဇာတိဆိုတာ ဒီဒုက္ခတွေက လွတ်မြောက်ဖို့ ငါ လုပ်တယ်။ သူများလည်း ငါ လွတ်သလို လွတ်အောင် ကူညီမယ်။ ဒီစိတ်နဲ့ ပဲ ကျွန်တော်တို့ လုပ်ကြရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့ဟာတွေကတော့ မျှော်လင့်ချက်တွေနဲ့ တန်ခိုးရှိန်းနိုး၊ Power ရှိန်းနိုးနဲ့ Wishes power ရှိန်းနိုးနဲ့ ဒီလို လုပ်ကြရတာပါ။ အဲသလို လုပ်ရင်လည်း ကျွန်တော်က ဟိုလိုအထိ ဖြစ်အောင် လုပ်စေချင်တယ်။

ဒီဗမာပြည်မှာ လုပ်နေတဲ့ ကိုးနဝင်း မိုးလင်းမှသိမယ်ဆိုတာ ရှိတယ်ဆိုရင်လည်း ကျွန်တော်တို့က ထောက်ခံပါတယ်နော်။ အဟုတ်လုပ်ကြပါ။ အဲသလို ယောင်တောင်တောင်တော့ မလုပ်ကြပါနဲ့။

ဟို ၁၉၉၀ ပြည့်နှစ်က အီရတ်နဲ့ကူဝိတ်မှာ စစ်ပွဲဖြစ်တယ် မဟုတ်လား။ အီရတ်နဲ့ကူဝိတ်မှာ စစ်ပွဲ ဖြစ်တဲ့အခါရောက်တော့ ရေဒါချည်း အားကိုးလို့ ရတာမဟုတ်ဘူး။ သိပ္ပံကြီး အားကိုးတာ မဟုတ်ဘူးနော်။ သူတို့တိုင်းပြည်ကနော်။ အဲဒီ ကိုးနဝင်း မိုးလင်းမှသိမယ်ဆိုတဲ့ ဆရာတွေလည်း အားကိုးတယ်။ ဟုတ်ရင်လေ။ မဟုတ်ရင်တော့ သွက်ချာပါဒ ဖြစ်မှာပဲ။

အဲဒီတော့ ဘယ်လို အားကိုးလဲဆိုတော့ အဲဒီအမေရိကားမှာ ရှိတဲ့ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်နေတဲ့ ပုဂ္ဂိုလ် အကျော်အမော် ၁၅-ယောက် ခေါ်လိုက်တယ်။ ခေါ်ပြီးတော့ ပင်တဂွန်မှာ In-

www.burmeseclassic.com

www.burmeseclassic.com



terview လုပ်တယ်။ Interview လုပ်ပြီး စိတ်တိုင်းကျ ရွေးလိုက်တယ်။ ရွေးပြီးတော့ လူငါးယောက်၊ ခြောက်ယောက်လောက်ကို 'ဟယ်လီကော်ပတာ' ပေါ်မှာ တင်တယ်။ တင်ပြီးတော့ ကူဝိတ်နိုင်ငံပေါ်မှာ ဖြတ်သန်းပြတယ်။ ခုနပြောတဲ့ မျက်နှာပုဝါ စည်းရသလိုပေါ့လေ။ အာရုံခံရတာ။

အဲဒီမှာ ပြန်ပြီးတော့ ဒီ သူတို့ စစ်ဌာနချုပ်ရောက်တော့ Report ရေးရတယ်။ ဘယ်နား ဘာတွေ့တယ်၊ ဘာတွေ့တယ်ပေါ့။

အဲဒီထဲက တစ်ယောက်တည်းပဲ ရေးတယ်။ 'မာရင်းတေလာ' တဲ့။

'မာရင်းတေလာ'ဆိုတဲ့ အမျိုးသမီးကြီးက ဒီ သမာဓိပညာရှင်က Target ၁၂-ခု အီရတ်မြေပြင်မှာ ပေးလိုက်တယ်။

သူတို့ သိပ္ပံပညာနဲ့ရှာထားတဲ့ ပင်တဂွန်က သိပ္ပံပညာနဲ့ ရှာထားတဲ့ ပစ်မှတ်နဲ့ ပိုပြီးတော့ ပြည့်စုံတယ်။ ပိုပြီးတော့ တိကျတယ်။ မာရင်းတေလာ သမာဓိပညာရှင်က ပေးတယ်။

အဲဒီပစ်မှတ်အတိုင်း ဆောင်ရွက်လို့ အဲဒီ သမာဓိပညာရှင် လောကီစိတ်ပညာရှင် ညွှန်ကြားတဲ့အတိုင်း ဆောင်ရွက်လို့ အဲဒီ အီရတ် စစ်ပွဲ ပြီးသွားတယ်။ အဲဒီဆောင်းပါးလေး ဖတ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ဆီက ဘိုးတော်တွေ အဲဒီထိအောင် တက်ကြပါနော်။ အဲဒီထိအောင် တက်နိုင်လျှင် တက်ကြပါ။ သမာဓိအလုပ်နော်။ အေး ဒါကတော့ အကုသိုလ်အလုပ်ပေါ့ဗျာ။ ကုသိုလ်အလုပ်ပေါ့။ အဲဒီသမာဓိတွေ အများကြီး အသုံးချလို့ ရပါတယ်။ ကျွန်တော်တို့ ယောဂီတွေပေါ့နော် အဲဒီသမာဓိတွေ။ အဲဒါလို ဖြင့်ရလာတဲ့ အခါရောက်တော့ သဒ္ဓါတရားတွေ ဖြစ်လိုက်ကြတာဗျာ။

အဲဒီ သဒ္ဓါတရား ရှိသွားရင် ကျွန်တော်တို့ ဘာမှ မဟောရ တော့ဘူး။ ဒီလို မဟုတ်ဘူးလား။

ကျွန်တော်တို့ ခုနကပြော သလိုလေ။ နိဗ္ဗာန်ရတဲ့နည်းက လွယ် လိုက်တာ။ ရတဲ့သူက နည်းနည်းလေး။ မရှိကြဘူး။ ဘယ်ရ မတုန်း။ အဟုတ်မှ မလေ့ဘဲ။ အဟုတ် ဘယ်လုပ်မတုန်း။ အဟုတ် လိုမှမလိုချင်ဘဲ။ အဟုတ် မလိုချင်ရအောင် အဟုတ် ကြောက်လို့လား။ အဟုတ် ကြောက်ရအောင်ကကော ဘယ်လောက် သိလို့တုန်း။ အဲလို သိအောင်ကို သဒ္ဓါတရားကို အခြေခံရတာ။ 'မင်း' ဘယ်လောက်ယုံလို့တုံး။ ဟော အဲဒီယုံတာက စတာ။

www.burmeseclassic.com

www.burmeseclassic.com



ကိ သဒ္ဓိမာ ဂ်ဟွာ ပုရိသဿ သေဒ္ဓ။

အာဥ္စာသဂြက်ီး မေးတယ်မဟုတ်လား။

"မြတ်စွာဘုရား. . ., ဣဓ၊ ဤလောကဝ၌။ ပုရိသဿ-သတ္တဝါ တစ်ယောက်ရဲ့။ ဝိတ္တံ- မရှိမဖြစ် လိုအပ်သောဥစ္စာကား။ ကိံ- အဘယ်နည်း။"

မြတ်စွာဘုရား ဖြေတယ်။

သဒ္ဓါ-ယုံကြည်ရခြင်းပေတည်း။ သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌ- ဣဓ၊ ဤလောက၌၊ ပုရိသဿ-သတ္တဝါ၏၊ ဝိတ္တံ- မရှိမဖြစ် တကယ့်ကိုလိုအပ်သော ဥစ္စာကား, အရင်းအနှီးကား, အခြေခံ ပစ္စည်းကား။ သဒ္ဓါ-ယုံကြည်ရခြင်းပင်တည်း။

ခုနက ကျွန်တော် ပြောခဲ့တဲ့ ဟိုနည်းတွေ ယုံပါလို့၊ ကျွန်တော် က ယုံပါ၊ ပိုက်ဆံတစ်သိန်း ပေးမယ်ဆို၊ ကဲ- ဘယ့်နှယ်, ယုံမ လား။ တူမတွေ။ ကဲ- နှစ်သိန်းပေးမယ် ယုံပါဆို, ရမလား။ ဟာ ညီအစ်ကိုချင်းပဲ၊ သားအဖချင်းပဲ၊ သားအမိချင်းပဲ၊ ယုံပါ, ဆိုလို့ ရမလား။ အဲဒီရောက်မှ 'သဒ္ဓါ' ဆိုတဲ့ ကြည်လင်ခြင်း၊ ယုံကြည်မှု၊ တကယ်ကြည်တဲ့ စိတ်ကလေး ဖြစ်ဖို့ဆိုတာ ခက်ခဲ တယ်ဆိုတာ အဲဒီမှာ ပေါ်တာ။

www.burmeseclassic.com

www.burmeseclassic.com

အရှင်ဘုရားတို့လို
စိတ်ဝင်စားတဲ့
ဓမ္မာစရိယအဆင့်ရှိတဲ့
ပုဂ္ဂိုလ်များကို
မျှော်လင့်ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


အဲဒီတော့ တကယ် ယုံမှုမယုံဘဲ၊ ဘယ်လိုလုပ်မတုန်း ဆိုတဲ့ဟာ အဲဒီလို အခြေခံတွေ၊ မြတ်စွာဘုရားသာသနာရဲ့ သမိုင်းဦး ဖြစ်စဉ်တွေ ဓမ္မဇာစ်အတိုင်း မျက်မြင်ကိုယ်တွေ့ ဖူးရတဲ့အခါ ရောက်တော့ သဒ္ဓါတရားတွေ ဖြစ်သဗျာ။

သဒ္ဓါဖြစ်တော့ 'သဒ္ဓါဗလ၊ ဝီရိယဗလ၊ သတိဗလ၊ သမာဓိဗလ၊ ပညာဗလ၊' သဒ္ဒိန္ဒြေဆိုတဲ့ ဒီအခြေခံ ကွန်ရက်ကလေး၊ ဒီအရင်း အနှီးကလေး၊ Capital လေး ရှိသွားပြီဆိုရင် သဒ္ဓါနော်၊ ဘယ်လောက် အရေးကြီးလဲဆိုတာ ယုံကြည်ရတယ်ဆိုတာ၊ ငါ တစ်သိန်း ပေးမယ်ကွာ။ ယုံဆိုလို့ ယုံတာမဟုတ်ဘူး။ သားအဖချင်း ယုံပါကွာ ဆိုတာလည်း ရတာမဟုတ်ဘူး။ အဲဒီ ယုံကြည်ချက်ကလေး ပေးနိုင်ပြီဆိုရင် သဒ္ဒိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ အကုန်လုံး တောက်လျှောက် တွဲလုံး ချည်းပါ Net-energy တွေပါ တစ်ခါတည်း တန်းဝင်လာတယ်။ အဲသလောက် အရေးကြီးပါတယ်။

ထေရဝါဒပေါ်မှာ အဲသလို အလေးအနက် ယုံကြည်ကြပါ။ မိုးလင်းမှသိမယ် ဆိုတဲ့ဟာမျိုး မလုပ်ကြပါနဲ့။ မိုးမလင်း ခင်ကတည်းက သိတဲ့ဟာမျိုး လုပ်ကြပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## မေးခွန်းလွှာ နံပါတ်(၂၁) နှင့် အဖြေ

ဓမ္မာစရိယ အရှင်ဝိသုဒ္ဓ၊ ညောင်ကုန်းကျောင်းတိုက်က ဖြစ် ပါတယ်။ မဖြေနိုင်ရင် မတတ်နိုင်ဘူးနော်။

❖ ထွက်သက်ဝင်သက်ကို ထွက်သက်၊ ဝင်သက်ဟု သောန သင်္ဂါလ အိမ်ခွေး၊ တောခွေးတို့သည်ပင် သိကုန်၏။ ထို့ ကြောင့် ထွက်သက်ကိုထွက်သက်ဟု ဝင်သက်ကိုဝင်သက်ဟု သိကာမတ္တသည် သတိပဋ္ဌာန်တရားကို ပွားများစေသည်ဟု မမည်သေး။ စတုဂီရိ တောင်လေးလုံးဆရာတော် မိန့်ဆို သည်ဟု ဆရာကြီး‌ရေး‌သော ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စာအုပ်၌ ဖတ်ဖူးပါသည်။ ထိုစကားအရ ထွက်သက်၊ ဝင် သက်ကိုသိကာမတ္တ သတိပဋ္ဌာန်တရား ပွားများသည်ဟု မမည်သေးဆိုလျှင် မည်သို့သိမှ ပွားများသည် မည်ပါ မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

❖❖ (သာမုပါဘုရား)၂ အဲလို အရှင်ဘုရားတို့ စာသင်သားအနေနဲ့ စာစာက ဘုန်းကြီးလေးတွေအနေနဲ့ အဲသလောက်ထိ စိတ်ဝင်စားတာ ဘုရားတပည့်တော်များ အများကြီး ကြိုဆိုပါတယ် ဘုရား။

ဘုရားတပည့်တော် တန်ဆူးလက သင်တန်းမှာ အရှင်ဘုရားတို့လို ဓမ္မာစရိယအောင်ပြီးသား ပုဂ္ဂိုလ်တွေ၊ အထူးသဖြင့် ဒီထက်တက်နိုင်သေးသည့် ဘွဲ့ရတဲ့ပုဂ္ဂိုလ်တွေ၊ ဘုရားတပည့်တော် တစ်ခါတည်း Gruated တွေ ရွေးပြီးတော့ ဘုရားတပည့်တော် သင်တန်း လုပ်ပါတယ်။ ဆောင်ရွက်ပါတယ်။

အဲဒီတော့ အရှင်ဘုရားတို့လို ပုဂ္ဂိုလ်တွေ ဘုရားတပည့်တော် မျှော်လင့်ပါတယ် ဘုရား။

ဒီဟာကတော့ အဒ္ဓကထာထဲမှာလည်းပဲ အရှင်ဘုရား ပါပြီးသား ဖြစ်တဲ့အတွက် ညောင်တုန်း အရှင်ဝိသုဒ္ဓနော်။ နေရာကျတယ် ဘုရား။ အရှင်ဘုရား ၂၅-နှစ်ပဲ ရှိသေးတယ်။ ဦးကြည်တွဲ နော်။

www.burmeseclassic.com

www.burmeseclassic.com


တပည့်တော် အရမ်းဝမ်းသာတယ် ဘုရား။ အဲလိုမေးတာနော်။ အဲဒီတော့ ဒါလည်းပဲ ဒကာကြီးရေးတဲ့ ရဟန္တာနဲ့ ပုဂ္ဂိုလ်ထူးများ စာအုပ်ထဲမှာ ဖတ်ဖူးတယ် တဲ့နော်။

ထိုစကားအရ 'ထွက်သက် ဝင်သက် သိကာမတ္တနဲ့ သတိပဋ္ဌာန် ပွားများသည် မမည်သေး။ မည်သို့သိမှ ပွားများသည် မည်သနည်း' ... အချက်ကလေးက ဒါလေးပါပဲနော်။

အဲဒီအထဲမှာလည်းပဲ တပည့်တော် ဖြေထားတာ ပါကောင်းပါပါလိမ့်မယ် ဘုရား။ ဒါ အဋ္ဌကထာထဲမှာ သောနသိင်္ဂါလ အစရှိသဖြင့် ဒီဟာတွေလည်း ရေးထားပါတယ်ဘုရား။

အဲဒီတော့ တပည့်တော်တို့ သမာဓိဖြစ်အောင် ဝီရိယနဲ့ပတ်သက်လို့ သိကာ ထမ်းပြီးတော့ ပို့ရတာပါ။ အဲဒီလိုထမ်းပို့လိုက်တဲ့အခါရောက်တော့ ပညာဆိုတဲ့နေရာ မရောက်မရှိပါဘူး ဘုရား။

ထိတာကလေးကို သိတယ်ဆိုကတည်းက ထွက်တာ၊ ဝင်တာလေးသိတာ၊ သိကာမတ္တ မဟုတ်ပါဘူး ဘုရား။ ဒါကတော့ လူတိုင်းပဲ သိနေတာ ဖြစ်တဲ့အတွက် ဒီထွက်လေ ဝင်လေပေါ်မှာ လူတွေဟာ အထင်တမျိုး ပြောကြမှာစိုးလို့ ဒါလေး သိတာ ဘာခက်တာမှတ်လို့၊ ခွေးလည်း သိတာပဲ၊ နွားလည်း သိတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com


အရပ်ပြောပြောရင် မဟုတ်ဘူးလား ဘုရား။

အဲဒီဟာကို ကာကွယ်တဲ့အနေနဲ့ အဲဒီလို ခွေးသိ၊ နွားသိ သိတာမျိုး မဟုတ်ဘူး။ ဒီက စီးစီးပိုင်ပိုင် တိတိကျကျ ဒီရုပ်ဓာတ်၊ နာမ်ဓာတ် ဒီလို ပရမတ်ထိုက်အောင် သိတဲ့ အသိ၊ သို့သော် ပထမတော့ အထဲကအသားကို စားရုံနဲ့ အခွံကို ခွာရသလို။ အုန်းသီးဆံ စားချင်ရင် အုန်းခွံ ခွာရသလို၊ ပညာလေးဖြင့်တော့ စ,ရတာပေါ့။ ထွက်တယ် ဝင်တယ်၊ ထွက်တယ် ဝင်တယ် ဒီလိုပဲ သိရတာပဲ။ နောက် (ထိတယ်၊ သိတယ်)၂ ဟော သိတဲ့အသိ ဓာတ်လေး ရောက်လာပြီ ဘုရား။

အဲလို အသိဓာတ် ရောက်တဲ့အခါ ပူတယ်၊ အေးတယ်ဆိုတဲ့ ဓာတ်ထိအောင် ရောက်လာတယ် ဘုရား။ ထိတာလည်း သိတာပဲ ဘုရား။ ထွက်တာလည်း ဘာဝနာသက်သက် မဟုတ်ဘူး။ ထိတာလေးကို သူက တစ်ကွက်ကျော်သွားပြီ။ ထွက်တယ် ဝင်တယ်တင် မဟုတ်ဘူး။ ထွက်တယ်ဝင်တယ်လည်း မှန်တာ ပါပဲ။ သို့သော် သူက အခွံကို ခွာနေတာပါ။ ထိတယ် သိတယ်ကို သွားချင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com


ထိတယ် သိတယ်ရောက်တော့ ရူပပရိဂ္ဂဟ - နာမပရိဂ္ဂဟ

အဲဒီမှာ သိသွားပြီ။ သိတယ်ဆိုတဲ့ သဘောလေး ပါသွားပြီ။

ထိတယ်ဆိုတာက ရုပ်။ သိတယ်ဆိုတာ နာမ်ပါလား။ ဟော

အဲဒီမှာ နာမရူပပရိစ္ဆေဒ ဖြစ်သွားပြီ။

အဲလိုပေါ့ဘုရား။ တဖြည်းဖြည်း ဓာတ်သား ပရမတ်သား ပေါ်

လာအောင် ပညတ်က စပြီးတော့ ရှုတဲ့နည်းဘုရား။

အဲဒီရှုနည်းကို အရှင်ဘုရားများလို စာတတ်ပေတတ် စိတ်

ဝင်စားတဲ့ လူငယ်တွေ လက်ထဲရောက်ဖို့ တပည့်တော်များ

ဆောင်ရွက်ပါတယ်။

ဆရာတော်ဘုရားကြီးများကလည်း အရှင်ဘုရားတို့လို စိတ်ပါဝင်

စားတဲ့ ဓမ္မာစရိယအဆင့်ရှိတဲ့ ပုဂ္ဂိုလ်များကို မျှော်လင့်ပါတယ်

ဘုရား။

ဘုရားတပည့်တော် တတ်နိုင်တဲ့ ဓမ္မာစရိယ တူ၊ တူမတွေ

ပြီးတော့ တပည့်တော် မြေးကိုယ်တိုင် ဓမ္မာစရိယ B.Sc ပါနော်။

ကိုယ်ကတော့ အားကိုးတာပေါ့။ ဓမ္မာစရိယ B.Sc ဆိုပြီးတော့၊

သူက ကွန်ပျူတာက ဘယ်လို၊ နိုင်ငံခြားသွားဖို့က ဘယ်လို၊

www.burmeseclassic.com

www.burmeseclassic.com


သူက အဲဒီ ဘယ်လိုတွေ ပါနေပြန်တော့ အင်း ... အဲဒီ ဘယ်လိုတွေက အတော်ခက်တယ်။

အဲဒီတော့ဘုရား လူငယ်ဘာဝ ဖြစ်တတ်ပါတယ်။

အရှင်ဘုရားတို့၊ တပည့်တော်တို့ ဒီ အသက် ၂၅-နှစ်ဆိုရင် ဒီဟာတွေ သိတောင်မသိတော့ဘူး။

အရှင်ဘုရားတို့ အဲဒီလို သိလိုစိတ်၊ သိဖော်၊ မေးဖော်၊ မေးလို စိတ်၊ မေးနိုင်တယ် ဆိုတာကို ဒကာကြီး အများကြီး ကျေးဇူး တင် ဝမ်းမြောက်စွာနဲ့ လေးလေးစားစား လျှောက်ထား ကန်တော့ ပါတယ်ဘုရား။

အားလုံး အသိမှန်ရ၍ ချမ်းသာကြပါစေ။

ဌေးလှိုင်

(ဓမ္မာစရိယဦးဌေးလှိုင်)

၁-၁၂-၂၀၀၂

www.burmeseclassic.com